# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၇)ရက် ၊ သောကြာနေ့ ၊ (15-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိစဉ်။

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့်

စာမျက်နှာ ၁၇ ကော်လံ ၂


## အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၄

၁၃ ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ရက်မှ ၁၉ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိရာ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့်ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၁၆ ရက်ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ




နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# World Youth Skills Day 2025 အထိမ်းအမှတ် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည် ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**မန္တလေး ဩဂုတ် ၁၄**

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တွင် World Youth Skills Day 2025 အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရ နည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့်အစိုးရ နည်းပညာအထက်တန်းကျောင်းများမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားနှင့် ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကိုပြောကြားပြီးနောက် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)ကျောင်းအုပ်ကြီးက ပြိုင်ပွဲနှင့် ပတ်သက်၍လည်းကောင်း၊ ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများကပြိုင်ပွဲအသီးသီးတွင် အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲခေါင်းစဉ်အလိုက် ဆုရရှိသူကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး ဆုရ Project များကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲများကိုဩဂုတ်လ ၁၁ ရက်မှ ၁၃ ရက်ထိကျင်းပခဲ့ပြီး လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ၌ ဘာသာရပ်ခြောက်ခုမှ ပြိုင်ပွဲဝင်ခေါင်းစဉ် ခြောက်မျိုးတွင် ကျောင်းသား၊ ကျောင်းသူ ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ Innovation Project ပြိုင်ပွဲတွင် နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရ နည်းပညာကောလိပ်၊ သိပ္ပံနှင့်ကျောင်းများက World Youth Skills Day 2025 အထိမ်းအမှတ်အဖြစ် ဘာသာရပ်ဆိုင်ရာ Innovation Project ရှစ်ခုနှင့် Grassroots Innovation Project ရှစ်ခု ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

ရတနာပုံ

၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက်

**အယ်ဒီတာအာဘော်**

# လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၍ ဥပဒေဘောင်အတွင်းဝင်ရောက်မှုကိုကြိုဆို

နိုင်ငံတော်အစိုးရသည် PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ကြောင့်နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှအဖွဲ့ဝင်တို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည်။ ဩဂုတ် ၁၂ ရက် သတင်းအရ တစ်နေ့တည်း ၁၀၄ ဦးထိပင် အရေအတွက်များစွာရှိလာသည်ကို တွေ့ရပေသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ကြောင့်ဖြစ်သည်။

ယခုအခါ အဆိုပါလုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ဝင်များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေဘောင်ပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်ကဖိတ်ခေါ်ထားသည်။

လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို နွေးထွေးစွာကြိုဆိုလျက်ရှိကြသကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ဆန္ဒရှိသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပို့ဝင်ရောက်လာပါက ဆက်လက်၍နွေးထွေးစွာကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဟုမ္မလင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၀၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၆၄၂၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ဇွန်လ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၀၂၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ စပါးဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊မျိုးတွေဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ငှက်ပျောသီးများအရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ငှက်ပျောသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ငှက်ပျောသီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ဟသ်ာတမြို့နယ် ဒေသဈေးကွက်တွင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငှက်ပျောသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ငှက်ပျောသီးအဖီးရေ ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ အရောင်းအဝယ်ကောင်းမွန်နေသည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ခွန်နီ၊ ရွှေငှက်ပျော စသည့် ငှက်ပျောသီး အမျိုးအစားများဖြစ်ကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေထွက်တဲ့ ငှက်ပျောသီးတွေကိုအခြားမြို့နယ်ဈေးကွက်တွေက ဝယ်ယူအားများနေပါတယ်။ လက်ရှိ ငှက်ပျောသီး အဖီးရေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဓာတုကင်းလွတ်ပြီး သန့်ရှင်းလတ်ဆတ်ပါတယ်။ အခုလို ဒေသထွက် ငှက်ပျောသီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်ပျိုးတဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ဟသ်ာတမြို့နယ် ငှက်ပျောသီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ငှက်ပျောသီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ငှက်ပျောစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ် ပေပင်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ရမည်းသင်း ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် မကျီးကုန်းကျေးရွာအုပ်စု ပေပင်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လက်စွဲစာစောင်ပါ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းအဖွဲ့ဝင် ငါးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် ပေပင်ကျေးရွာ၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့များစုဖွဲ့ကာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။ **သူသူ**

# ဣောင်တုန်းမြို့နယ် အင်းမမြစ်ရိုးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဣောင်တုန်း ဩဂုတ် ၁၄**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဣောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမကျေးရွာအုပ်စု အင်းမမြစ်ရိုးတန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဣောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် ဒုတိယဦးစီးမှူး ဒေါ်အိအိဖြူတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အိအိဖြူက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းမမြစ်ရိုးတန်း ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ၁၀၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **တေဇာလင်း**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ၁၃၅၅၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၆၀၄၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၆၅၀၊ ကနီမြို့နယ်တွင် ၃၈၇၈၃ ဧက၊ ပုလဲမြို့နယ်တွင် ၅၇၁၀၁ ဧက စုစုပေါင်း ၁၃၅၅၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း-၈ နှင့်ရေဆင်း-၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နတ်မြောင်းကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိမရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နတ်မြောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၁၄**

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ကျားပျံစပါးတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျားပျံစပါးတင်းရေ ၇၁၀၀၀ ထိရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့က နေ စပါးတွေဆန်တွေနဲ့အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က ထပ်မံပြီးတော့ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လ အတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ ကျားပျံစပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့်ကျားပျံစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပညာပြည့်ဝ နှလုံးလှလူငယ်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"ယခု ငယ်က ၊ ကြိုးလုံ့လ၍ သုတပညာ၊ နေ့တိုင်းရှာလော့၊ ပညာမကြိုက်၊ ပျင်းရိမိုက်မူ၊ နောက်လိုက်ဝန်ထမ်း၊ အလုပ်ကြမ်းတွင်၊ တွေ့လေကျင်သည်"**

(လောကနီတိပျို့၊ ၆)

**"ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး"** ဆိုတဲ့ စကားကို ကျွန်တော်တို့ကလေးဘဝကတည်းက နားယဉ်နေခဲ့ကြတာ အသက်ကြီးလာတဲ့အရွယ်ထိပါ။

လူ့လောကဓမ္မတာအရ ကလေးသူငယ်အရွယ်၊ လူငယ်အရွယ်ကနေ လူလတ်အရွယ်၊ လူလတ်အရွယ်ကနေ လူကြီးအရွယ်၊ လူငယ်၊ လူလတ်၊ လူကြီး၊ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်လို့ အရွယ်သုံးပါးနဲ့ မလွဲမသွေ ကြုံတွေ့နေကြရစမြဲပါ။

လူရွယ်လူကြီးဘဝရောက်သွားကြသူတွေထဲက ဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေကြရသူတွေကတော့ စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကြ သောကကင်းဝေးကြတဲ့ ကလေးသူငယ်လူငယ်ဘဝကို ပြန်လည်တမ်းတကြလေ့ရှိပါတယ်။ လွတ်လပ်ပျော်ပါးဆော့ကစားကြရတဲ့ ကျောင်းနေအရွယ်လူငယ်ဘဝကို ပြန်လည်ရယူလိုကြလေ့ရှိပါတယ်။

နှောင်းမှရကြလေ့ရှိတဲ့ နောင်တ "ငါ ငယ်စဉ်က မကြိုးစားခဲ့လို့ ယခုလို အောက်ကျနောက်ကျ ဆင်းရဲဒုက္ခရောက်နေရတာပါလား"လို့ သံဝေဂရနေကြလေ့ရှိပါတယ်။ ဒါကြောင့် အဓိကထားပြောချင်တာက လူငယ်မှန်သမျှ ဘဝတက်လမ်းအတွက် အစွမ်းကုန်ကြိုးစားကြစေချင်ပါတယ်။

**"အချိန်နဲ့ မိဘ အစားထိုးလို့မရ"**ဆိုတဲ့စကားဟာ အလွန်လေးနက်၊ စူးရှထက်မြက်တဲ့ လှုံ့ဆော်ချက်ပါ။ စွမ်းအင်ကိုမြှင့်တင်ပေးတဲ့လမ်းညွှန်ချက်ပါ။ ကိုယ်နဲ့မကွာ တစ်သက်တာ ကိုင်စွဲထားရမဲ့ ကိုယ်ခံလက်နက်ကောင်းပါ။ စဉ်းစားလေလေ၊ တန်ဖိုးရှိလေလေပါပဲ။

ကလေးဘဝမှာ ဆော့ကစားပျော်ပါးမယ်။ လူငယ်ဘဝမှာ ပညာရှာကြရမယ်။ လူရွယ်ဘဝမှာ ဥစ္စာရှာကြရမယ်။ လူကြီးဘဝမှာ ကုသိုလ်ဘာဝနာပွားများကြမယ်လို့ အဆိုရှိတဲ့အတိုင်း သူ့အရွယ်နဲ့သူ ဆိုင်ရာဆိုင်ရာ ဘဝပေးတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြရပါမယ်။

ဘဝပေးတာဝန်ဆိုတာက လူ့ဘဝမှာ လူတန်းစေ့ရပ်တည်ရှင်သန်နေထိုင်နိုင်ဖို့နဲ့ အိုဇာတာကောင်းပြီး ဘဝကူးကောင်းဖို့ပါ။ အနေတောင့်ဖို့၊ အနေဖြောင့်ဖို့၊ အနေတတ်ဖို့၊ အနေမြတ်ဖို့ပါ။

ပညာရှာချိန်အရွယ်မှာ ပညာရှာကြရမဲ့ လူငယ်တွေဟာ ပညာမရှာကြဘဲ ပျင်းရိထိုင်းမှိုင်း ထင်ရာစိုင်းမိုက်ရိုင်း အချိန်ဖြုန်းနေကြရင်တော့ လူရွယ်ဘဝမှာ ဥစ္စာရှာကြဖို့ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ကြရမှာ သေချာလှပါတယ်။

လူရွယ်ဘဝမှာ ဥစ္စာမရှာနိုင်ကြရင်တော့ လူကြီးဘဝမှာ ဘဝအမောတွေ စုပြုံပိတ်ဆို့နေလို့ အိုဇာတာလဲမကောင်း၊ ဘဝကူးလဲမကောင်း၊ စိတ်ထောင်းလို့ ကိုယ်ကြေလာလေ့ရှိပါတယ်။

ဒါကြောင့် အနှောင်းသေချာအောင် အစကောင်းကြဖို့လိုပါတယ်။ အစကောင်းဖို့ဆိုတာက လူငယ်ဘဝကိုအခြေခံနေပါတယ်။ အေးရိပ်ဆာယာမှာ အေးချမ်းသာယာစွာ နားခိုနိုင်ဖို့အတွက် အပူဒဏ်ကို ကြံ့ကြံ့ခံပြီး ရုန်းကန်လှုပ်ရှားကြရမြဲပါ။ တစ်ခဏ ခုက္ခခံမှ တစ်ဘဝသုခစံကြရမှာပါ။

တစ်ဘဝသုခ ခံစားချင်ရင်တော့ လူငယ်ဘဝမှာကတည်းက ရသမျှအချိန်အတွင်းမှာ ဘဝရဲ့တိုးတက်ရာတိုးတက်ကြောင်းအဖြာဖြာကို လက်လွှတ်မခံဘဲ ဇွဲ၊ ဝီရိယအပြည့်နဲ့ ကြိုးစားကြဖို့လိုပါတယ်။ အေးရိပ်မှာ နားခိုနိုင်ဖို့အတွက် အပူထဲမှာ ရဲရဲလျှောက်လှမ်းကြရပါမယ်။

အခြေအနေအချိန်အခါပေးတုန်းမှာ မကြိုးစားကြရင်တော့ **"တိလောက ဆုံးမစာ"**မှာလဲ **"ပညာ မရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ"**လို့ ဆုံးမထားလေတော့နောက်လိုက်အစေအပါးဘဝကျရောက်သွားကြပါလိမ့်မယ်။

အဲဒီအချိန်ကျမှ ငါလူငယ်ကျောင်းသားဘဝက မကြိုးစားခဲ့မိလို့ အခုတော့ထားရာနေ၊ စေရာသွား သူများရဲ့ အစေအပါး၊ သူများရဲ့နောက်လိုက်၊ အနှိမ်ခံဘဝရောက်ရပြီလို့ နောင်တရနေရုံကလွဲလို့ လူငယ်ဘဝကိုဘယ်နည်းနဲ့မှပြန်မရနိုင်တော့ပါဘူး၊ ကျောင်းပြန်တက်ပြီး စာကြိုးစားချင်လိုက်တာ။ စာသင်ခန်းထဲမှာရော၊ စာကျက်မှတ်တဲ့နေရာမှာပါ အိပ်ငိုက်ခဲ့မိတာများလေစွ။ ငယ်စဉ်ဘဝမှာ အချိန်တွေကို အလဟဿဖြုန်းပြီး ဘဝအတွက် အသုံးဝင်တဲ့အတတ်ပညာသင်တန်းတွေကို မသင်ယူခဲ့မိတာ ရင်နာစရာကောင်းလှပါဘိ။ အခုတော့ အရွယ်က လွန်သွားလေပြီ။ အချိန်နာရီတွေကို ဘယ်လိုနည်းနဲ့မှ အစားထိုးလို့မရတော့ပါလားလို့ နှမြောတသ နောင်တရနေရုံကလွဲလို့ ဘာမျှအကျိုးမရှိတော့ပါဘူး။

ကုန်ဆုံးသွားတဲ့ငွေကို အချိန်မရွေးပြန်ရှာလို့ရနိုင်ပေမဲ့ ကုန်ဆုံးသွားတဲ့အချိန်တွေကိုတော့ လုံးဝပြန်မရနိုင်တော့ပါဘူး။

အဲဒီလိုပဲ မိဘတွေ သက်ရှိထင်ရှားရှိနေကြစဉ်မှာ **"မာတာပိတု ဥပဋ္ဌာနံ"** ဆိုတဲ့ ၃၈ ဖြာမင်္ဂလာတရားတော်နဲ့အညီ မိဘတွေကို လုပ်ကျွေးပြုစုစောင့်ရှောက်နေကြဖို့လိုပါတယ်။ ဒါပေမဲ့ များသောအားဖြင့်လက်တွေ့မှာတော့ မိဘတွေကို ခြေဆုပ်လက်နယ်ပြုစုစောင့်ရှောက်ဖို့ဝေးစွ၊ ဝစီကံ၊ မနောကံတွေနဲ့ စော်ကားပြစ်မှားနေကြတဲ့အပြင် မိဘတွေကို ကိုယ်ထိလက်ရောက် စော်ကားသတ်ဖြတ်နေကြတဲ့ **"ခေတ်သစ် အဇာတသတ်"**တွေလဲရှိနေကြပါတယ်။

မိဘတွေရဲ့ သွန်သင်ညွှန်ပြ၊ ဆုံးမဩဝါဒတွေကို ဥပေက္ခာပြု လျစ်လျူရှုနေကြပြီး ငါတကောကောနေကြတဲ့ သားဆိုး၊ သမီးဆိုးတွေကလဲ ရှိနေကြပါသေးတယ်။ မိအို၊ ဖအို၊ ကျေးဇူးရှင်တွေကို စိတ်ငြိုငြင်အောင် အမျိုးမျိုးဒုက္ခပေးနေကြလေ့ရှိပါတယ်။ ဇရာအိုကြီးတွေကို စာနာထောက်ထားစိတ်ရှည်သည်းခံခြင်း မရှိကြဘဲ သောကဗျာပါရမျိုးစုံကို ပေးနေကြပါတယ်။

သားသမီးရတနာလို့ တင်စားထားကြပေမဲ့ **"ရတနာ"**မဖြစ်ဘဲ **"ရတာနာ"** တွေဖြစ်နေကြပါတယ်။ မိဘတိုင်းဟာ သားလေးမွေးဖွားလာရင် တို့အားထားရမဲ့ **"အား"**အဖြစ် အားကိုးမျှော်လင့်ကြလေ့ရှိပါတယ်။ သားကလိမ္မာရင်တော့ **"မိဘတွေအတွက် အား"** ဖြစ်ပေမဲ့ သားက ဆိုးသွမ်းမိုက်ကမ်းရမ်းကားနေရင်တော့ **"အား"** မဖြစ်ဘဲ မိဘတွေကို ဝါးမျိုဒုက္ခပေးတဲ့"ကျား" ဖြစ်သွားပါတယ်။

သမီးလေးမွေးဖွားလာရင်လဲ တို့အရိပ်ခိုရမဲ့ **"ထီး"** အဖြစ် တင်စားဂုဏ်ယူကြလေ့ရှိပါတယ်။ သမီးက လိမ္မာရင်တော့ မိဘတွေအတွက် **"ထီး"** ဖြစ်ပေမဲ့ သမီးက သမီးတစ်ကောင် နွားတစ်ထောင်ပမာ မိဘတွေရဲ့ ဂုဏ်သိက္ခာနဲ့ စည်းစိမ်ဥစ္စာတွေကို ပျက်စီးဆုံးရှုံးစေပြီး ဒုက္ခမီးတွေ မွှေးပေးနေရင်တော့ **"ထီး"**မဖြစ်ဘဲ မိဘတွေကို လောင်ကျွမ်းစေတဲ့ **"မီး"** ဖြစ်သွားပါတယ်။

ဒါကြောင့် **"ငယ်သော်ကား "သား" ကြီးသော် "အား"၊ မှတ်သား သားလိမ္မာ"၊ "ငယ်သော်ကား "သား၊ ကြီးသော် "ကျား" မှတ်သား သားမိုက်ပါ" "ငယ်သော် "သမီး" ကြီးသော် "ထီး"၊ သမီးအလိမ္မာ"၊ "ငယ်သော် "သမီး" ကြီးသော် "မီး" သမီးအမိုက်ပါ"**လို့ ပြောဆိုနေကြပါတယ်။

❖လူငယ်တွေအနေနဲ့ လူတော်ဖြစ်ကြဖို့အတွက် ပညာရေးကို ထူးချွန်အောင် ကြိုးစားကြရပါမယ်။ လူကောင်းဖြစ်ကြဖို့အတွက် ဘာသာရေးကို လေ့လာကိုင်းရှိုင်း၊ သက်ဝင်ယုံကြည်စွာနဲ့ လိုက်နာကျင့်ကြံကြရပါမယ်။ လူ့လောကကြီးထဲမှာ လူတော်တွေရှိနေရုံမျှနဲ့ မပြည့်စုံသေးပါဘူး။ လူကောင်းတွေလဲရှိနေဖို့လိုပါတယ်။ လူကတော်ပြီး ကိုယ်ကျင့်တရားချွတ်ချော်နေရင် ပတ်ဝန်းကျင်ကိုထိခိုက်စေပါတယ်။ လူကောင်းတွေရှိနေရုံမျှနဲ့လဲ နိုင်ငံနဲ့လူမျိုးတိုးတက်မှုမှာ လစ်ဟာနေမှာပါ။ လူတော်လဲဖြစ်၊ လူကောင်းလဲဖြစ်ကြရင်တော့ အဘက်ဘက်မှာ တိုးတက်လာမှာသေချာပါတယ်။ ❖

**"မိဘတွေဟာ သက်ရှိဘုရားတွေပါ"** အနန္တော အနန္တငါးပါးဂိုဏ်းဝင်ကျေးဇူးရှင်ကြီးတွေပါ။ မိဘတွေ သက်ရှိထင်ရှားရှိနေကြစဉ်မှာ ဥပေက္ခာပြုထားခဲ့ကြပြီးမှ မိဘတွေကွယ်လွန်သွားကြတဲ့အခါမှာ ပူဆွေးသောကဖြစ်ကြပါတယ်။ အလောင်းကိုဖက်ပြီး ငိုကြွေးကြသူတွေ၊ မိဘတွေ ရောက်လေရာဘဝကနေ သားတို့၊ သမီးတို့ရဲ့ ကောင်းမှုကုသိုလ်အစုစုကို သာဓုခေါ်နိုင်ကြပါစေလို့ ကြွေးဝါကြေညာနေကြသူတွေ၊ ခလုတ်ထိမှ အမိတ၊ အဖတနေကြသူတွေ၊ မိဘကျေးဇူးအထူးထူးကို ကိုယ်တွေ့ကြုံမှ နောင်တရနေကြသူအားလုံးဟာ မိဘအစားဘယ်တော့မှ ပြန်မရနိုင်တော့ပါဘူး။

ဒါကြောင့် **"အချိန်နဲ့မိဘ အစားထိုးလို့မရ"**ဆိုတဲ့ ဂုဏ်မြောက် ထိရောက်လွန်းလှတဲ့ဆိုစကားကို လူငယ်တိုင်း အလေးထား လိုက်နာကျင့်ကြံကြဖို့ လိုအပ်လှပါတယ်။

ဒီတော့ကာ ဒီနေ့လူငယ်တွေအနေနဲ့ လက်ရှိအချိန်ကို ရေရှည်အကျိုးအတွက် မျှော်ကိုးပြီး တန်ဖိုးရှိရှိအသုံးချဖို့လိုသလို ကျေးဇူးရှင်မိအို၊ ဖအိုကြီးတွေကိုလဲ အသက်ရှင်နေသမျှ ကာလပတ်လုံး ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး၊ ယုယုယယနဲ့ ကျွေးမွေးပြုစုစောင့်ရှောက် ကျေးဇူးတုံ့ပြန်နေအပ်လှပါတယ်။

ဒါ့ပြင် ဒီနေ့လူငယ်တွေရဲ့ လက်ရှိအဓိကတာဝန်ကတော့ ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်ကြိုးပမ်းကြဖို့ပဲဖြစ်ပါတယ်။ အနိမ့်ဆုံးအဆင့် ၁၀ တန်းအောင်မြင်သင့်ပါတယ်။ ၁၀ တန်းတောင်မြင်ပါက ဘွဲ့ရ၊ ဘွဲ့လွန်အဆင့်သာမကဘဲ အခြားအသက်မွေးဝမ်းကျောင်းပညာရပ်တွေနဲ့ မိမိအတွက် အကျိုးသက်ရောက်မှုရှိစေမဲ့ နည်းပညာတွေကိုလဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေအပ်လှပါတယ်။

ဒီနေရာမှာ အချိန်အတိုင်းအတာပမာဏအပေါ်မူတည်ပြီး ကြီးမားလှတဲ့ တန်ဖိုးအကျိုးအမြတ်ရှိပုံကို**"ဆရာတက်တိုး"** ရေးသားတဲ့ **"နှစ်ဆယ့်တစ်ရာစု သားရွှေဥ"** ဘာသာပြန်စာအုပ်ထဲမှာ–

"တစ်မီလီမီတာစက္ကန့်ရဲ့တန်ဖိုးကိုသိချင်ရင် အိုလံပစ်ငွေတံဆိပ်ဆုရ တာတိုအပြေးသမားကိုမေးပါ"

"တစ်မိနစ်ရဲ့တန်ဖိုးကိုသိချင်ရင် ယာဉ်တိုက်မှုနဲ့ သီသီလေးလွတ်သွားတဲ့ ယာဉ်မောင်းကိုမေးပါ"

"တစ်နာရီရဲ့တန်ဖိုးကိုသိချင်ရင် ဆုံစည်းခွင့်စောင့်နေကြရတဲ့ ချစ်သူတွေကိုမေးပါ"

"နေ့တစ်နေ့(တစ်ရက်)ရဲ့တန်ဖိုးကိုသိချင်ရင် မှီခိုသူမိသားစုများတဲ့အိမ်ထောင်ဦးစီး နေ့စားလုပ်သားကြီးကို မေးပါ"

"ရက်သတ္တပတ်(တစ်ပတ်)ရဲ့ တန်ဖိုးကိုသိချင်ရင် အပတ်စဉ်ထုတ် ဂျာနယ်အယ်ဒီတာကို မေးပါ"

"လတစ်လရဲ့တန်ဖိုးကိုသိချင်ရင် လမစေ့ဘဲ ရင်သွေးလေးကို မွေးဖွားတဲ့မိခင်ကိုမေးပါ"လို့ ဖော်ပြထားပါတယ်။

အဲဒါကိုထပ်ပြီး ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးခင်မောင်ရီက–

"နှစ်တစ်နှစ်ရဲ့တန်ဖိုးကိုသိချင်ရင် စာမေးပွဲကျတဲ့ ကျောင်းသား၊ ကျောင်းသူကိုမေးပါ"လို့ ဖြည့်ပေးထားပါတယ်။

တစ်နှစ်တာကာလပတ်လုံး ကျောင်းနေဖက်ငယ်သူငယ်ချင်းတွေနဲ့ ပြုံးပျော်ရွှင်မြူး ကြည်နူးစွာ ပညာသင်ကြားခဲ့ကြရပေမဲ့ စာမေးပွဲကျပြီး ကျန်ခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူတိုင်းဟာ ကုန်ဆုံးသွားတဲ့နှစ်တစ်နှစ်ရဲ့တန်ဖိုးကို နှမြောတသ ယူကျုံးမရခံစားနေကြရလေ့ရှိပါတယ်။

**"စစ်ရောက်မှ မြားချွန်၊ မိုးလွန်မှ ထွန်ချ၊ စာမေးပွဲကျမှ နောင်တရနေကြပြီး အချိန်တွေကို နှမြောတမ်းတနေလို့ကတော့"** အဲဒီအချိန်တွေကို လုံးဝပြန်မရနိုင်တော့ပါဘူး။

လူငယ်တွေအနေနဲ့ လူတော်ဖြစ်ကြဖို့အတွက် ပညာရေးကိုထူးချွန်အောင် ကြိုးစားကြရပါမယ်။ လူကောင်းဖြစ်ကြဖို့အတွက် ဘာသာရေးကို လေ့လာကိုင်းရှိုင်း၊ သက်ဝင်ယုံကြည်စွာနဲ့ လိုက်နာကျင့်ကြံကြရပါမယ်။

လူ့လောကကြီးထဲမှာ လူတော်တွေရှိနေရုံမျှနဲ့ မပြည့်စုံသေးပါဘူး။ လူကောင်းတွေလဲရှိနေဖို့လိုပါတယ်။ လူကတော်ပြီး ကိုယ်ကျင့်တရားချွတ်ချော်နေရင် ပတ်ဝန်းကျင်ကိုထိခိုက်စေပါတယ်။ လူကောင်းတွေရှိနေရုံမျှနဲ့လဲ နိုင်ငံနဲ့လူမျိုးတိုးတက်မှုမှာ လစ်ဟာနေမှာပါ။ လူတော်လဲဖြစ်၊ လူကောင်းလဲဖြစ်ကြရင်တော့ အဘက်ဘက်မှာတိုးတက်လာမှာသေချာပါတယ်။

ယနေ့ခေတ်ကာလက ဟိုးယခင်ခေတ်ကာလတုန်းကလို နေရာတိုင်းမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ မရှိကြတဲ့အတွက် ဘာသာရေးဘက်မှာ အားနည်းချက်တွေရှိနေကြပါတယ်။ ဘာသာရေးသာမက ပြည်သူ့နီတိကျင့်ဝတ်တွေကိုပါ တတ်သိနားလည်မှုမရှိကြလို့ ဒီနေ့လူငယ်မောင်မယ်တချို့ဟာ အပြောအဆို၊ အနေအထိုင်၊ အပြုအမူ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေမှာ မြန်မာလူမျိုးတွေမှ ဟုတ်ပါလေစရယ်လို့ မေးရမလို ရိုင်းစိုင်းနေကြပါတယ်။ မြန်မာ့ယဉ်ကျေးမှုဆိုတာကို နားမလည်ကြတာလား တမင်စတန့်ထွင်ပြီး မလိုက်နာကြတာလား။ စဉ်းစားတွေးခေါ် ရေရှည်အကျိုးကိုမျှော်ပြီး ဝိုင်းဝန်းပြုပြင်ပေးကြစေချင်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုပျက်ပြားလာရင် ကိုယ့်ကျင့်တရားပါ ပျက်ပြားလာနိုင်ပါတယ်။ ကိုယ်ကျင့်တရားပျက်ပြားလာရင် စာရိတ္တကိုပါ ထိခိုက်လာပါတယ်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင် သီးနှံစုံ ၄၈၃၆ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံစုံကို အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ စားဖိုဆောင်သီးနှံစုံ ၄၈၈၆ ဧကထိ လျာထားစိုက်ပျိုးပါ့မယ်။ လက်ရှိ ၄၈၃၆ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့စားဖိုဆောင်သီးနှံစုံတွေမှာလဲ ပိုးမွှားကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲ မသုံးစွဲဖို့နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးသီ၌ စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်း၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို စိုက်ပျိုးနေကြောင်း သိရသည်။

စားဖိုဆောင်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လူယုတ်နဲ့လူကောင်း

- ယုတ်စိတ်နဲ့ဝန်တို
  မနာလို လူ့ညစ်၊
  ရုပ်သန့်ကာ အလှစုံပေါင်းလည်း
  လူကောင်းမဖြစ်။

- ပြေပြစ်အဆင်း သူ့ကိုပင်
  တွေ့မြင်သူ စိတ်ပိုးထ၊
  နှုတ်ချိုသံ နားစည်မှီးတော့
  အထင်ကြီးကြ။

- စံပြုထိုက် အတွင်းစိတ်နေ
  မူတည်ပေ လူ့တန်ဖိုး၊
  လူကောင်းမှသည် လူတော်လေး
  အသွေးကိုပျိုး။

- မုဒိတာပီတိဖြိုး
  နှိုးဆော်စိတ်က ပေးကမ်းလို၊
  ဖြောင့်မတ်မှန် ရိုးသားမှုနဲ့
  တည်စု တွဲခို၊
  ထွေးအန်ထား ဒေါသပျို
  ကြောင်းကျိုးကို ချင့်ချိန်တတ်၊
  အနှစ်စီကာ
  အရှိမည် လုစ်ဖြာခွေ့အကြောင်းနဲ့၊
  ကတိတည် သစ္စာရည်လောင်းတဲ့
  (သည်လူမျိုးကို...)
  လူကောင်းလို့မှတ်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

➤ စာမျက်နှာ ၄ မှအဆက်

**"ပညာမတတ်ရင် ကိုယ်တစ်ပိုင်းပဲသေတယ်။ စာရိတ္တပျက်ရင်တော့ တစ်ကိုယ်လုံး သေသွားတယ်"**လို့ အဆိုရှိပါတယ်။ တစ်ကိုယ်လုံး သေသွားရင်တော့ လူဖြစ်ရှုံးပြီး သုံးစားလို့မရတဲ့ ဒုက္ခိတဘဝရောက်သွားပါတော့တယ်။

**"ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း' 'ယဉ်ကျေးလိမ္မာသင်တန်း"**တွေကို ဖွင့်လှစ်နေကြပြီး ၃၈ ဖြာ မင်္ဂလာတရားတော်ကို သင်ကြားပို့ချပေးနေကြတာဟာ တိုးတက်ရာတိုးတက်ကြောင်း မင်္ဂလာလှုပ်ရှားကြိုးစားမှုတွေမို့ အားပေးဂုဏ်ယူဖွယ်ကောင်းလှပါတယ်။ အဲဒီလိုသင်တန်းမျိုးတွေကို နေရာဒေသအနှံ့အပြားမှာ ဆင့်ပွားဖွင့်လှစ်ပို့ချပေးကြဖို့ လိုအပ်လှပါတယ်။ အခုလို လူငယ်ရေးရာပညာပေးဟောပြောပွဲတွေ၊ ဗလငါးတန်နဲ့ပြည့်စုံပြီး စာရိတ္တကောင်းမွန်ရေး အသိပညာပေးဟောပြောပွဲတွေ၊ ပြည်သူ့နီတိကျင့်ဝတ်နဲ့အညီ ပြုမူကျင့်ကြံနေထိုင်ရေးဟောပြောလှုပ်ရှားမှုတွေ၊ စာဖတ်ဝိုင်းတွေ၊ စကားဝိုင်းတွေ ကျင်းပနေကြတာဟာ လူငယ်ထုကို ပြုစုပျိုးထောင်ပေးတဲ့ လုပ်ငန်းစဉ်တွေဖြစ်သို့ စဉ်ဆက်မပြတ် လှုပ်ရှားနေသင့်ပါတယ်။

ကလေးသူငယ်အရွယ်မှစပြီး ၃၈ ဖြာမင်္ဂလာတရားတော်ကို တတ်သိနားလည်သွားကြမယ်ဆိုရင် လူငယ်ဘဝမှာ ဆောင်ဖွယ်၊ ရှောင်ဖွယ်တွေကို လက်တွေ့ကျင့်သုံးလာကြမှာပါ။ လူချင်းတူပါလျက် ညစ်ပတ်စုတ်ပွဲတဲ့ အောက်ခြေမှာနေရပြီး အပုပ်အစပ်ကိုကြိုက်တဲ့ ယင်ကောင်ဘဝမျိုးနဲ့ ပင်မြင့်မှာနေပြီး အချိုကိုသာ မှီဝဲသုံးဆောင်တဲ့ ပျားလိုဘဝမျိုးကို ခွဲခြားနားလည်သွားကြတာနဲ့အမျှ တိုးတက်မှုလမ်းစတွေ ပေါ်ထွက်လာမှာပါ။ ပလတ်စတစ်ချင်းတူပေမဲ့ ဘုရားဆွမ်းတော်ခွက်၊ သောက်တော်ရေခွက်၊ ထမင်းဟင်းပန်းကန်ဖြစ်ရတာနဲ့ လူ့အညစ်အကြေးစွန့်ပစ်ရာထွေးခံ၊ သေးအိုး၊ ချေးအိုးဖြစ်ရကာ ဘယ်လောက်ကွာခြားလွန်းတယ်ဆိုတာကို သိရှိသဘောပေါက်သွားကြရင် ဘဝတက်လမ်းတွေ ပွင့်သွားကြမှာပါ။

ဒီနေရာမှာ ဆရာကြီးပီမိုးနင်းရဲ့ လမ်းညွှန်ဩဝါဒကို ရှင်းပြလိုပါတယ်။ ဆရာကြီးက **"လူကို စိတ်ကအုပ်ချုပ်တယ်။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်တယ်။ ဉာဏ်ပညာကို ဗဟုသုတကရတယ်။ ဗဟုသုတကို စာအုပ်စာပေတွေထဲကရနိုင်တယ်။ ဒါကြောင့် စာများများဖတ်ကြပါလို့"** လို့ ဆုံးမခဲ့ပါတယ်။

**"စာအုပ်စာပေ လူ့မိတ်ဆွေ"**ဆိုတဲ့အတိုင်း စာအုပ်စာပေတွေဟာ ကိုယ်နဲ့မကွာရှိနေကြသလို ကိုယ့်အပေါ်မှာ ဘယ်တော့မှသစ္စာမဖောက်ဘဲ အကျိုးပေးသစ္စာရှိနေကြလို့ ထာဝရမိတ်ဆွေ၊ ထာဝရအကျိုးစီးပွားအဖြစ် ခံယူထားကြစေချင်ပါတယ်။ **'အလိမ္မာစာမှာရှိ'** ဆိုတဲ့စကားရှိတယ်မဟုတ်ပါလား။ စာဖတ်တာကို ဟန့်တားနေကြတဲ့ ဖုန်းအထွေထွေကို လိုအပ်မှအသုံးပြုကြစေချင်ပါတယ်။ အကျိုးရှိတာကိုပဲ အသုံးပြုကြစေချင်ပါတယ်။

လူငယ်တွေအနေနဲ့ ဘွဲ့၊ ဒီပလိုမာတွေ ရနေကြရုံမျှနဲ့ ပညာပြည့်စုံတာမဟုတ်ပါဘူး။ အိုင်တီခေတ်၊ ပညာခေတ်ကြီးထဲမှာ သင်ယူစရာပညာရပ်တွေ၊ အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုနိုင်တဲ့လုပ်ငန်းကျွမ်းကျင်မှုနည်းပညာရပ်တွေ တတ်ကျွမ်းထားသင့်တာမှန်သမျှ လုပ်ငန်းခွင်တွေထဲ ရောက်သွားကြတဲ့ထိ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြဖို့ လိုအပ်လှပါတယ်။

**'ပညာစုံမှသက်လုံကောင်းမယ်'**ဆိုတဲ့အသိ ကိုယ်စီရှိထားစေချင်တယ်။

**'ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏'**လို့ 'မဃဒေဝလင်္ကာ၊' မှာဆိုဆုံးမထားသလို ပညာစုံလို့ သက်လုံကောင်းနေကြရင် နေရာတိုင်းမှာ ဂုဏ်ဝင့်တင့်တယ်စေပါတယ်။ မျက်နှာပန်းပွင့် ဂုဏ်မြင့်ဝင့်ထည်နေစေပါတယ်။

ရေသာခို အိပ်ငိုက်၊ အပျော်လမ်းကိုသာ အရချောင်လိုက်နေကြရင်တော့ မှောင်မိုက်တဲ့ဘဝခရီးကြမ်းမှာ စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းရန်းကန်ရင်း လုံးပါးပါးကာ မရှုမလှကျဆုံးသွားပါလိမ့်မယ်။

အနှစ်ချုပ်ကို ရွေးထုတ်ပြီးပြောကြားချင်တာကတော့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ မိမိတို့လက်ဝယ်ပိုင်ဆိုင်ထားကြတဲ့အချိန်တွေကို အကျိုးရှိရှိ တန်ဖိုးထားပြီး အသုံးပြုကြမယ်ဆိုရင်–

၁။ ရနိုင်သမျှအတတ်ပညာမျိုးစုံကို စာတွေ့ရော၊ လက်တွေ့ပါ ရှာကြံကြိုးစား ဖြည့်ဆည်းနေကြပါ။

၂။ လူတော်ဖြစ်အောင် ပညာရေးကို ခွဲ၊ ဝီရိယအပြည့်နဲ့ ကြိုးစားပြီး လူကောင်းဖြစ်အောင် ဘာသာရေးနဲ့ ပြည်သူ့နီတိကျင့်ဝတ်တွေကို လေ့လာသင်ယူလိုက်နာကျင့်သုံးကြပါ။

၃။ ဗဟုသုတပြည့်စုံကြွယ်ဝအောင် စာများများဖတ်ကြပါ။ မှတ်ကြပါ။ ကိုယ့်အပေါ်မှာ ဘယ်တော့မှသစ္စာမဖောက်ဘဲ ကိုယ်နဲ့အမြဲတမ်းထိတွေ့နေနိုင်တဲ့ စာအုပ်စာပေ လူ့မိတ်ဆွေကို ထာဝရမိတ်ဆွေ၊ ထာဝရအကျိုးစီးပွားအဖြစ် ခံယူထားကြပါ။

၄။ လူမိတ်ဆွေ၊ အပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းကြပါ။

၅။ အကြားအမြင် ဗဟုသုတပြည့်စုံကြွယ်ဝသူများထံ ဆည်းကပ်ပြီး နည်းနာခံယူကြပါ။

၆။ ပျင်းရိတွေဝေ၊ စိတ်လေထွေပြား၊ လောင်းကစားမက်၊ ပွဲလမ်းဖက်ပြီး သောက်စားပျော်ပါးမှု လွန်ကဲတာတွေကို ရှောင်ကြဉ်ကြပါ။

၇။ **"သောကကိုရှောင်၊ ဝအောင်မစား၊ လှုပ်ရှားကိုယ်လက် ဤသုံးချက် အသက်ရှည်ကြောင်းတည်း'**လို့ ဆိုဆုံးမထားသလို ကျန်းမာရေးနဲ့လိုက်လျောညီထွေ စားသောက်ပြုမူနေထိုင်နိုင်ကြပါစေ။

၈။ မိဘဆရာသခင်တွေနဲ့ ကိုယ့်ကိုကျေးဇူးပြုဖူးသူတွေကို မပြစ်မှားမိကြပါနဲ့။

၉။ အမျိုးရဲ့ဂုဏ်၊ ဇာတိဂုဏ်ကို ထာဝစဉ်မြှင့်တင်နိုင်ကြပါစေ။

၁၀။ လမ်းညွှန်ဆုံးမဩဝါဒအားလုံးရဲ့ အခေါင်အချုပ်၊ အဓိပတိအလုပ်ဖြစ်တဲ့ ၃၈ ဖြာ မင်္ဂလာတရားတော်နဲ့အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြပါလို့သာ ဆန္ဒမွန်ပြုလိုက်ပါတယ်။

**"ပညာချို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ ခဏမကြာ၊ ရွေ့လျောရာ၏၊ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ ခမြဲဝပ်လျက်"** (သားရွှေကြိုဆုံးမစာ)လို့ ဆိုဆုံးမထားသလို ပညာပြည့်ဝ နှလုံးလှကြပါစေ။

# နိုင်ငံတကာ သတင်းများ

## ဒုံးကျည်တပ်ဖွဲ့သစ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ် ပြောကြား

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၄**

သမားရိုးကျပဋိပက္ခများအတွင်း ဒုံးကျည်တိုက်ခိုက်မှုများကို တာဝန်ယူမည့် ဒုံးကျည်တပ်ဖွဲ့သစ်ဖွဲ့စည်းမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က ဩဂုတ် ၁၃ ရက်တွင် ကြေညာခဲ့သည်။

အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ယခုနှစ်မေလအတွင်း ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်ကြည်းတပ်ဒုံးကျည်တပ်ဖွဲ့အမည်ရှိတပ်ဖွဲ့သစ်ဖွဲ့စည်းရန်ပါကစ္စတန်နိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်ကြည်းတပ်ဒုံးကျည်တပ်ဖွဲ့သည် ကိုယ်ပိုင်ကွပ်ကဲမှုဌာနချုပ်ထားရှိ၍ သမားရိုးကျပဋိပက္ခများအတွင်း ဒုံးကျည်တိုက်ခိုက် ဖြန့်ကြက်မှုများကို တာဝန်ယူရမည်ဖြစ်သည်။

အဆိုပါ ဒုံးကျည်တပ်ဖွဲ့သစ်ကြောင့် ပါကစ္စတန်ကြည်းတပ်၏ တိုက်ပွဲဝင် စွမ်းဆောင်ရည်မြင့်တက်လာမည် ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှရစ်ဖ်၏ ကြေညာချက်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသောကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကိုအကြောင်းပြု၍ ယခုနှစ်မေလအတွင်း လေးရက်ကြာ ပဋိပက္ခများဖြစ်ပွားခဲ့သည်။

မေ ၇ ရက်တွင်စတင်၍ မေ ၁၀ ရက်တွင်ပြီးဆုံးခဲ့သည့် အဆိုပါ ပဋိပက္ခများအတွင်း ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ဒုံးကျည်များ၊ တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များသုံး၍ အပြန်အလှန်တိုက်ခိုက်ခဲ့ကြကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## နယ်သာလန်နိုင်ငံ၌ မီးပုံးပျံပျက်ကျမှုဖြစ်ပွား လူတစ်ဦးသေဆုံး၍ ငါးဦး ဒဏ်ရာရရှိ

**အမ်စတာဒမ် ဩဂုတ် ၁၄**

နယ်သာလန်နိုင်ငံမြောက်ပိုင်း ဖရိုင်းစလန်းပြည်နယ်၌ ဩဂုတ် ၁၃ ရက်က အပျော်စီးမီးပုံးပျံတစ်လုံးပျက်ကျခဲ့ရာ တစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ခရီးသည် ၃၄ ဦး သယ်ဆောင်ထားသည့် အဆိုပါမီးပုံးပျံသည် ဖရိုင်းစလန်းပြည်နယ် မြက်ခင်းပြင်တစ်ခုပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါမီးပုံးပျံသည် ပျံသန်းနေစဉ်မှာပင် လျင်မြန်စွာထိုးကျခဲ့ပြီး မြေပြင်ပေါ်သို့ ကျရောက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မီးပုံးပျံပျက်ကျမှုနောက်ခံအကြောင်းရင်းကို ဖရိုင်းစလန်းပြည်နယ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

နယ်သာလန်ပြည်တွင်းမီဒီယာများ၏အဆိုအရ ရုတ်တရက်လေပြင်းရိုက်ခတ်မှုကြောင့် အဆိုပါ မီးပုံးပျံ ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

မီးပုံးပျံနှင့် မြေပြင်ရိုက်ခတ်မိချိန်တွင် လိုက်ပါလာသူခရီးသည်များအနက် ငါးဦးမှာ မီးပုံးပျံပုခက်ထဲမှလွတ်ထွက်၍ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## သမ္မတဒေါ်နယ်ထရမ့်နှင့် သမ္မတပူတင်တို့ ဆွေးနွေးပွဲကို အလက်စကာပြည်နယ် စစ်စခန်းတစ်ခု၌ ကျင်းပမည်



**နယူးယောက် ဩဂုတ် ၁၄**

သမ္မတဒေါ်နယ်ထရမ့်နှင့်သမ္မတပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲကို အလက်စကာပြည်နယ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခု၌ ကျင်းပရန် စီစဉ်ထားကြောင်း အမေရိကန်မီဒီယာများက ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတဒေါ်နယ်ထရမ့်နှင့်သမ္မတပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်စစ်စခန်းမှာ အယ်လ်မင်ဒေါ့ဖ်- ရစ်ချက်ဆန်အမည်ရှိ စစ်စခန်းဖြစ်ကြောင်း သိရသည်။

အယ်လ်မင်ဒေါ့ဖ်-ရစ်ချက်ဆန် စစ်စခန်းသည် စစ်အေးတိုက်ပွဲကာလအတွင်း ဆိုဗီယက်ပြည်ထောင်စုကို စစ်ရေးအရ တုံ့ပြန်ရာတွင် အရေးပါသော စစ်စခန်းတစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။

လက်ရှိ အချိန်တွင်လည်း အယ်လ်မင်ဒေါ့ဖ်- ရစ်ချက်ဆန် စစ်စခန်း၌ အက်ဖ် ၂၂ တိုက်လေယာဉ်များအပါအဝင် အမေရိကန်လေတပ်၏ စစ်လေယာဉ်အုပ်စုများတပ်စွဲထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ပူတင်တို့သည် သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ဩဂုတ် ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲကို အယ်လ်မင်ဒေါ့ဖ် - ရစ်ချက်ဆန် စစ်စခန်း၌ ကျင်းပခြင်းဖြင့် လုံခြုံရေးအရစိတ်ချရပြီး ဆန္ဒပြပွဲများ၏ နှောင့်ယှက်မှုကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အကျဉ်းထောင်သစ်တည်ဆောက်ရန် ကော်စတာရီကာနိုင်ငံစီစဉ်

**စန်ဟိုဆေး ဩဂုတ် ၁၄**



ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုများ နှိမ်နင်းရေးအစီအစဉ်အရ ကော်စတာရီကာနိုင်ငံသည် ယခုနှစ်အတွင်း အကျဉ်းထောင်တစ်ခု တည်ဆောက်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အကျဉ်းထောင်ကို အယ်လ်ဆာဗေဒိုးနိုင်ငံက တည်ဆောက်ထားသည့် လုံခြုံရေးအဆင့်မြင့်အကျဉ်းထောင်သစ်ကို နမူနာယူ တည်ဆောက်မည်ဖြစ်ကြောင်း ကော်စတာရီကာပြည်ထဲရေးဝန်ကြီး ဂျရယ်ကမ်းပေ့ါစ်က ပြောကြားထားသည်။

ကော်စတာရီကာပြည်တွင်းရှိ အကျဉ်းထောင်များ အနေဖြင့် အကျဉ်းသားဦးရေကို သတ်မှတ်ချက်ထက် ၃၀ ရာခိုင်နှုန်း ကျော်လွန်၍ လက်ခံထားရသည်ဖြစ်ရာ မိမိတို့အနေဖြင့် အကျဉ်းထောင်သစ်တစ်ခုလိုအပ်ကြောင်း ဝန်ကြီး ဂျရယ်ကမ်းပေ့ါစ်က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း စတင်တည်ဆောက်မည့် အကျဉ်းထောင်သစ်သည် အကျဉ်းသားဦးရေ ၅၁၀၀ထိ လက်ခံထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း ကော်စတာရီကာပြည်ထဲရေးဝန်ကြီး၏အဆိုအရ သိရသည်။

ကော်စတာရီကာ နိုင်ငံသည် ဗဟိုအာမေရိကဒေသ၌ ဘေးကင်းလုံခြုံမှုအရှိဆုံး နိုင်ငံများထဲတွင် ပါဝင်သည်။

သို့ရာတွင် ကော်စတာရီကာနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ရာဇဝတ်ဂိုဏ်းအကြမ်းဖက်မှုများနှင့်ဆက်စပ်နေသည့် လူသတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေအတွင်း ဖိလစ်ပိုင်လေယာဉ်ကို တရုတ်တိုက်လေယာဉ်ကြားဖြတ်ဟန့်တား

**မနီလာ ဩဂုတ် ၁၄**

တောင်တရုတ်ပင်လယ်ဒေသ စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေအထက် ဝေဟင်၌ ကင်းလှည့် ပျံသန်းနေသော ဖိလစ်ပိုင် လေယာဉ်တစ်စင်းကို တရုတ် ဂျက်တိုက်လေယာဉ်တစ်စင်းက ဩဂုတ် ၁၃ ရက်တွင် ကြားဖြတ်ဟန့်တား ခဲ့ကြောင်း သိရသည်။

အဆိုပါ တရုတ်တိုက်လေယာဉ်သည် ဖိလစ်ပိုင်နိုင်ငံ၏ ဆက်စနာကာရာဗင်အမျိုးအစား လေယာဉ်ငယ်ကို ပေ ၂၀၀ ခန့်အကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

စကားဘိုရိုရေမြုပ်သဲသောင်ဒေသသည် တရုတ်နှင့် ဖိလစ်ပိုင်တို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်ရေပြင်ဒေသဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေ၌ ဖိလစ်ပိုင်ရေယာဉ်တစ်စီးကို ဟန့်တားနေစဉ် တရုတ်သင်္ဘောနှစ်စီး အချင်းချင်းဝင်တိုက်မိခဲ့သည်။

စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေသည် ဖိလစ်ပိုင်ကမ်းရိုးတန်းနှင့် ကီလိုမီတာ ၂၀၀ အကွာတွင်တည်ရှိပြီး ဖိလစ်ပိုင်နိုင်ငံ၏ အထူးစီးပွားရေးရေပြင်ဇုန်အတွင်း တည်ရှိသည်။

တရုတ်နိုင်ငံသည် နှစ်စဉ် ရေကြောင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးထရီလီယံထိရှိသော ရေကြောင်းလမ်းများ တည်ရှိရာ တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီက Metop-SGA 1 မိုးလေဝသလေ့လာရေး ဂြိုဟ်တုသစ်ကို အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ပဲရစ် ဩဂုတ် ၁၄**

ဥရောပ အာကာသအေဂျင်စီသည် Metop-SGA 1 အမည်ရှိ မိုးလေဝသ လေ့လာရေးဂြိုဟ်တုသစ်ကို ဩဂုတ် ၁၃ ရက်တွင် အာရီယာနီ-၆ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Metop-SGA 1 ဂြိုဟ်တုကို သယ်ဆောင်ထားသော အာရီယာနီ-၆ ဒုံးပျံကို ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အာရီယာနီ-၆ ဒုံးပျံသည် Metop-SGA 1 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၅၀၀ တွင်ရှိသောပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Metop-SGA 1 ဂြိုဟ်တုမစ်ရှင်သည် အာရီယာနီ-၆ ဒုံးပျံများ၏ တတိယမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း၊ အဆိုပါဂြိုဟ်တုသည် ဝင်ရိုးစွန်း ပတ်လမ်းပေါ်တွင် နေရာယူ၍ ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတု အခြေအနေများကို စောင့်ကြည့်နေမည် ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံကို ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ယခုနှစ် မတ်လတို့တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## United Launch Alliance(ULA) ကုမ္ပဏီက တည်နေရာနှင့်လမ်းကြောင်းပြစနစ် စမ်းသပ်ဂြိုဟ်တုတစ်စင်းကို ဗော်လ်ကန်စင်တော်ရီဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံအခြေစိုက် United Launch Alliance(ULA) ကုမ္ပဏီသည် ဩဂုတ် ၁၃ ရက်တွင် တည်နေရာနှင့် လမ်းကြောင်းပြစနစ် စမ်းသပ်ဂြိုဟ်တုတစ်စင်းကို ဗော်လ်ကန်စင်တော်ရီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါတည်နေရာနှင့် လမ်းကြောင်းပြစနစ် စမ်းသပ်ဂြိုဟ်တုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ဗော်လ်ကန်စင်တော်ရီဒုံးပျံသည် NTS-3 အမည်ရှိ အထက်ပါဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ တိုက်ရိုက်ပို့ဆောင်ပေးခဲ့သည်ဟု ULA ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

NTS-3 ဂြိုဟ်တုမစ်ရှင်သည် ဗော်လ်ကန် စင်တော်ရီဒုံးပျံအတွက် တတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ULA ကုမ္ပဏီသည် ဗော်လ်ကန်စင်တော်ရီဒုံးပျံကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် တစ်ကြိမ်နှင့် အောက်တိုဘာလတွင် တစ် ကြိမ် လွှတ်တင်ခဲ့ပြီးဖြစ်သည်။



NTS-3 ဂြိုဟ်တုသည် အမေရိကန် စစ်ဘက်က ၄၈ နှစ်တာကာလအတွင်း ပထမဆုံးလွှတ်တင်ခဲ့သော တည်နေရာနှင့် လမ်းကြောင်းပြစနစ် စမ်းသပ်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။


**Ref : Xinhua News**

**Trs : KKO**

## ငှက်များနှင့်ပုံစံတူသော ဒိုင်နိုဆောရုပ်ကြွင်းကို သိပ္ပံပညာရှင်များက မွန်ဂိုလီးယားနိုင်ငံ၌တူးဖော်တွေ့ရှိ

**အူလန်ဘာတော ဩဂုတ် ၁၄**

ငှက်များနှင့်ပုံစံတူသော ဒိုင်နိုဆောရုပ်ကြွင်းကို သိပ္ပံပညာရှင်များက မွန်ဂိုလီးယားနိုင်ငံ၌ တူးဖော် တွေ့ရှိထားကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။



သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၅ သန်းနှင့် ၇၂ သန်းကြားရှိသည့် အထက်ပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို Shri Rapax ဟူ၍ အမည်ပေးထားသည်။

Shri Rapax ဒိုင်နိုဆောများသည် Dromaeosauridae အုပ်စုဝင် ဒိုင်နိုဆောတစ်မျိုးဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Dromaeosauridae ဒိုင်နိုဆောများသည် အမွေးအတောင်ပါ ဒိုင်နိုဆောများဖြစ်ကြပြီး ယနေ့ခေတ်ငှက်များနှင့် အနီးစပ်ဆုံး ဒိုင်နိုဆောများဖြစ်ကြသည်။

Shri Rapax ဒိုင်နိုဆောများသည် ထူးထူးခြားခြား ကြီးမားသန်မာသည့် လက်တံများနှင့် လက်သည်းများကို ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Shri Rapax ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရဒေသ ဂျာဒေါ့တာ ကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## Orforglipron သောက်ဆေးတစ်မျိုးက ကိုယ်အလေးချိန်ကို သိသိသာသာ လျှော့ချပေးနိုင်

**နယူးယောက် ဩဂုတ် ၁၄**

Eli Lilly ကုမ္ပဏီက ထုတ်လုပ်ထားသည့် ကိုယ်အလေးချိန် လျှော့ချရေး ဆေးတစ်မျိုးသည် လက်တွေ့ စမ်းသပ်မှုများမှပေါ်ထွက်လာသည့် ရလဒ်များအရ ကိုယ်အလေးချိန်ကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

စမ်းသပ်မှုရလဒ်များအရ Orforglipron အမည်ရှိ ဆေးကို ဆေးအချိန်အဆ အမြင့်ဆုံးထိ အသုံးပြုပါက သီတင်း ၇၂ ပတ်အတွင်း ကိုယ်အလေးချိန်ကို ပျမ်းမျှ ၂၇ ဒသမ ၃ ပေါင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း Eli Lilly ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် Orforglipron ဆေးကိုဈေးကွက်တင်ခွင့်ရရှိရေးအတွက် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေး အေဂျင်စီ (FDA) အတည်ပြုချက် လျှောက်ထားရန် Eli Lily ကုမ္ပဏီက စီစဉ်ထားသည်။

Orforglipron သည် သောက်ဆေးအမျိုးအစားဖြစ်ရာ Wegovy နှင့် Ozempic ကဲ့သို့ ထိုးဆေးများနေရာတွင် အစားထိုးသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Wegovy နှင့် Ozempic ကဲ့သို့ပင် Orforglipron သောက်ဆေးမှာလည်း GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေး ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာကို ခရုသင်းမှုတ်ခြင်းဖြင့် ကုသနိုင်ဖွယ်ရှိ

**နယူးဒေလီ ဩဂုတ် ၁၄**

ထူးဆန်းသောအလေ့အကျင့်တစ်ခုဖြစ်သည့် ခရုသင်းမှုတ်ခြင်းဖြင့် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ(Sleep Apnea) ကို ကုသနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

အိန္ဒိယ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိပ်ရာမဝင်မီ ခရုသင်းမှုတ်ပေးခြင်းဖြင့် Sleep Apnea ပြဿနာရှိသူများအတွက် အတိုင်းအတာတစ်ရပ်ထိ အကျိုးကျေးဇူးရှိကြောင်း သိရသည်။

အိန္ဒိယ သုတေသနပညာရှင်များသည် Sleep Apnea ပြဿနာရှိနေသူများ၊ အသက်ရှူလေ့ကျင့်ခန်းများ သို့မဟုတ် ခရုသင်းမှုတ်ခြင်းတို့ ပြုလုပ်စေခဲ့ပြီး သီတင်းတစ်ပတ်ကြာ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ခရုသင်းမှုတ်သည့် Sleep Apnea လူနာများ၌ ညပိုင်းအိပ်စက်ချိန်တွင် သွေးအတွင်း အောက်ဆီဂျင်စုစည်းမှု အဆင့်မြင့်တက်လာသည်ကို တွေ့ရကြောင်း အိန္ဒိယ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ခရုသင်းမှုတ်လေ့ကျင့်ခဲ့သော လူနာများ၌ အိပ်စက်စဉ် လေပြွန်ပိတ်ဆို့မှုပြဿနာ ပေါ်ထွက်မှုကြိမ်ရေလည်း ကျဆင်းလာသည်ကို တွေ့ရကြောင်း အိန္ဒိယသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ခရုသင်းမှုတ်ခြင်းဖြင့် အသက်ရှူလမ်းကြောင်း အထက်ပိုင်း ကြွက်သားများ အားကောင်းလာတတ်ရာ အိပ်စက်ချိန်လေပြွန် လမ်းကြောင်း ပွင့်နေရေးအတွက် အထောက်အကူပြုကြောင်း အိန္ဒိယ သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဂျီနိုအာ ခံစစ်ကစားသမား ဒီဝင်တာကို အေစီမီလန်အသင်း အပြီးသတ်ခေါ်ယူကြောင်း ထုတ်ပြန်

**မီလန် ဩဂုတ် ၁၄**

အေစီမီလန် အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက် ခံစစ်ကစားသမားခေါ်ယူမှုအဖြစ် ဂျီနိုအာအသင်းမှ ခံစစ်ကစားသမား ဒီဝင်တာကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အေစီမီလန်အသင်း အနေဖြင့် ကစားသမားအတွက် ကနဦး ပြောင်းရွှေ့ကြေး ယူရို ၂၈ သန်း ပေးချေခဲ့ရပြီး အပိုဆုကြေး နှစ်သင်းအပါအဝင် စုစုပေါင်း ယူရိုသန်း ၃၀ အသုံးပြုခဲ့ရသော်လည်း ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

ဒီဝင်တာသည် ဗဟိုခံစစ်ပိုင်းတွင် သာမက ညာတောင်ပံခံစစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဂျီနိုအာအသင်းအတွက် ပြိုင်ပွဲစုံ ၂၆ ပွဲထိပါဝင်ခဲ့ရာ သွင်းဂိုးသုံးဂိုးသွင်းယူ၍ ပြိုင်ဘက်ကစားသမားနှင့် ဘောလုံးယှဉ်လုရာတွင် ၇၆ ကြိမ်ထိ အောင်မြင်မှုရရှိခဲ့သောကြောင့် ထိပ်သီးလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားစာရင်း၌ ပါဝင်ခဲ့သကဲ့သို့ အသင်းကို အမှတ်ပေးဇယား အဆင့်(၁၃) ရောက်ရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြသစ် အယ်လီဂရီက အသင်းခံစစ်ပိုင်းအတွက် ဒီဝင်တာကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခုနှစ် အပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား မိုဒရစ်၊ ခံစစ်ကစားသမား အက်စတူမီနန်၊ ကွင်းလယ်ခံစစ်ကစားသမား ဂျက်ရှာရီ၊ ကွင်းလယ်ကစားသမား ရစ်စီ၊ ဂိုးသမား ပိုင်ထရိတို့အပါအဝင် ကစားသမား ခြောက်ဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML




## ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲတွင် ပင်နယ်တီဖြင့်အနိုင်ရခဲ့သည့် ပီအက်စ်ဂျီအသင်း ချန်ပီယံဆုဆွတ်ခူး




**ပဲရစ် ဩဂုတ် ၁၄**

ယူအီးအက်ဖ်အေ စူပါဖလား ပြိုင်ပွဲအဖြစ် ချန်ပီယံလိဂ် ချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ယူရိုပါလိဂ် ချန်ပီယံ စပါးအသင်းတို့ ကစားခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ပီအက်စ်ဂျီအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက ပီအက်စ်ဂျီအသင်းကို ပထမပိုင်းပွဲကစားချိန်တွင် ထိန်းချုပ်ကစားနိုင်ခဲ့ရာ ပွဲချိန် ၃၉ မိနစ်တွင် ဗန်ဒီဗန်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းအနေဖြင့် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်မျှမပြုလုပ်နိုင်ခဲ့ဘဲ ၂၀၂၄ ခုနှစ် စက်တင်ဘာလနောက်ပိုင်း ဂျီရိုနာအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်အပြီး ဒုတိယအကြိမ်မြောက် ပြိုင်ဘက်ဂိုးပေါက်ကို ခြိမ်းခြောက်မှုမလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယပိုင်းတွင်လည်း စပါးအသင်းကသာ တန်ပြန်တိုက်စစ်မှ ဖိအားပေးမှုပိုမိုလုပ်ခဲ့ပြီး ပွဲချိန် ၄၈ မိနစ်တွင် ရိုမီရိုက အသင်းအတွက် ဒုတိယမြောက်ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ဆုဖလားရယူနိုင်ရန် အခွင့်အရေးရခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက တိုက်စစ်ပိုင်း အပြောင်းအလဲပြုလုပ်ခဲ့ပြီးနောက် ပွဲကစားချိန် ၈၅ မိနစ်နှင့် ပွဲကစားချိန် မိနစ် ၉၀ တို့တွင် ချေပဂိုးများ ဆက်တိုက် သွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီတွင် စပါးအသင်းက စတင်ကန်သွင်းခဲ့သော်လည်း ငါးကြိမ်တွင် သုံးကြိမ်သာ ဂိုးရခဲ့ပြီး ပီအက်စ်ဂျီအသင်းက ငါးကြိမ်သွင်းယူခဲ့ပြီး လေးကြိမ်ထိ ဂိုးရခဲ့သဖြင့် လေးဂိုး သုံးဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ်အတွင်း အင်္ဂလန်အသင်းများနှင့်တွေ့ဆုံခဲ့သည့် ရှစ်ပွဲတွင် ခြောက်ပွဲထိနိုင်ပွဲရခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ကာရာဘောင်းဖလားဒုတိယအဆင့် မဲခွဲမှုတွင် မန်ယူအသင်းက ဂရင်းဘိုင်အသင်းနှင့် တွေ့ဆုံ

**လန်ဒန် ဩဂုတ် ၁၄**

ကာရာဘောင်းဖလား ပထမအဆင့် ပွဲစဉ်များအပြီးတွင် ဒုတိယအဆင့်အတွက် မဲခွဲမှုပြုလုပ်ခဲ့ရာ မန်ယူအသင်းက အင်္ဂလန် လိဂ်-၂ ကလပ် ဂရင်းဘိုင်အသင်းနှင့် အဝေးကွင်းတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပရီးမီးယားလိဂ်မှ အမှတ်ပေးဇယား အဆင့်(၁၀) ထိ အသင်းများက လွဲ၍ ကျန်အသင်းများအနေဖြင့် ဒုတိယအဆင့်မှစတင်ကစားခဲ့ရပြီး မန်ယူအသင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့်(၁၆) တွင်ရပ်တည်ခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ပါဝင်ကစားခဲ့ရသဖြင့် ပြီးခဲ့သည့် ၁၁ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဒုတိယအဆင့်မှ ပါဝင်ကစားခဲ့ရခြင်းဖြစ်သည်။

ဒုတိယအဆင့် မဲခွဲမှုတွင် ဖူလ်ဟမ်အသင်းနှင့် ဘရစ္စတိုးအသင်း၊ နော့ဝှစ်အသင်းနှင့် ဆောက်သမ်တန်အသင်း၊ အောက်ဖို့ဒ်အသင်းနှင့် ဘရိုက်တန်အသင်း၊ ရီးဒင်းအသင်းနှင့် ဝင်ဘယ်ဒန်အသင်း၊ ဘုန်းမောက်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ မီဝေါလ်အသင်းနှင့် ကိုဗင်ထရီအသင်း၊ ဝုဗ်အသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ ဆွမ်ဆီးအသင်းနှင့် ပလိုင်းမောက်အသင်း၊ ဘာရွန်လေအသင်းနှင့် ဝိုင်ကွမ်ဘီအသင်း၊ ကာဒစ်အသင်းနှင့် ချယ်တင်ဟမ်၊ ကမ်းဘရေ့ချ်နှင့် ချာလ်တန်၊ ထရန်မီရီ သို့မဟုတ် ဘာတန်နှင့် လင်ကွန်း၊ အက်ကရင်တန်နှင့် ဒွန်ကက်စတာ၊ ဝီဂန်နှင့် စတော့ပို့၊ စတုတ်နှင့် ဘရက်ဖို့ဒ်၊ ဘန်လေနှင့် ဒါဘီ၊ ဆန်းဒါးလန်းနှင့် ဟက်ဒါဖီးလ်၊ ဘာမင်ဂမ်နှင့် ပေ့ါဗေလီ၊ ပရက်စတန်နှင့် ဝီဟမ်း၊ ဘန်စလေနှင့် ရိုသာဟမ်၊ ရှက်ဖီး(U) နှင့် လိဒ်ယူနိုက်တက်၊ အဲဗာတန်နှင့် မန့်ဖီးလ်၊ ဂရင်းဘိုင်နှင့် မန်ယူအသင်းတို့ တွေ့ဆုံနေကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်း ၄၆ သင်းမှ ၂၃ သင်းသာ တတိယအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ပြီး ဒုတိယ အဆင့်ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : SI

Trs : ML

## Cincinnati Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်သို့ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ တက်ရောက်

**အိုဟိုင်းယိုး ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာ၌ ရပ်တည်နေသည့် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် စတုတ္ထအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် စပိန်တင်းနစ်မယ် ဂျက်ဆီကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၁ ၊ ၇-၅) ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မူ tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဆာဘာလင်ကာသည် ယခုနှစ်အတွင်း နိုင်ပွဲ ၅၀ ပြည့်မြောက်ခဲ့ပြီး ဂျက်ဆီကာအား အနိုင်ကစားနိုင်ခဲ့သည့် ပွဲစဉ်တွင် ပွဲကစားချိန်မှာ ၁ နာရီ မိနစ် ၂၀ ထိကြာမြင့်ခဲ့ကြောင်း သိရသည်။

ဆာဘာလင်ကာက “ပထမပွဲငယ်ကတော့ ကျွန်မအနေနဲ့ ပြည့်စုံတဲ့ စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ အမှားတွေ အကြိမ်ကြိမ် ကျူးလွန်မိခဲ့တယ်။ ဘာပဲဖြစ်ဖြစ် နှစ်ပွဲပြတ်ရလဒ်နဲ့ အနိုင်ရခဲ့တာကို ဝမ်းသာပါတယ်။ နောက်ထပ် ပွဲဆက်သွားရင်




ပိုပြီးတော့ ပင်ပန်းသွားနိုင်တယ်။ ဒါကြောင့် နှစ်ပွဲပြတ်ရလဒ်နဲ့ အနိုင်ရခဲ့တော့ အနားယူချိန်ပိုရတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆာဘာလင်ကာသည် ကွာတားဖိုင်နယ်အဆင့်တွင် ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ၂၀၂၅-၂၀၂၆ ခုနှစ် ဘောလုံးရာသီတွင် ဝတ်ဆင်မည့် တတိယဝတ်စုံကို ထုတ်ပြန်ခဲ့ပြီးနောက် ကွင်းလယ်တိုက်စစ်ကစားသမား ချာကီ၏ ကျောနံပါတ်ကို ၂၉ မှ ကျောနံပါတ် ၁၀ သို့ ပြောင်းလဲဝတ်ဆင်ရန် အတည်ပြုပေးခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ပါးမားအသင်းခံစစ်ကစားသမား လီယိုနီကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရခဲ့ပြီးနောက် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀၀ ထိ အသုံးပြုခဲ့ကြောင်း သိရသည်။
- အဲဗာတန်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့သည့် တိုက်စစ်မှူး ကယ်ဘက်လေဝင်ကို လိဒ်ယူနိုက်တက်အသင်းက ခေါ်ယူနိုင်ခဲ့သဖြင့် လက်ရှိတွင် ကစားသမားသစ် ရှစ်ဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်မှ ကစားသမား သုံးဦး ပါဝင်ယှဉ်ပြိုင်မည်







အီဒင်ဘာ့ဂ် ဩဂုတ် ၁၄

မြောက်အိုင်ယာလန် နိုင်ငံတွင် ကျင်းပသွားမည့် DP World Tour ဂေါက်သီးရိုက်ပြိုင်ပွဲ အမျိုးအစားဖြစ်သည့် Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် LIV Golf အဖွဲ့ချုပ်ဖြင့်ပူးပေါင်းထားသည့် စပိန်ဂေါက်သီးရိုက်ကစားသမားဂါစီယာ၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားကော့ပ်ကာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တိုင်ရယ်လ်ဟက်တန်တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

ဂါစီယာသည် ၂၀၁၇ ခုနှစ်တွင် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးပြီး ၁၉၉၉ ခုနှစ်တွင် Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုအားဆွတ်ခူးထားသူဖြစ်သည်။

LIV Golf အဖွဲ့ချုပ်မှ ကစားသမားများသည် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့ပြီးနောက်ပိုင်း DP World Tourနှင့် PGA Tour ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့မရှိကြောင်း သိရသည်။

ဂါစီယာနှင့်အတူ ပြိုင်ပွဲဝင်သွားမည့်ကော့ပ်ကာသည် PGA Tour တွင် ယှဉ်ပြိုင်ခဲ့စဉ်က အဓိကဆုဖလား ငါးလုံးထိ ဆွတ်ခူးထားသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး တိုင်ရယ်လ်ဟက်တန် သည်လည်း အင်္ဂလန်နိုင်ငံ၏ အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းဝင်တစ်ဦးဖြစ်သည်။

ကော့ပ်ကာက "Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ နှစ်တိုင်းနီးပါး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ Dunhill Links မှာကျင်းပတဲ့ ပြိုင်ပွဲတွေဟာ ယှဉ်ပြိုင်ရတာ အဆင်ပြေပါတယ်။ ဂေါက်သီးရိုက်လောကရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဂေါက်ကွင်းမှာကျင်းပတဲ့Irish Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော် ဖခင်နဲ့အတူ တစ်ကြိမ် ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒီနှစ်မှာလဲ ကျွန်တော် ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်းသိရသည်။

Ref : RT

Trs : AZL

# ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းပြဦးကျော်ဒွန်းတို့ နှစ်ဖက်သဘောတူလမ်းခွဲ

ရန်ကုန် ဩဂုတ် ၁၄

လာမည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲရာသီသစ်စတင်ရန် နီးကပ်လာသည့်အချိန်တွင် မြန်မာနေရှင်နယ်လိဂ်ထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းပြဦးကျော်ဒွန်းတို့ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ကြောင်း သိရသည်။

နည်းပြဦးကျော်ဒွန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရန်ကုန်ယူနိုက်တက်အသင်းနည်းပြအဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၂)နေရာ၌ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အလားတူ နည်းပြ ဦးကျော်ဒွန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု လက်လွတ်ခဲ့ရသော်လည်း အသင်းကို လိဂ်ရှီးထွက်ဖလား ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်သည်ထိ အောင်မြင်မှုရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ပြီးနောက် ရာသီသစ်စတင်ရန် နီးကပ်လာချိန်တွင် အသင်းနှင့်နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းက အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး များစွာကျေးဇူးတင်ရှိပါကြောင်းနှင့်ရှေ့ဆက်မည့် အနာဂတ်တွင်လည်း အောင်မြင်မှုများရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်ဟု နည်းပြဦးကျော်ဒွန်းနှင့် လမ်းခွဲခဲ့ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခဲ့သည်။

မကြာမီ မြန်မာနေရှင်လိဂ်ပြိုင်ပွဲ ရာသီသစ် စတင်မည်ဖြစ်သည့်အတွက် ရန်ကုန်ယူနိုက်တက် အသင်းက နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

STA



# အယ်ဟိုင်လာအသင်းက တိုက်စစ်မှူး မက်ထရိုဗစ်ချ်ကို စာချုပ်ဖျက်သိမ်းရန်စီစဉ်

ရီယာ့ဒ် ဩဂုတ် ၁၄

ဆော်ဒီထိပ်တန်းကလပ် အယ်ဟိုင်လာအသင်းက အသင်းမှ တိုက်စစ်ကစားသမား မက်ထရိုဗစ်ချ်ကို စာချုပ်ဖျက်သိမ်း လမ်းခွဲရန်အတွက် စီစဉ်နေကြောင်း သိရသည်။

မက်ထရိုဗစ်ချ်သည် ဖူလ်ဟမ်အသင်းမှ အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ အယ်ဟိုင်လာအသင်းကို ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် မက်ထရိုဗစ်ချ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရပြီးနောက် အယ်ဟိုင်လာအသင်းက မြင့်မားသည့် လုပ်ခလစာ ပေးချေနေရသည့်အတွက် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

အယ်ဟိုင်လာအသင်းအနေဖြင့် မက်ထရိုဗစ်ချ်ကို ခေါ်ယူစဉ်က ချုပ်ဆိုထားသည့်စာချုပ်ပါအချက်အလက်များအရ စာချုပ်ဖျက်သိမ်းကြေး ယူရို ၂၅ သန်း ပေးချေရမည်ဖြစ်ပြီး လက်ရှိတွင် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအသင်းတို့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၄

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်၌ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ထိုင်းအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အနေဖြင့် အုပ်စုပွဲစဉ်များ ကစားခဲ့ရာတွင် ဩဂုတ် ၇ ရက်က ဩစတြေးလျအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၁၀ ရက်က တီမောလက်စ်တေအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ် အဆင့်တက်ရောက်နိုင်ရေး နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်က ဖိလစ်ပိုင်အသင်းနှင့်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အုပ်စုသုံးပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ခုနစ်မှတ် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စုပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်သို့ မြန်မာအမျိုးသမီးအသင်းနှင့်အတူ ဗီယက်နမ်အသင်း၊ ထိုင်းအသင်းနှင့် ဩစတြေးလျအသင်းတို့ တက်ရောက်နိုင်ခဲ့ကြသည်။

အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ဗီယက်နမ်အသင်းနှင့်ဩစတြေးလျအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက ရိုဒရီဂိုအတွက် ကမ်းလှမ်းမှုများလက်ခံဆွေးနွေးမည်ဟု အတည်ပြု

မက်ဒရစ် ဩဂုတ် ၁၄

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား ရိုဒရီဂိုအတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ရိုဒရီဂိုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဆန်းတို့စ်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက ကစားခွင့်မရရှိခဲ့သော်လည်း ပြီးခဲ့သည့် နှစ်ရာသီအတွင်း နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် ပွဲကစားခွင့်များ ရရှိခဲ့သူဖြစ်သည်။

သို့သော် ရိုဒရီဂိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အကြား သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာတွင် ရိုဒရီဂိုက လုပ်ခလစာတိုးမြှင့်တောင်းဆိုခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းက ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ပြီး ရောင်းချရန်အတွက်သာ ဆုံးဖြတ်ခဲ့သည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အလွန်ဆိုကလည်း အသင်းတိုက်စစ်ပိုင်းတွင် လူငယ်ကစားသမားများဖြစ်သည့် အာဒါဂူလာ၊ အန်းဒရစ်နှင့် ဂါစီယာတို့ရှိနေသည့်အတွက် ရိုဒရီဂိုကို ရောင်းချခဲ့ခြင်းဖြစ်သည်။

ရိုဒရီဂို ကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာလိုနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက်မန်စီးတီးအသင်းက ခေါ်ယူရန် ကစားသမားဖြစ်သူနှင့် တိုက်ရိုက်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရှုံ့ထဲက ကျောက်တုံးများ

ဆူးသစ်

ကျွန်တော်တို့ မြို့သစ်တစ်မြို့၌ နေခဲ့သည်မှာ ရှစ်နှစ်ဝန်းကျင်ရှိပါပြီ။ ကျွန်တော်နေသော ရပ်ကွက်ထဲရှိ လမ်းသွယ်လေးများသည် မိုးတွင်းဆိုလျှင် ဗွက်တော်တော်ထသည်ကို စရောက်ကတည်းက သတိထားမိ၏။ ကတ္တရာမခင်းရသေးခင် မြေကြီးနှင့် ဂဝံကျောက်များ ရောနှောခင်းထားသော်လည်း ကျောက်ခဲက လမ်းအလယ်မှာသာရှိပြီး နင်းပါများ၍မြုပ်ကုန်သည်လည်းရှိရာ လမ်းပေါ်တွင် ရှုံ့ဗွက်ချည်းသာ ဖြစ်ကုန်၏။

မိုးရွာပြီဆိုလျှင် အခြားလမ်းများနည်းတူ ကျွန်တော်တို့ရပ်ကွက်လမ်းကလေးမှာလည်း လမ်းလျှောက်၍ မကောင်းတော့။ ဖိနပ်မှာရှုံ့စေးကပ်၍ လေးလံပြီး၊ ဖိနပ်ချွတ်ကာ လျှောက်ရ၏။ မြေကြီးက ပြောင်နေလျှင်လည်း ချော်လဲတတ်သေးရာ အများအားဖြင့် အပြင်ထွက်လျှင် ဘယ်သူမှ ဖိနပ်မစီးချင်ကြ။ လမ်းထိပ်ရောက်မှ အိမ်တစ်အိမ် သို့မဟုတ် ရေအိုင်တစ်အိုင် သို့မဟုတ် ရေမြောင်းမှာ ခြေထောက်ဆေးကြသည်က များသည်။

ကျွန်တော်တို့လို တက္ကသိုလ်ကျောင်းသားအရွယ်၊ မူလတန်းမှ အထက်တန်းထိ ကျောင်းသားအရွယ်နှင့် ရုံးဝန်ထမ်းများ သွားလာနေကြသော လမ်းကလေးက တစ်မိုးလည်း သည်အတိုင်း။ နောက်တစ်မိုးလည်း သည်အတိုင်းဖြစ်နေရာ အလမ်းကလေး၏ ဆိုးကျိုးများကို တွေ့နေရသော ကျွန်တော်က သည်လမ်းကလေးကို ဘယ်လိုပြုပြုရင်ကောင်းမလဲဟု လွန်ခဲ့သော သုံးလေးနှစ်က စဉ်းစားကြည့်ခဲ့ဖူး၏။

ကျွန်တော်တို့ လမ်းထဲမှာနေထိုင်သူ နည်း၏။ မြို့သစ်တစ်မြို့၏ ထုံးစံအတိုင်း လူနေထိုင်မှုနည်းသေးသည့်အပြင် ရှိနေသောလူများကလည်း အိမ်ရှင်နည်း၍ အိမ်ငှားများသည်။ လမ်းပြင်မည်ဆိုပြီး အလှူလိုက်ခံလည်း ဘာမျှရမှာမဟုတ်။ ပြင်ဖို့ လူခေါ်လျှင်ပင် ခဏလာနေကာ၊ မလုပ်နိုင်ပါဘူးဆိုသူက များနေတာ ကျွန်တော်ကြားရသည်။ အိမ်ရှင်မဟုတ်သော အိမ်ငှားတွေကိုး။ အမြဲမနေ၍ မိမိလမ်းလို သဘောမထားနိုင်သည့် သဘော။

မိမိလမ်းဟု ယူဆသောအိမ်ရှင်တွေ ကျပြန်တော့ တကယ်နေသူနည်းပြီး ကျွန်တော်တို့အိမ်ပင်လျှင် ရေထဲမိုးထဲ လမ်းပြင်နိုင်သူ တစ်ယောက်၊ နှစ်ယောက်သာရှိပြီး ကျန်သူတွေက အသက်ကြီးသူများ ဖြစ်၏။ သို့သော် ကျွန်တော်တို့အိမ်က တစ်ယောက်၊ နှစ်ယောက် လမ်းထဲက တကယ်နေသော အိမ်ရှင်တွေ မိသားစုများမှ တစ်ယောက်၊ နှစ်ယောက် စသည်ဖြင့် ပေါင်းပြီးပြင်လိုက်လျှင်လည်း မဆိုးဟု ကျွန်တော်ကတွေး၏။

သို့သော် ထင်သလို ဖြစ်မလာ။ တချို့ အိမ်ရှင်များကိုယ်တိုင်ကပင် ကျွန်တော်တို့ စုပေါင်းပြီး ပြင်ပေးလိုက်ရင်၊ ကျန်တဲ့လူတွေက လမ်းကောင်းပြီဆိုပြီး အိမ်တွေရောင်းပြီး ပြောင်းကြမှာ၊ ဒီတော့ ပြင်လဲမထူးပါဘူး။ ပြင်မနေနဲ့ဟု ဆိုလာရာ လမ်းကို တတ်နိုင်သလောက် ပြင်ဖို့ကြံစည်သမျှ ပျက်ခဲ့ရလေတော့သည်။

ထိုအချိန်မှာပင် အံ့သြစရာကောင်းသည်က ကျွန်တော်တို့ကို ငြင်းပယ်ခဲ့သော အိမ်ရှင်၏သား နှစ်ယောက်ကလည်း ကျွန်တော့်လို လမ်းကိုတတ်နိုင်သလောက် ပြင်ချင်စိတ်ရှိနေကြသူများ ဖြစ်နေကြခြင်းပင်။ သူတို့က အထက်တန်းနှင့် အလယ်တန်း ကျောင်းသားများ၊ သူတို့ ကျောင်းသွားရ ဘယ်လောက်ခက်နေသည်ကို ကျွန်တော်သိသည်။ ကျွန်တော်က ကျောင်းအားနေ၍ ဘယ်မှ မသွားရသည့်တိုင် လမ်းထဲမှာ ဝင်ထွက်နေသူများနှင့် လမ်းအခြေအနေကိုသိ၍ သူတို့ဒုက္ခကိုသိသည်။ ကျွန်တော်လည်း လမ်းထဲက လမ်းသား တစ်ယောက်ပင် မဟုတ်လား။

နောက်တော့ လမ်းကိုပြင်ရန် ပြီးခဲ့သော နှစ်နှစ်လောက်က ကျောင်းသားလေးများနှင့် ကျွန်တော်တိုင်ပင်ဖြစ်ခဲ့သည်။ ကျောင်းသားလေးက သူတို့ ကျောင်းသွားရာလမ်းမကြီး တစ်လမ်း၏ဘေးမှာ လမ်းခင်းပြီးချိန် ကျန်ခဲ့သော ကျောက်ခဲလေးများ တွေ့သည်တဲ့။ နည်းနည်းချင်းလိုက်စုလျှင်ကျွန်တော်တို့ လမ်းထဲကချိုင့်တွေ ဖို့နိုင်မည်ထင်သည်ဟု သူတို့က ပြောသည်။ ကျောက်ခဲတွေသုံးလို့ သူတို့ရမရ မေးမြန်းကြည့်ရန် ကျွန်တော်က ပြောစဉ်၊ သူတို့က လမ်းခင်းပြီး ကျန်တာတွေဖြစ်ကြောင်း၊ တချို့ မြေကြီးထဲပင် မြုပ်ကုန်ကြောင်းပြောမှ ငါတို့လည်း လမ်းခင်းတာပဲလေဟု ကျွန်တော်လည်းတွေးမိရင်း လမ်းစဖို့ရန် ပြင်ကြ၏။

ပထမဆုံး စဉ်းစားရသည်က သယ်ဖို့ကိစ္စ။ ရှိတာက ကျောင်းသားနှစ်ယောက်နှင့် ကျွန်တော် သုံးယောက်။ ကျွန်တော့်ညီပါ ပါလျှင် လေးယောက်။ သည်လူလေးယောက်နှင့်လမ်းဖို့ရန် ကျောက်ခဲများကို ဘယ်လိုမှမသယ်နိုင်။ တစ်ခေါက်၊ နှစ်ခေါက်လောက် သွားသယ်ကြည့်သည်။ သယ်စရာ အိတ်တွေ၊ ရေပုံးအစုတ်တွေ ယူသွား၏။ ရလာတော့ ချိုင့်တွေ ဖို့ကြည့်သည်။ ချိုင့်နှစ်ခုစာလောက်ပင် မရချင်။

သည်မှာပဲ ကျောင်းသားကောင်ကလေး၏ သူငယ်ချင်းများကို ကျွန်တော် မြင်ယောင်မိသည်။ သူတို့က အားလုံးရွယ်တူတွေ။ အလွန်ဆုံးရှိလျှင် ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်။ သူတို့ထဲမှာ အလုပ်လုပ်သူ၊ ကျောင်းတက်သူပါသည်။ သူတို့ အားချိန်မှာ ကူညီလျှင် ကျွန်တော်တို့ အလုပ်တော်တော်ပြီးသွားနိုင်သည်။ တစ်ခုပဲရှိသည်။ သူတို့အားလုံးကို အရပ်ထဲကို သိပ်ကြည့်မရသောပုံစံမျိုးနှင့် မကြာခဏ ရန်ဖြစ်တတ်သူများဖြစ်ပြီး သူတို့ဘာသာ အုပ်စုဖွဲ့နေထိုင်တတ်သူများဖြစ်ကြ၏။ အိမ်မှာသိပ်အလုပ်မလုပ်ချင်ကြသူများအဖြစ် ပတ်ဝန်းကျင်က မြင်နေသူများဟု ဆိုလျှင်လည်း မမှား။

သည်တော့ သည်လိုအလုပ်ကို သူတို့လုပ်ချင်ပါမည်လား။ ကိုယ့်လမ်းထဲက လူတွေပင် မလုပ်ချင်၍ အကြောင်းပြသူ၊ တကယ်မအားသူ စသည်ဖြင့် ရှိနေလေရာ သူတို့တွေလည်း အလုပ်မအား၊ ကျောင်းမအား၊ တကယ် မလုပ်ချင်ပါ စသည်ဖြင့် ပြောလာလျှင် ကျွန်တော်တို့ ဘာမျှမတတ်နိုင်။ မျှော်လင့်စရာ တစ်ခုရှိသည်က သူတို့နှင့် ကျွန်တော်တို့၏ ရင်းနှီးခင်မင်မှုပင်။

ထိုစဉ်က ကျွန်တော့်အသက်နှစ်ဆယ့်လေးနှစ်အရွယ်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခု၏ ပဉ္စမနှစ် ကျောင်းသားဖြစ်၏။ သူတို့နှင့် ကျွန်တော်က အသက် ဆယ်နှစ်ဝန်းကျင်လောက် ကွာသည်။ သို့သော် အထက်တန်းကျောင်းသားကောင်ကလေးနှင့်ပတ်သက်၍ သူတို့ကို ကျွန်တော်က ရံဖန်ရံခါ ခင်ခင်မင်မင်ပေါင်းခဲ့သည်။ ဂီတာစုတီးသည်။ လက်ဖက်ရည်ဆိုင်အတူ ထိုင်သည်။ သူတို့ စာသင်ချင်လျှင် သင်ပေးသည်။ သိချင်တာရှိလျှင် ပြောပြသည်။ သည်လိုတော့ နေလာခဲ့ဖူး၏။ သူတို့နှင့် ကျွန်တော်ကြား ရင်နှီးမှုက ထိုမျှသာရှိသည်ဟု ဆိုရမည်။ အခြားအချိန်များမှာတော့ ကျွန်တော်က သတ်သတ်၊ သူတို့ကသတ်သတ်ဖြစ်သည်။ သူငယ်ချင်းလို လည်ပင်းဖက်ပေါင်းသလိုမဟုတ်ဘဲ လူကြီးဆန်ဆန် ပေါင်းခဲ့ခြင်းမျိုးသာဖြစ်သည်။

ဒါကိုသိသော အထက်တန်းကျောင်းသားကောင်ကလေးက သူ့သူငယ်ချင်းများကို အကူအညီတောင်းရန် ကျွန်တော့်ကို ကူပြီးပြောခိုင်းသည်။ သူလည်းပြောမည်ဟု ဆိုသည်။ ပထမတော့ သူတို့ဆီက တုံ့ပြန်သံမကြားရ။ နောက်တော့ တချို့က ကျွန်တော်ကို ခင်မင်မှုနှင့် ကျောက်ခဲများ လိုက်သယ်ပေးမည်ဟုဆိုသည်။ ဘာအရောင်မျှမပါသော ရိုးရှင်းသောစကားဖြစ်သည်။ ကျွန်တော်နှင့် သူတို့ကြားက ခင်မင်မှုက သိပ်မလေးနက်ဟုထင်ထားသော ကျွန်တော့်အထင်မှားသွားသည်။ ဘာပဲဖြစ်ဖြစ် ကျေနပ်စရာလည်း ကောင်းပါသည်။ ဘာအကြောင်းကြောင့် လိုက်လိုက်၊ အဓိက သူတို့ လိုက်သယ်ပေးဖို့ပင်ဖြစ်၏။ ကျွန်တော်တို့မှာ လူအင်အားလိုနေသည် မဟုတ်လား။

❖ နောက်တော့ လမ်းကိုပြင်ရန် ပြီးခဲ့သောနှစ်နှစ်လောက်က ကျောင်းသားလေးများနှင့် ကျွန်တော်တိုင်ပင်ဖြစ်ခဲ့သည်။ ကျောင်းသားလေးက သူတို့ ကျောင်းသွားရာလမ်းမကြီး တစ်လမ်း၏ဘေးမှာ လမ်းခင်းပြီးချိန် ကျန်ခဲ့သော ကျောက်ခဲလေးများ တွေ့သည်တဲ့။ နည်းနည်းချင်းလိုက်စုလျှင် ကျွန်တော်တို့ လမ်းထဲကချိုင့်တွေ ဖို့နိုင်မည်ထင်သည်ဟု သူတို့ကပြောသည်။ ကျောက်ခဲတွေသုံးလို့ သူတို့ရ မရမေးမြန်းကြည့်ရန် ကျွန်တော်ကပြောစဉ်၊ သူတို့က လမ်းခင်းပြီး ကျန်တာတွေဖြစ်ကြောင်း၊ တချို့ မြေကြီးထဲပင်မြုပ်ကုန်ကြောင်း ပြောမှ ငါတို့လည်း လမ်းခင်းတာပဲလေဟု ကျွန်တော်လည်း တွေးမိရင်း လမ်းစဖို့ရန်ပြင်ကြ၏။ ❖

သည်လိုနှင့် ပထမ တစ်ခေါက်၊ နှစ်ခေါက်မှာ ကျွန်တော်တို့နှင့် သုံးလေးယောက် လိုက်လာ၏။ နောက်တစ်ခေါက်တွေမှာ ကျန်သည့် လေးငါးယောက်ပါ လိုက်လာကြ၏ သူတို့ကို ဘာကြောင့် လိုက်လာသလဲဟု ကျွန်တော်ကမေးတော့ တချို့က အားလုံးဝိုင်းလုပ်နေတာ သူတို့ ဒီအတိုင်းနေရင်း ပျင်းလာကြောင်း၊ ကျွန်တော်တို့ လုပ်နေတာ လူလိုတာလည်းသိ၍ ပျော်ဖို့ကောင်းမည်ထင်၍ဟု ဆိုကြသည်။ တချို့ကတော့ ဘာမျှမဖြေ။ သို့သော် သူတို့မျက်နှာမှာ ကြည်နူးမှုကိုတော့ ကျွန်တော် မြင်မိခံစားမိသည်။

တကယ်တော့ ကျွန်တော်တို့ ကျောက်ခဲသယ်ရသောခရီးက သူတို့ပြောသလို ပျော်ဖို့မကောင်းပါ။ လေးလေးပင်ပင်တွေကို ဝေးဝေးလံလံမှ ပင်ပင်ပန်းပန်းနှင့် ခက်ခက်ခဲခဲ သယ်ရသောခရီးက ဘယ်မှာ ပျော်ဖို့ကောင်းပါမည်နည်း။ ချွေးထွက်မည်၊ ခါးနာ၊ ဇက်နာမည်၊ ပခုံးပေါက်မည်၊ တစ်ကိုယ်လုံး ညစ်ပေမည်။ အခန့်မသင့်လျှင် အနာတွေပေါက်နိုင်သည်။ လောလောဆယ် ဘာအကျိုးမျှမရှိ။ တမလွန်ကို စဉ်းစားကြည့်လျှင်တော့ ဝမ်းမြောက်နိုင်စရာရှိသည်။ သို့သော် ဘယ်မှာနေမှန်း မသိသော တမလွန်ကို ပင်ပန်းနေချိန်မှာ ကျွန်တော်တို့ မတွေးအား။

ဒါဖြင့် ဘာကို ပျော်ပါသနည်း။ ဘာကို ကြည်နူးနေကြပါသနည်း။ ကျွန်တော်လည်း ကျောက်ခဲသယ်ရင်း အတွေးဝင်တော့သည်။ အမှန်က ယောကျ်ားလေးတွေချည်း အုပ်စုလိုက်လုပ်ရသဖြင့် ဟေးလားဝါးလားနှင့် စကြနောက်ကြ၊ ပျော်နေကြရသည်မှာ မှန်၏။ သို့သော် ထိုနောက်ကွယ်မှာ တကယ်ပျော်ရသော အနှစ်သာရ တစ်ခုရှိသည်ဟု ကျွန်တော်ထင်သည်။ ထိုအရာကား ကျွန်တော်တို့ အားလုံး၏ လုပ်အား၊ အထူးသဖြင့် ငွေကြေးမပါသော စေတနာ၊ သန့်ရှင်းသော လုပ်အားမှရလာမည့် အသီးအပွင့်တစ်ခုကို ကျွန်တော်တို့ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခံစားရမည်ကို မှန်းမျှော်ရင်း ကျေနပ်ဝမ်းသာမှု ရှိနေခြင်းဖြစ်သည်။ ထိုဝမ်းသာမှုမှတစ်ဆင့် ကြည်နူးခြင်း၊ ထိုကြည်နူးခြင်းမှတစ်ဆင့် ကျွန်တော်တို့ လုပ်ရသောအလုပ်ထဲမှာ ပျော်ရွှင်နေခြင်းတို့ ဖြစ်လာခဲ့ရသည်ကို ကျွန်တော်နားလည် ခံစားလိုက်ရ၏။

ထို့ကြောင့်သာလျှင် ကျွန်တော်တို့အားလုံး သည်လောက်ပင်ပင်ပန်းပန်းကြားမှ ပြုံးရွှင်ရယ်မောအခေါက်ပေါင်းများစွာ နေ့ရက်ဆက်တိုက် အတူတကွလုပ်နိုင်ခဲ့ခြင်း။ ဖြစ်သည်ဟု ကျွန်တော်ယုံကြည်သည်။ လွယ်လွယ်ကူကူ ပြီးပြီးရောလုပ်တာမျိုး မဟုတ်ဘဲ စေတနာနှင့်လုပ်နိုင်ခဲ့သည်ဟု ကျွန်တော်ယုံကြည်နိုင်သည်။

ကျောက်တုံးများက အကြီးအသေး မညီကြ။ ရှုံ့ထဲမြုပ်တာတွေလည်းမြုပ်နေ၍ ဂေါ်ပြားနှင့် ဖော်တန်းဖော်ရသည်။ သေးလွန်း၍ လက်နှင့်ကော်ထုတ်ပြီး စုရသည်လည်း ရှိ၏။ ခရီးကလည်း အနီးအဝေးမတူ၊ မြို့သစ်ဖြစ်၍ လယ်ကွက်များ၏ ဘေး၊ လယ်ကွက်များအထဲမှာ ဂဝံကျောက်များ တွေ့ရသည့်အခါလည်း ရှိသည်။ လမ်းခင်းစဉ်က ကျန်ခဲ့၊ မေ့ခဲ့၊ လွှင့်စဉ်ခဲ့တာ ဖြစ်မည်ထင်၏။ ထိုအခါ ကျွန်တော်တို့ လယ်ကွက်တွေထဲဆင်းသည်။ အမှိုက်ပုံဘေးမှာ ကျောက်ခဲတွေ မြုပ်နေလျှင် အနံ့ဆိုးတွေ ရှူရင်း ကျောက်ခဲစုသည်။

ဆက်လက်ဖော်ပြပါမည်။

# အထာတော့ထား ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပ



ရန်ကုန် ဩဂုတ် ၁၄

ဩဂုတ် ၁၅ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည့် အထာတော့ထား ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဩဂုတ် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း အဆိုပါ ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ညီထွဋ်ခေါင်ထံမှ သိရသည်။

အဆိုပါ အထာတော့ထား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စွမ်းပိုင်က ရေးဖွဲ့ထားပြီး ဇာတ်ညွှန်းကို စွမ်းပိုင်နှင့်မင်းကိုစိုးတို့ကရေးသားထားကာ ဒါရိုက်တာကိုဇော် (အရုဏ်ဦး)က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဟာသ ဇာတ်မြူးလေးပါ။ ဝါရင့် သရုပ်ဆောင်တွေ အများကြီးနဲ့ ပျော်ပျော်ပါးပါးကြည့်ရမဲ့ ဇာတ်ကားလေးပါ။ ပရိသတ်တွေ ကြည့်ပြီးတော့ ပျော်ရွှင်ရယ်မောရမဲ့ ဇာတ်ကားပါ။ ဒီဇာတ်ကားမှာတော့ ကျွန်တော်က မြင့်သူဆိုတဲ့ ကာရိုက်တာနဲ့ သရုပ်ဆောင်ထားပါတယ်။ နတ်ကတော်လေးပေါ့။ အားလုံးက လက်တွဲလုပ်ခဲ့ဖူးတဲ့ လုပ်ဖော်ကိုင်ဖက်တွေဆိုတော့ အဆင်ပြေပြေနဲ့ အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားလေးကိုလဲ ကြည့်ဖြစ်အောင် ကြည့်ပေးကြပါအုံး" ဟု သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြသည်။

အထာတော့ထား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ဘုန်းမင်းနေလ၊ လင်းလင်း၊ နေဆန်း၊ ကေညီ၊ နေလင်း၊ စုပါလင်း၊ အောင်သီဟ၊ မင်းလူနတ်၊ ရန်ပြေ၊ အောင်မျိုးမြတ်၊ အောင်ကိုး၊ ပန်းသီး၊ ချောရတနာ၊ သဲစုညိမ်း၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The last Sunrise ဇာတ်ကား၌ မင်းသား ဖာနန်ဒိုလင်ဒက် ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၄

Amazon MGM ၏ The last Sunrise အမည်ရှိရုပ်ရှင်ဇာတ်ကား၌ စပိန်မင်းသား ဖာနန်ဒိုလင်ဒက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

The last Sunrise ဇာတ်ကားတွင် မင်းသား ဖာနန်ဒိုလင်ဒက်သည် မင်းသမီး မိုင်အာရီဖစ်ကို၊ အီဗာလွန်ဂိုရီယာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


The last Sunrise ဇာတ်ကားသည် စာရေးဆရာ အန်နာတော့၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကားဆန်ယောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေး ဆရာမ အန်နာကာလက်ဆန်က ရေးသားပေးထားကြောင်း သိရသည်။

စပိန်တက်သစ်စ မင်းသား ဖာနန်ဒိုလင်ဒက်သည် Netflix ၏ Elite ဒရာမာဇာတ်လမ်းတွဲဖြင့် အောင်မြင်လာသော လူငယ်မင်းသားဖြစ်သည်။

လက်ရှိတွင် The last Sunrise ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် ဘန်နီဖြိုး၊ Bobby Soxer ၊ အမရာဘုန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်




ရန်ကုန် ဩဂုတ် ၁၄

တေးသံရှင် ဘန်နီဖြိုး၊ Bobby Soxer ၊ အမရာဘုန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဩဂုတ် ၁၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဘန်နီဖြိုးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဘန်နီဖြိုး၊ Bobby Soxer ၊ အမရာဘုန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို The Square Theatre & The Concert က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Concert Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ကြောင်း သိရသည်။

" လာမဲ့ ဩဂုတ် ၁၆ ရက်မှာ မန္တလေးက The Square Theatre Bar မှာ ရှိမှာပါ။ ကျွန်တော်နဲ့အတူ Bobby Soxer နဲ့ အမရာဘုန်းတို့လဲ ပါဝင်ပြီး သီဆိုဖျော်ဖြေပေးမှာပါ။ သီချင်းတွေ တဝကြီး သီဆိုပေးမှာမို့ လက်မလွတ်စေချင်ပါဘူး" ဟု တေးသံရှင် ဘန်နီဖြိုးက ပြောပြသည်။

တေးသံရှင် ဘန်နီဖြိုး၊ Bobby Soxer ၊ အမရာဘုန်းတို့၏ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဩဂုတ် ၁၆ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Initiative ဇာတ်ကားသစ်ရိုက်ကူးရန် ယူနီဗာဆယ်ကုမ္ပဏီက ပြင်ဆင်နေ

နယူးယောက် ဩဂုတ် ၁၄

The Initiative အမည်ရှိ သူလျှို ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ကုမ္ပဏီက ပြင်ဆင်နေကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

The Initiative ဇာတ်ကားတွင် မင်းသမီး အင်ဂျလီနာဂျိုလီက အဓိကသရုပ်ဆောင် တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

The Initiative ဇာတ်ကားကို ဒါရိုက်တာ ဒေါက်ဂလပ်လီမင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို အက်စကော့ဖရာဇီရာက ရေးသားပေးထားသည်။


မင်းသမီး အင်ဂျလီနာဂျိုလီနှင့် ဒါရိုက်တာ ဒေါက်ဂလပ်လီမင်တို့သည် Mr. and Mrs . Smith ဇာတ်ကား၌ အတူလက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

The Initiative ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ၂၀၂၆ ခုနှစ် ပထမ သုံးလပတ်အတွင်း စတင် ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတတိယပတ်အတွင်း နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဩဂုတ် ၁၄

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ တတိယပတ်အတွင်း နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ညမင်္ဂလာရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ နေတိုးထံမှ သိရသည်။

အဆိုပါ ညမင်္ဂလာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာအဖြစ် ဒီဒီထက်အောင်ကပင် ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသော သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းအမျိုးအစား ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာတော့ လွမ်းဝေဆိုတဲ့ ကာရိုက်တာနဲ့ သရုပ်ဆောင်ထားပါတယ်။ သံယောဇဉ်လက်ကျန်ထက် သာယာတဲ့အိမ်ထောင်ရေးကို ရွေးချယ်ခဲ့ရာကနေ သတိရစိတ်နဲ့ အပြစ်ရှိတဲ့စိတ်ကြားမှာ ရုန်းကန်တုန်လှုပ်နေရသူအဖြစ် မြင်တွေ့ရမှာပါ။ ဇာတ်ကားမှာ အော်သံတွေ၊ ညည်းတွားသံတွေ ပုံမှန်မဟုတ်တဲ့ အရိပ်တွေ အသံတွေနဲ့ တုန်လှုပ်ချောက်ချားလာစေမဲ့ အချစ်နဲ့အမုန်းကြားအသက်ဝင်လာမဲ့ ညမင်္ဂလာကိုဖြတ်သန်းရမှာပါ" ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ်နေတိုး၊ ဝေလု၊ ဆင်မ၊ စိုးမြတ်သူဇာ၊ ရွှေသမီး၊ ရတနာဗို၊ ယမုံမြင့်မြတ်၊ မိုခမ်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# More than 2,000 acres of rainfed paddy planted in Mawlaik Township this year


Monsoon paddy field in Mawlaik Township.

**Mawlaik August 14**

According to the data of Mawlaik District Agriculture Department, local farmers planted more than 2,000 acres of rainfed paddy in Mawlaik Township of Sagaing Region this year.

For the 2025–2026 monsoon cropping season, Mawlaik Township has planned to cultivate 19,500 acres of rainfed paddy. Planting began in June this year, and as of today, 2,553 acres have already been sown.

"This year, local authorities earmarked cultivation of over 19,000 acres of rainfed paddy in Mawlaik Township. So far, more than 2,000 acres have been planted. We are working toward achieving the full target acreage. Necessary technologies and quality seeds will be provided for the rainfed paddy cultivation. We are also conducting field visits to help farmers plant in a timely manner," said Daw Kywe Kywe Hlaing, Head of the Department of Agriculture for Mawlaik District.

It is reported that during this monsoon season, the relevant township agricultural departments and local farmers are collaborating to ensure systematic and uninterrupted rainfed paddy cultivation. Farmers in Mawlaik Township are receiving support in the form of agricultural technology, pest prevention education, measures to avoid crop loss, and guidance to ensure harvested paddy is properly stored and covered in time.

To ensure successful rainfed paddy fields and good yields this year, officials and staff from the township's Department of Agriculture are providing field-level technical support, including selecting quality and pure seeds, protecting crops from pests, weeding and thinning, removing off-type varieties, and applying fertilizers properly. 206

# Pantanaw Township ships 73,000 viss of eels to Yangon market in June

**Pantanaw August 14**

Local businesspersons from Pantanaw Township of Ayeyawady Region sold 73,000 viss of eels to Yangon market in June, said Daw Aye Win, the owner of fishery product trading depot in Pantanaw Township.

In May of this year, up to 53,000 viss of eels from Pantanaw Township were exported and sold to the Yangon market. In June, that figure increased to as much as 73,000 viss.

"There was a significantly strong demand for eels. Within just one month, we managed to export and sell up to 73,000 viss to the Yangon market. The eels from Pantanaw Township are mainly shipped to Yangon for sale. With such a surge in exports, eel farmers, laborers, and eel catchers—who have long faced difficulties—are now seeing improvements," said Daw Aye Win.

Fishery product traders in Pantanaw are purchasing locally sourced aquatic products and exporting them to Yangon for sale. From the Yangon market, these eels are re-exported to foreign countries such as China, Thailand, and Singapore. Currently, the market price for eels is as high as K18,500 per viss.

Kyaw Kyaw Lin


Photo shows eels available at a market.

# Yinmabin Township exceeds target cultivation of rainfed paddy this year

**Yinmabin August 14**

This year, local farmers have planted more than 6,000 acres of rainfed paddy in Yinmabin Township of Sagaing Region, according to the Yinmabin District Agriculture Department.

For the 2025-2026 monsoon cropping season in Yinmabin Township, it is planned to cultivate 30,000 acres of rainfed paddy. Planting began in May this year, and as of today, 6,564 acres have already been cultivated.

"This year, we've planned to grow 30,000 acres of rainfed paddy in Yinmabin Township. So far, over 6,000 acres have been planted and cultivation is still ongoing. We are working to ensure the full target acreage is met. Farmers are being provided with the necessary technologies and quality seed varieties to enable timely and effective planting," said Daw Myat Moe Win, Head of the Yinmabin District Agriculture Department.

To ensure systematic and trouble-free rainfed paddy cultivation this year, the relevant township agriculture departments are collaborating closely with local farmers.

In Yinmabin Township, support is being provided to farmers through agricultural training, pest prevention awareness, guidance to avoid crop damage and loss, and advice on proper post-harvest handling so that harvested paddy can be stored under cover in a timely manner.

The township agriculture department and its staff are also providing field-level technical assistance to help ensure the success and high productivity of this year's rainfed paddy cultivation. This includes promoting the use of quality pure seed varieties, pest prevention measures, manual weeding and thinning, varietal selection and removal of undesired plants, and systematic application of fertilizers. 206

# Trump says to seek extensions of federal control of D.C. police

**Washington August 14**

U.S. President Donald Trump said Wednesday that he will submit a crime bill and ask Congress for approval to extend the federal control of the Metropolitan Police Department to address crime in the nation's capital.

"We're going to need a crime bill that we're going to be putting in, and it's going to pertain initially to D.C.," Trump told reporters following an event at the Kennedy Center. "We're going to be asking for extensions on that, long-term extensions, because you can't have 30 days."

On Monday, Trump signed an executive order declaring a crime emergency in Washington, D.C. to "protect public servants, citizens, and tourists, and ensure the safe functioning of the federal government," according to the White House.

The emergency will last for 30 days, and any extension needs to be approved by Congress.

Trump on Wednesday also criticized D.C.'s push for statehood, saying: "Statehood is ridiculous. We want to straighten the place out."

Xinhua

# Israeli army okays "main framework" of Gaza attack plan despite global condemnation, kills 41 across Gaza

**Jerusalem August 14**

Israel's military chief Eyal Zamir on Wednesday approved the main framework of a government plan to expand the offensive in Gaza to areas not yet under Israeli control.

The offensive will later target refugee camps in central Gaza and the southern area of Al Mawasi, where most of Gaza's 2.2 million residents have taken shelter, according to a statement by the Israeli military.

The principles of the plan were approved in a meeting of security officials earlier on Wednesday, the statement said, adding that "the central concept for the plan for the next stages in the Gaza Strip was presented and approved, in accordance with the directive of the political echelon."

Zamir's approval came three days after Prime Minister Benjamin Netanyahu said the military had been ordered to enter the "decisive stage" of the Gaza war, aimed at seizing the remaining Hamas strongholds in Gaza City, refugee camps in central Gaza, and Al Mawasi's southern area, an order widely condemned amid Gaza's worsening humanitarian crisis. Xinhua


This photo released by Israel Defense Forces (IDF) on Aug. 13, 2025 shows Israel's military chief Eyal Zamir attending a meeting of security officials.

# Katha Township grow more than 1,000 acres of maize and sweet corn as monsoon crops


A maize plantation in Katha Township.

**Katha August 14**

More than 1,000 acres of maize and sweet corns have been planted in Katha Township of Sagaing Region, according to Katha Township Agriculture Department.

For the 2025-2026 monsoon cropping season in Katha Township, it is planned to cultivate a total of 4,667 acres — 2,942 acres of maize and 1,725 acres of sweet corn. Planting began in June this year, and as of today, 698 acres of maize and 341 acres of sweet corn have been cultivated, totalling 1,039 acres.

"This year, we've planned to cultivate over 4,000 acres of maize and sweet corn in Katha Township. So far, over 1,000 acres have been planted. We are working to ensure the full targeted acreage is achieved. To support successful crop development, we are providing awareness on pest and disease prevention," said U Ko Lay, Head of the Katha Township Department of Agriculture.

In Katha Township, farmers growing maize and sweet corn are being supported by the township's agricultural department through training sessions, field demonstrations, early pest prevention measures, integrated pest management (IPM) techniques using neem, ginger, and chilli-based natural pesticides, and other agriculture-related awareness programmes.

For cultivation in Katha Township, maize typically yields over 50 baskets per acre, with a production cost of around K500,000 per acre. For sweet corn, yields reach around 15,000 cobs per acre, with production costs exceeding K500,000 per acre.

206

# Wetlet Township completes cultivation of sesame as monsoon crops

**Wetlet August 14**

Local farmers have planted 14,589 acres of rainfed sesame in Wetlet Township of Sagaing Region, according to the township Agriculture Department.

For the 2025-2026 monsoon cropping season in Wetlet Township, it is planned to cultivate 16,075 acres of rainfed sesame. Planting began in May this year, and as of today, 14,589 acres have been cultivated against the target cultivation.

"This year, for the monsoon season in Wetlet Township, we have planned to cultivate over 16,000 acres of sesame. So far, more than 14,000 acres have been completed. We are working to ensure the full planned acreage is planted. Efforts are also underway to expand sesame cultivation, improve yields, and promote planting using GAP (Good Agricultural Practices) techniques," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, the Wetlet Township Agriculture Department has been providing education to sesame farmers on expanding cultivation areas, correct planting methods, GAP techniques, planting quality and pure seed varieties, and cultivating high-yielding varieties.

Crops grown and produced under the GAP system have better quality and command higher prices compared to crops grown with other cultivation methods. Due to these benefits, including the ability to export not only to domestic but also international markets, farmers who adopt GAP cultivation methods are expected to gain more profits and improve their socioeconomic lives.

206


A sesame plantation.

# Hilsa trading booms in Maubin Township

**Maubin August 14**

Trading of hilsa is in high demand in Maubin Township of Ayeyawady Region, said Daw Thida, the owner of marine product trading depot in Maubin Township.

Starting from the second week of July this year until now, the purchase of hilsa fish in Maubin Township has been strong, with active and steady trade reported. Currently, daily transactions of hilsa fish range from 4,000 to 5,000 viss.

"The hilsa fish currently being traded are locally sourced. The trade is balanced in terms of both incoming and outgoing volumes. With rising demand from Yangon in addition to local markets, sales have been going well. Up to 5,000 viss of hilsa fish are being traded daily. The prices of hilsa fish vary depending on their freshness, size, and weight. The fish shipped from here are sold not only in the local markets but also redistributed and sold in other regions," said Daw Thida.

In the domestic market in Maubin Township, small-sized hilsa fetches K18,500 per viss, the medium-sized K27,000 to K35,500 per viss and the large one K55,000 to K65,000 per viss.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers harvest all sown acreage of summer paddy in Htigyaing Township

**Htigyaing August 14**

According to the data of Htigyaing Township Agriculture Department, local farmers have harvested all sown acreage of summer paddy in Htigyaing Township of Sagaing Region.

In Htigyaing Township, during this year's summer cropping season, a total of 10,267 acres of summer paddy were cultivated. Harvesting of these paddy fields began in May, and as of today, 100 per cent of the harvest has been completed, with an average yield of 91.29 baskets per acre.

"This year, during the summer cropping season in Htigyaing Township, 10,267 acres of summer paddy were cultivated. At present, all of the cultivated acres have been fully harvested. Farmers were provided with agricultural techniques, pest prevention awareness, crop loss mitigation advice, and post-harvest handling knowledge to ensure paddy was safely stored under cover in a timely manner," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

To improve yield and achieve target production levels, the agriculture department supported summer paddy farmers by distributing quality and pure seed varieties, providing educational pamphlets, conducting farmer training sessions and awareness discussions, and ensuring timely access to necessary inputs.

Leading farmers have been encouraged to prepare in advance for timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon crops. This includes following official guidelines on pest and disease prevention, soil fertility enhancement activities, and seed collection of quality varieties in coordination with the Department of Agriculture.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားလေတပ်က Geran-2 တိုက်ခိုက်ရေးဒရုန်းတွင် PTM-3 သံချပ်ကာဖျက်မိုင်းများ တပ်ဆင်အသုံးပြုနေ



ရုရှားလေတပ်သည် Geran-2 ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများတွင် PTM-3 သံချပ်ကာဖျက်မိုင်းများ တပ်ဆင်၍ ယူကရိန်းအထူးစစ်ဆင်ရေးတွင် စတင်အသုံးပြုနေပြီဖြစ်ကြောင်း Military Watch Magazine သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုမိုင်းများကို ဒရုန်းကိုယ်ထည်အောက်တွင် တပ်ဆင်ထားသည့် ဘူးများဖြင့် သယ်ဆောင်ခြင်းဖြစ်သည်။ ဤသို့ ဈေးနှုန်းသက်သာသော ဒရုန်းများကို အသုံးပြု၍လေကြောင်းမှ မိုင်းချနိုင်ခြင်းသည် ရုရှားတပ်မတော်၏ မိုင်းစစ်ဆင်ရေးကို ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိစွာ ဆောင်ရွက်နိုင်မှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ ၎င်းသည် ယူကရိန်းပိုင်ဆိုင်သည့် တင့်ကား ထောင်ပေါင်းများစွာနှင့် အခြားသံချပ်ကာယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းတစ်ခုလည်း ဖြစ်လာနိုင်ဖွယ်ရှိနေသည်။

၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် ရုရှားနိုင်ငံ၏ Geran -2 တိုက်ခိုက်ရေးဒရုန်းများ ထုတ်လုပ်နိုင်မှုစွမ်းရည်မှာ အလွန်တိုးတက်လာခဲ့သည်။ ထိုအချိန်က သတင်းများအရ စက်ရုံသည် တစ်နေ့လျှင် Geran-2 ဒရုန်းအစီး ၅၀၀ ထိ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

မြေပြင်ပစ်မှတ်များကို တိုက်ခိုက်သည့် နောက်ဆုံးပေါ် နည်းဗျူဟာမြောက် ဒရုန်းစစ်ဆင်ရေး၏ ပွဲဦးထွက်ဖြစ်သည် Geran-2 ဒရုန်းသည် ရန်သူ့ထောက်ပံ့ရေး လမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ မိုင်းထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တစ်စီး ပျက်စီးသွားပြီးနောက် ယာဉ်တစ်စီးမှာလည်း ထိခိုက်ပျက်စီးခဲ့ရကာ ထွက်ပြေးနိုင်ခဲ့သော်လည်း သိပ်ဝေးဝေးမသွားနိုင်ဟု ဖော်ပြထားသည်။ လမ်းညွှန်မှုစနစ်ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပြီး နည်းဗျူဟာမြောက် တိုးချဲ့အသုံးပြုလာနိုင်ပါက ယူကရိန်းတို့၏ ထောက်ပံ့ပို့ဆောင်ရေးကို ကောင်းစွာ ဒုက္ခပေးထားနိုင်လိမ့်မည်ဟု ရေးသားဖော်ပြခဲ့သည်။

Geran-2 တိုက်ခိုက်ရေးဒရုန်း၏ တိုက်ပွဲဝင်နိုင်သော အကွာအဝေးသည် ကီလိုမီတာ ၁၀၀၀ ကျော် ရှိကြောင်းကိုလည်း ရုရှားအခြေစိုက်စစ်ဘက်တယ်လီဂရမ်ချန်နယ် NGP-Razvedka က အလေးပေးဖော်ပြခဲ့သည်။ ၎င်း၏ ဆိုလိုရင်းမှာ ယူကရိန်းထိန်းချုပ်နယ်မြေအတွင်းသို့ ကီလိုမီတာ ၁၀၀၀ အကွာအဝေးထိ အုပ်ချုပ်ထောက်ပံ့မှုလမ်းကြောင်းများကို လေကြောင်းမှ မိုင်းထောင်နိုင်ပြီး အကြီးအကျယ်တိုက်ခိုက်စေနိုင်လိမ့်မည်ဖြစ်သည်ဟု ဖော်ပြထားသေးသည်။

အသုံးပြုခဲ့သော PTM-3 မိုင်းသည် အရွယ်အစားသေးငယ်ပြီး ဒရုန်းတစ်စင်းစီတွင်အများအပြား သယ်ဆောင်နိုင်စွမ်းရှိသည်။ ၎င်းမိုင်းတွင် သံလိုက်ဖြင့်အာရုံခံနိုင်သော စနစ်ပါရှိပြီး ယာဉ်များဖြတ်သန်းသွားလာသည့်အခါတွင် ပေါက်ကွဲစေရန် အထူးပြုလုပ်ထားသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းအထူးစစ်ဆင်ရေးစတင်ကတည်းက ယူကရိန်း၏ သံချပ်ကာယာဉ်များ ဆုံးရှုံးမှုများ သိသိသာသာ မြင့်မားခဲ့ကြောင်း သိရသည်။

**Russian Kamikaze Drones Fly New Mine Warfare Missions Against Ukrainian Armour** ကို ဘာသာပြန်ဆိုထားပါသည်။

---

## မလေးရှားလေတပ်က ရုရှား-အိန္ဒိယပူးတွဲထုတ် BrahMos-A ဒုံးကျည်များကို Su-30MKM တိုက်လေယာဉ်များတွင် တပ်ဆင်ရန်လေ့လာနေ

မလေးရှားတော်ဝင်လေတပ် (RMAF) သည် ရုရှား-အိန္ဒိယပူးတွဲထုတ် BrahMos-A စူပါဆောနစ်ခရုဇ်ဒုံးကျည်ကို ၎င်းတို့၏ Su-30MKM တိုက်လေယာဉ်များတွင် တပ်ဆင်ရန် အသေးစိတ်လေ့လာနေကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဆောင်ရွက်ချက်သည် ရေပြင်နှင့် ကုန်းမြေပစ်မှတ်များကို အဝေးမှ တိကျစွာပစ်ခတ်နိုင်သည့် မလေးရှားတော်ဝင်လေတပ်၏ စွမ်းရည်ကို မြှင့်တင်နိုင်စေရုံမျှမက မလေးရှားနှင့် အိန္ဒိယတို့၏ နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်သည်။

မလေးရှားနိုင်ငံအတွက် အထူးပြုပြင်ထုတ်လုပ်ထားသည့် Su-30MKM တိုက်လေယာဉ်သည် အိန္ဒိယလေတပ်ရှိ Su-30MKI များနှင့် အများစုတူညီသည်။ Su-30MKI ကို အိန္ဒိယနိုင်ငံ၏ Hindustan Aeronautics Limited (HAL) ကုမ္ပဏီက အလေးချိန် ၂ ဒသမ ၅ တန်ရှိသော BrahMos-A ဒုံးကျည် သယ်ဆောင်နိုင်ရန် ပြုပြင်မွမ်းမံပြီးဖြစ်သည်။ ဤတူညီမှုသည် ဒုံးကျည်တပ်ဆင်ရာတွင် အထောက်အကူပြုသော်လည်း သိသာထင်ရှားသည့် အင်ဂျင်နီယာလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်နေဦးမည်ဖြစ်သည်။

ဒုံးကျည်၏ အလေးချိန်နှင့်လေခွင်းအားဒဏ်ကိုခံနိုင်ရည်ရှိရန်၊ လေယာဉ်ကိုယ်ထည်ကိုအားဖြည့်ရန်နှင့် ဒုံးကျည်တပ်ဆင်သည့် နေရာများကို ခိုင်ခံ့အောင် ပြုလုပ်ရန်လိုအပ်သည်။ ထို့ပြင် ဒုံးကျည်၏ လမ်းညွှန်မှုစနစ်နှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန် လေယာဉ်၏ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်နှင့်ကွန်ပျူတာများကို ဆော့ဖ်ဝဲလ်အသစ်များ ထည့်သွင်းအသုံးပြုရန် ပြင်ဆင်ရမည်ဖြစ်သည်။ ဤပြုပြင်ပြောင်းလဲမှုများနှင့် စမ်းသပ်မှုများသည် ဒုံးကျည်ကို အပြည့်အဝအသုံးပြုနိုင်ရန် နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သည်ဟု ခန့်မှန်းရသည်။

BrahMos-A သည် အိန္ဒိယ-ရုရှားပူးတွဲထုတ်လုပ်သော BrahMos ဒုံးကျည်အုပ်စုဝင်လေယာဉ်ဖြင့် ပစ်လွှတ်နိုင်သည့် ဒုံးကျည်အမျိုးအစားဖြစ်သည်။ ရေတပ်သုံးဒုံးကျည်၏ ကိုယ်ထည် ၈ ဒသမ ၉ မီတာရှိရာမှ လေယာဉ်တွင် တပ်ဆင်နိုင်ရန် ၈ ဒသမ ၄ မီတာထိတိုအောင် ပြုပြင်ထားသည်။ ၎င်း၏ နှစ်ဆင့်တွန်းကန်အားစနစ်ပထမအဆင့်တွင် အရှိန်မြှင့်ရန်အတွက် solid-fuel booster ကို အသုံးပြုပြီး ထပ်မံ၍ အရှိန်မြင့် ပျံသန်းမှုအတွက် liquid-fueled ramjet sustainer ကို အသုံးပြုသည်။

ဤဒုံးကျည်သည် Mach 2.8 အလျင်နှုန်းဖြင့် ပျံသန်းနိုင်သဖြင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်အများစုကို ကျော်လွှား တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ကီလိုမီတာ ၂၉၀ ကျော်ရှိသောကြောင့် ရန်သူ့သင်္ဘောတင်လေကြောင်းရန် ကာကွယ်ရေး လက်နက်စနစ်များ လက်လှမ်းမမီနိုင်သည့်အကွာအဝေးမှ ပစ်ခတ်နိုင်သည်။ လမ်းညွှန်မှုစနစ်အတွက် GPS စနစ်ဖြင့် ပေါင်းစပ်ထားပြီး ပစ်မှတ်အနီးရောက်သည့်အခါ တိကျသေချာစွာ ထိမှန်စေရန် active radar seeker ကို အသုံးပြုထားသည်။

အလေးချိန်၂၀၀ ကီလိုဂရမ်မှ ၃၀၀ ကီလိုဂရမ်ထိ ပေါက်ကွဲအားပြင်းထိပ်ဖူးသည် ရေတပ်သင်္ဘောကြီးများ၊ အခိုင်အမာ ကုန်းမြေပစ်မှတ်များနှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်သည့် စွယ်စုံသုံး လက်နက်တစ်ခုဖြစ်သည်။

Su-30MKM တွင် BrahMos-A ဒုံးကျည်ကိုတပ်ဆင်ခြင်းဖြင့် RMAFသည် ရန်သူပိုင်နက်ထဲသို့ မဝင်ဘဲ ပင်လယ်ရေပြင်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လေထဲတွင် ဆီဖြည့်နိုင်သည့်စနစ်ကြောင့် Su-30MKM သည် တိုက်ခိုက်ရေးအကွာအဝေး ကီလိုမီတာ ၁၅၀၀ ကျော်ထိ တိုးချဲ့တိုက်ပွဲဝင်နိုင်ပြီး တောင်တရုတ်ပင်လယ်ဒေသတစ် လျှောက်ရှိ မဟာဗျူဟာမြောက်ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိလာစေမည်ဖြစ်သည်။



**Malaysia Considers Integrating Russian-Indian BrahMos-A Missile on its Su-30MKM Fighters.** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၅၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၅၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၉၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလဒုတိယ ပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၅၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ၄၅၁၉၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၅၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့အတွက် ပညာပေးတာတွေရှိပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ငါးရွှေငါး၊ နတ်ကတော်ငါး၊ ငါးရောင်ငါး၊ ငါးပုတ်သင်ငါး စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိသော စည်ဖောင်းများကို စနစ်တကျသန့်စင်ကာ နေပူလှန်း အခြောက်ခံပြီး ထုတ်လုပ် တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအား ကောင်းလာတာကြောင့် အရောင်းအဝယ် ကောင်းခဲ့တာပါ။ ငါးစည်ဖောင်းခြောက်တွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည် တင်ပို့ရောင်းချနေပါတယ်" ဟု ဒေးဒရဲမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များသည် အရွယ်အစားအကြီးအသေး အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲ ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

**မိုင်းယန်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်သည့် ရေပိုက် သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကော်နမ့်ခဲဝမ်မိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံ ငွေကျပ် ၇ ဒသမ ၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ သန်းဖြင့် စိမ့်ရေသွယ်တန်းခြင်းအတွက် တစ်လက်မခွဲPVCပိုက် အရှည်ပေ ၂၃၁၀ ရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လတတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကြို့ပင်ကောက်မြို့နယ် အုန်းတောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**ကြို့ပင်ကောက် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုန်းတောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားပါသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘော ဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းတောကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား ထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။


**သန်းလွင်(မကွေး)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၁၄

၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ဒေသစံတော်ချိန် ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေး၍ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ထောက်ခံအားပေးကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Michael Dunford နှင့် အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများအား ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်နေသည့် ရခိုင်ပြည်နယ်မှ ဒေသခံ့ဝန်ထမ်းများအနက် NV ကတ် ကိုင်ဆောင်ထားသူများအား ဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံး (UNRCO)၏ ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ UN/INGO ဝန်ထမ်းများနှင့် မိသားစုများအား ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခွင့်ပြုထားရှိမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းပါက ပြန်လည် တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ဆောင်ရွက်ရေး၊ WFP အနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးရာတွင် MoU တွင်ပါရှိသော ထောက်ပံ့ရေးနည်းလမ်းများနှင့်အညီ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား UNHCR ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လက်ခံတွေ့ဆုံ

မန္တလေး ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့မွန်းလွဲပိုင်းက ဂျပန်နိုင်ငံအခြေစိုက် AEON Co.,Ltd မှ လျှောင်ဘေးသင့်ဒေသများသို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက ဂျပန်နိုင်ငံအခြေစိုက် AEON Co.,Ltd မှ လျှောင်ဘေးသင့်ဒေသများသို့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန် လှူဒါန်းထားသည့် ငွေများမှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအနက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်လှူဒါန်းရန် တိုင်းဒေသကြီးအတွင်း လျာထားရွေးချယ်ထားမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ရှင်းလင်းတင်ပြရွေးချယ်ထားမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်



# အာဆီယံ နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းဆက်နွယ်မှု ပိုမိုအားကောင်းလာစေရေးအတွက် အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသော ကဏ္ဍာစုံဝန်ကြီးအဆင့်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံကကြီးမှူး၍ Video Conferencing ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဘာသာရပ်ဆိုင်ရာကဏ္ဍာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ရုံးဌာနများမှ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။




အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ၂၀၄၅ ခုနှစ်မတိုင်မီ အကောင်အထည်ဖော်ဆောင်ရွက်မည့် (ASEAN Power Grid Financing Facility (APGF)) စီမံကိန်းများတွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအိုနှင့် ထိုင်းနိုင်ငံတို့ထံမှ နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရယူနိုင်ရေး စီမံကိန်းများ ပါဝင်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်များ အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ပထဝီနိုင်ငံရေးအခွင့်အလမ်းများကိုအသုံးချ၍ ဒေသတွင်းစီးပွားရေးနှင့် စွမ်းအင်ကဏ္ဍာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများလာရောက်ရင်းနှီးမြှုပ်နှံဖော်ဆောင်ကြရန် ဖိတ်ခေါ်ကြောင်း၊ မိမိနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က ဒေသတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်ဖူလုံမှု၊ စွမ်းအင်ရယူသုံးစွဲနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကို တိုးမြှင့်ရန် ထိရောက်မှုရှိသော၊ အားလုံးပါဝင်နိုင်သောချဉ်းကပ်မှုဖြင့် အလေးထားဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်များပေါများသည့်အတွက် အာဆီယံနိုင်ငံများ၏ စွမ်းအင်ကဏ္ဍာ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှု စီမံကိန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့မှုစနစ် (ASEAN Power Grid Financing Facility(APGF)) ဖြစ်ပေါ်လာစေရေး မဟာဗျူဟာကိစ္စရပ်များ၊ အာဆီယံနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားချိတ်ဆက်ရောင်းဝယ်မှုစီမံကိန်းများ (ASEAN Power Grid – APG) အကောင်အထည်ပေါ်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းအစီအမံများဆိုင်ရာ ကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့အကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ၁၅ ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မက္ကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ကျင်းပမည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia PacificJoint Group-APJG) ၏ မျက်နှာစုံညီအစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးရန်နှင့် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်ထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည်အစည်းအဝေးနှင့် သင်တန်းနှင့် နည်းပညာပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုပေးပို့ရန် အချက်များအလိုက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းသည့်မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများကလည်းကောင်း၊ ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည်အစည်းအဝေးနှင့် သင်တန်းနှင့် နည်းပညာပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အချက်များအား ညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် တပ်ဖွဲ့မှူး ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ တာဝန်ရှိသူများ၊ တိုးတက်မှုအစီရင်ခံစာမူကြမ်း (အင်္ဂလိပ်+ မြန်မာ) စိစစ်ရေးသားအဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

**ရှေ့ဖုံးမှအဆက်**

စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၁၄၆ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၈ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၉ ဦးကို သွေးအမျိုးအစား စစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၄၉ ဦးအား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၄၉ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (၅၀၁)



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

လက်ချာ







မြန်မာလူမျိုးတို့သည် ဧည့်ဝတ်ကျေပွန်ကာ သူတထူးအား ယဉ်ကျေးစွာ ဆက်ဆံတတ်သည့် လူမျိုးများဖြစ်သည်။ မိမိတို့အိမ်သို့ ဧည့်လာလျှင် ကွမ်း၊ ဆေး၊ လက်ဖက်၊ အချိုအချဉ် အစုံအလင်နှင့် ဧည့်ခံလေ့ရှိသလိုပင် မိမိက အခြားတစ်ပါးသို့ ခရီးသွားလျှင်လည်း ကောင်းနိုးရာရာ လက်ဆောင်ပစ္စည်းများအား ယူဆောင်သွားလေ့ရှိသည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းကပင် မိတ်ဖက်နိုင်ငံနှင့် အပြန်အလှန်ကမ်းလှမ်းသည့် လက်ဆောင်များတွင် တန်ဖိုးကြီးမားမှု ရှိသလို နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ရည်ကို ပြသနိုင်သည့် လက်ဆောင်များ ပေးလေ့ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ၏ ဘယ်လာရုစ်နိုင်ငံတွင်ကျင်းပခဲ့သော ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့ သွားရောက်သည့် ခရီးစဉ်တွင် ထိုကဲ့သို့ သဘောဆောင်သည့် လက်ဆောင်များကို အပြန်အလှန် လဲလှယ်ပေးအပ်ခဲ့သည်ကို တွေ့ရှိရသည်။ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ရည်ကို ပြသနိုင်ပြီး မြန်မာလူမျိုးတို့၏ ဧည့်ဝတ်ကျေပွန်ခြင်း ယဉ်ကျေးမှုအစဉ်အလာအား စောင့်ထိန်းခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ ပေးခဲ့သော လက်ဆောင်များတွင် ထူးခြားသည့် လက်ဆောင်များမှာ မြန်မာ့ယွန်းထည်များပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ယွန်းထည်ပြုလုပ်သည့်နိုင်ငံ များစွာရှိနေသော်လည်း မြန်မာ့ယွန်းထည်များသည် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ဟန်အပြည့်အဝ အသုံးပြုထားသော ထူးခြားသည့် ယွန်းထည်များဖြစ်သည်။ ယွန်းလုပ်ငန်းနှင့်ပတ်သက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်အစုံလင်ဆုံးနှင့် အထွန်းကားဆုံးနိုင်ငံဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ယဉ်ကျေးမှုပုံစံအား သမိုင်းပညာရှင်များ သုံးသပ်ကြသည်မှာ "Adept and Adopt" ဖြစ်သည်ဟု ဆိုကြသည်။ မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအတွင်းသို့ အခြားယဉ်ကျေးမှု ဝင်ရောက်လာပါက တိုက်ရိုက်ကူးယူခြင်းထက် မြန်မာတို့နှင့်ကိုက်ညီမည့်ပုံစံသို့ ပြောင်းလဲကာ မိမိတို့၏ကိုယ်ပိုင်ပုံစံအသစ်ဖြင့် ရောနှောစေပြီးမှ မွေးစားသည့် သဘောရှိခြင်းကြောင့် ထိုသို့သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာပညာရှင်များသည်လည်း ရှေးယခင်ကတည်းကပင် “အရိုးအား အရွက်မဖုံးရာ” ဟူသော ဆိုရိုးစကားဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား အခြားယဉ်ကျေးမှုက ဖုံးလွှမ်းခြင်း မပြုစေရန် သတိပေးစကားထားရှိခဲ့ကြပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌသည် မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့် သက်ဆိုင်သည့် အခမ်းအနားများတွင် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့်ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ်(National Spirit) နှင့် တန်ဖိုးထားမှုစနစ် (Value System) များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု(Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာအောင်နှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား တိုင်းတစ်ပါးယဉ်ကျေးမှုများမှ ဖုံးလွှမ်းမခံရအောင်၊ တစ်နည်းဆိုရသော် အရိုးပေါ် အရွက်မဖုံးရန် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်း မှာကြားထားသည်မှာလည်း အစဉ်သတိပြုလိုက်နာဖွယ်ဖြစ်သည်။

## မြန်မာ့ယွန်းထည်သမိုင်း

မြန်မာ့ယွန်းထည်သမိုင်းအား ဆန်းစစ်သုံးသပ်ရာတွင် မြန်မာ့ယွန်းထည်ပညာဖြစ်သော ပန်းယွန်းသည် အခြားနိုင်ငံများနှင့် ခေတ်ပြိုင်ပေါ်ထွန်းလာခဲ့ပြီး ရိုးရှင်းလှသောပုံစံမှ အဆင်တန်ဆာများ ခြယ်မှုန်းသည့်ပုံစံ စသဖြင့် တည်ရှိခဲ့ပြီး အရှေ့တောင်အာရှ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိနေသဖြင့် အခြားနိုင်ငံများဆီက ယွန်းထည်ပုံစံများ





ကို နမူနာယူကာ မြန်မာ့ဟန်ပြောင်းလဲ၍ အမျိုးအမည် များပြားစုံလင်လှသော ယွန်းထည်များ ထုတ်လုပ်နိုင်ခဲ့သည်ဟု ယူဆကြပါသည်။ ထိုယူဆချက်အား "Lacquerware Journeys: The Untold Story of Burmese Lacquer" ISBN (International Standard Book Num- bers) 9786167339238 စာအုပ်တွင် မြန်မာ့ယွန်းထည်သည် နှစ် ၇၀၀၀ ကျော်ကြာမြင့်ပြီဖြစ်သည့် တရုတ်ယွန်းပညာဆီမှ မြစ်ဖျားခံခြင်းမဟုတ်ဘဲ ထူးခြားသောကိုယ်ပိုင်ဟန်များဖြင့် တိုးတက်လာပြီး အေဒီ ၁၀ ရာစုတွင် ပြည့်စုံသော မြန်မာယွန်းထည်ပုံစံ ဖြစ်ပေါ်လာခဲ့သည်ဟု သုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။ မြန်မာ့ယွန်းထည်များတွင် ရိုးရှင်းသော သစ်စေးသုတ်အထည်များ၊ ဆေးရောင်များဖြင့် အဆင်တန်ဆာခြယ်သသော အထည်များ၊ ရွှေ ငွေ၊ ဖန်မှန်ကျောက်မျက်များဖြင့် အလှဆင်သော အထည်များ၊ ရွှေပိန်းချ ရွှေဇဝါရေးအထည်များ၊ ရုပ်လုံးရုပ်ကြွအထည်များ စသဖြင့် အမျိုးအစားများစုံလင်စွာ တွေ့ရှိရပါသည်။ အောက်ခံထည်အဖြစ် အရှေ့တောင်အာရှပုံစံ ကြိမ်နှင့် ဝါးနှီးများအပြင် အရှေ့အာရှပုံစံဖြစ်သော သစ်သားသုံးသည့်ပုံစံလည်းရှိသဖြင့် မြန်မာ့ယွန်းပညာသည် နည်းစနစ်များစွာ ပါဝင်နေသော ထူးခြားသော ကိုယ်ပိုင်ဟန်ကို ပိုင်ဆိုင်ပါသည်။










## မြန်မာ့ယွန်းထည်အမျိုးအစားများ

မြန်မာနိုင်ငံတွင် ယွန်းလုပ်ငန်းအား ပုဂံဒေသတွင် ယွန်းထည်လုပ်ငန်းကို နည်းစနစ်အစုံလင်ဆုံး တွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များကို ဖော်ပြပါအတိုင်း ပြုလုပ်နည်းပေါ်မူတည်၍ အမည်ပေးကြပါသည်-

**ကျောက်ကာထည်။** ရိုးစင်းကာ အဆင်တန်ဆာမပါသော ပုံစံဖြစ်ကာ မြန်မာ့ယွန်းထည်၏မူလပုံစံဟု ယူဆရပါသည်။ အောက်ခံအဖြစ် သစ်သားနှင့် နှီးကို အသုံးပြုကာ အပေါ်မှနေ၍ သစ်စေးထူထဲစွာ အထပ်ထပ်လိမ်းကျံသည့် နည်းစနစ်ဖြင့် ပြုလုပ်ပါသည်။ ကျောက်ကာထည်များကို စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ကာမြို့နယ်တွင် ပြုလုပ်ပါသည်။ ယနေ့အချိန်တွင် ကျောက်ကာထည်တွင် ယွန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မရှိသလောက်နည်းပါးနေပြီဖြစ်ပါသည်။

**ယွန်းထည်ရိုးရိုး။** ဆေးသွင်းယွန်းထည်ဟုလည်းခေါ်ဆိုသော ယွန်းထည်ကို ပုဂံမြို့တွင် အဓိကထုတ်လုပ်ပါသည်။ သစ်စေးသုတ်လိမ်း၍ အခြောက်ခံထားသော ယွန်းထည်ပေါ်တွင် ကညစ်အသုံးပြုကာ လှပသောပုံစံများ ရေးဆွဲပြီး ဆေးရောင်များထည့်သွင်းကာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ယွန်းထည်များကို လုပ်ဆောင်မှုတစ်ခုပြီးစီးတိုင်း မြေတိုက်ဟူသည့် အေးမြခြောက်သွေ့သောနေရာတွင် ပြန်လည်သိုလှောင်အခြောက်ခံပြီးမှ လုပ်ဆောင်ခြင်းဖြစ်ရာ အနုစိတ်၍ ဂရုတစိုက်လုပ်ဆောင်ရသောနည်းပင်ဖြစ်ပါသည်။ လုပ်ဆောင်ရသည့် အဆင့်များမှာ အောက်ခံထည်အပြီး သစ်စေးအကြမ်းသုတ်လိမ်းခြင်း၊ အပေါ်ယံသစ်စေးလွှာသုတ်လိမ်းခြင်း၊ ပုံဖော်ခြင်း၊ ဆေးရောင်သွင်းခြင်း၊ အချောသပ်ခြင်းတို့ပင် ဖြစ်ပါသည်။ ဤနည်းစနစ်တွင်မြန်မာ့ယွန်းထည်များသည် အခြားနိုင်ငံများမှ ယွန်းထည်နည်းစနစ်များနှင့် မတူညီသည့်ပုံစံအား တွေ့ရှိရသည်။ အောက်ခံထည်ပြုလုပ်ရာတွင် ဝါးနှီးအပြင် မြင်းလည်ဆံမွေးကို ထည့်သွင်းကာ ပြုလုပ်ထားသဖြင့် ဖိလျှင်မပိ၊ ချိုးလျှင်မကျိုး၊ သွင်းသည့် ယွန်းသားကြေပျက်ခြင်းမရှိဟူသည့် မြန်မာ့နည်းဟန်ကို တွေ့ရှိနိုင်ပါသည်။

**ရွှေယွန်းထည်။** ဆေးရောင်နေရာတွင် ရွှေမျက်ပါးများကို ခဲယပ်ဖြင့် ကျွမ်းကျင်စွာပုံဖော်ကာ သစ်စေးပေါ်၌ ကပ်၍ပြုလုပ်ထားသော ယွန်းထည်များဖြစ်သည်။ ရွှေယွန်းထည်များကို ပုဂံတွင် အဓိကလုပ်ဆောင်ကာ နိုင်ငံတကာဈေးကွက်သို့ပင် တင်ပို့ရောင်းချလျက်ရှိသော ယွန်းထည်အမျိုးအစားများဖြစ်ပါသည်။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

**သရိုးထည်**။ ရုပ်လုံးရုပ်ကြွပြုလုပ်ထားသော ယွန်းထည်များဖြစ်ကာ သစ်စေးကို အရိုးပြာမှုန့်၊ စပါးခွံနှင့် သစ်လွှစာမှုန့်တစ်ခါတစ်ရံတွင် နွားချေးဖြင့် သမအောင်ရောစပ်ကာ ရရှိလာသောသရိုးကို ရုပ်လုံးရုပ်ကြွအဖြစ်ပြုလုပ်၍ ထိုရုပ်လုံးရုပ်ကြွများကို ဆေး၊ ရွှေမျက်ပါး စသည်တို့ဖြင့် တန်ဆာဆင်၍ ပြုလုပ်သော နည်းစနစ်ဖြစ်ပါသည်။

**မှန်စီရွှေချယွန်းထည်**။ ဆေးသွင်း၊ ရွှေသွင်းယွန်းထည်များနှင့် လုပ်ဆောင်ပုံမတူညီဘဲ ထူထပ်စွာ သုတ်လိမ်းထားသော သစ်စေးအတွင်းတွင် ဖန်(မှန်)၊ ကြွေ၊ ကျောက်သလင်း၊ ခရုခွံ၊ ပုလဲ၊ ဘော်ကြယ်၊ ရွှေဆိုင်းတို့ဖြင့် မြှုပ်နှံထည့်သွင်းကာ လှပစွာစီရင်ထားသော ယွန်းထည်ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်တွင် ရာထူးဌာနအဆောင်အယောင်ကို ပြသသည့် မင်းခမ်းမင်းနားပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြပါသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမားကာ ပြုလုပ်ရန် အချိန်များစွာလိုအပ်သဖြင့် မြန်မာ့ယွန်းထည်များထဲတွင် တန်ဖိုးအကြီးမားဆုံး ယွန်းထည်လည်းဖြစ်ပါသည်။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လက်ဆောင်ပေးခဲ့သော မြန်မာ့ယွန်းထည်များ**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်းတွင် အခြားနိုင်ငံမှ ခေါင်းဆောင်များကို မြန်မာမှုလက်မှုလက်ရာထဲတွင် အကောင်းဆုံးဟု ဖော်ပြနိုင်မည့် ယွန်းထည်များအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ကို တွေ့မြင်ရပါသည်။ အိမ်ရှင်ဖြစ်သည့် ဘယ်လာရုစ်သမ္မတကြီးအား ပေးအပ်သည့် ဝေသန္တရာဇာတ်တော်ရုပ်စုံယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ အနုပညာလက်ရာသာမက ဗုဒ္ဓဘာသာအပေါ် ယုံကြည်ကိုင်းရှိုင်းမှုကို ဖော်ပြသည့် လက်ဆောင်ပစ္စည်းဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအား ပေးအပ်ခဲ့သည့် ကုန်းဘောင်ခေတ်လူနေမှုဘဝရုပ်စုံ ဆွမ်းအုပ်ဆိုပါက မြန်မာတို့သည် ယဉ်ကျေးသောလူမျိုးဖြစ်ရုံမက ကြီးကျယ်ခမ်းနားသည့် သမိုင်းကိုပိုင်ဆိုင်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်သည့် လက်ဆောင်ပစ္စည်းဖြစ်ပါသည်။

ကာဇက်စတန်နိုင်ငံသမ္မတအား ပေးအပ်ခဲ့သည့် ဆင်ရုပ်စုံဆွမ်းအုပ်ဆိုပါက မြန်မာ့ယွန်းပညာ၏ အနုစိတ်ကျနသောလက်ရာကို ဖော်ပြနိုင်သည့် လက်ဆောင်ပင်ဖြစ်ပါသည်။

ကျူးဘားနိုင်ငံသမ္မတအား ပေးအပ်ခဲ့သော ဆယ့်နှစ်လရာသီရုပ်စုံဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဆယ့်နှစ်ရာသီပွဲတော်များအကြောင်း ဖော်ပြထားသည့် လက်ဆောင်ကောင်းဖြစ်ပါသည်။

ဘုရားတီးနားပြည်နယ် အကြီးအကဲထံ ပေးအပ်ခဲ့သော ဂြိုဟ်ကြီးရှစ်ခွင် ယွန်းဆွမ်းအုပ်သည် မြန်မာလူမျိုးတို့၏ ယုံကြည်မှုနှင့် အစဉ်အလာများထဲမှ တစ်ခုဖြစ်သော ဇာတာတွက်ချက်သည့် နည်းလမ်းအား ယနေ့အထိ ထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်ကို ပြသနိုင်သည့် လက်ဆောင်ဖြစ်ပါသည်။

အဆိုပါ ယွန်းထည်လက်ဆောင်များသည် ငွေကြေးတန်ဖိုးထက်ပင် ယဉ်ကျေးမှုအစဉ်အလာနှင့် အနုပညာတန်ဖိုး ပိုမိုကြီးမားသည့် လက်ဆောင်များဖြစ်သဖြင့် နိုင်ငံတကာခေါင်းဆောင်များ နှစ်ခြိုက်စွာ လက်ခံခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုလက်ရာများပင်ဖြစ်ပါသည်။

ခရီးစဉ်အတွင်း နိုင်ငံတကာခေါင်းဆောင်များကိုသာမက အာရှ-ဥရောပ စီးပွားရေးဖိုရမ်သို့ တက်ရောက်လာသော တာဝန်ရှိသူများ၊ မိတ်ဆွေများအတွက်လည်း မြန်မာ့ရိုးရာယွန်းပညာနှင့် လှပစွာတန်ဆာဆင်ထားသော ကလပ်များ၊ လက်ဖက်အုပ်များ၊ ယွန်းပန်းချီများကို ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ပေးခဲ့သော လက်ဆောင်များတွင် ရှေးရိုးအစဉ်အလာယွန်းထည်များအပြင် ခေတ်နှင့်လျော်ညီစွာ ဆန်းသစ်တီထွင်ထားသည့် ယွန်းထည်သေတ္တာများနှင့် လက်ဖက်အုပ်များပါဝင်သည်ကိုတွေ့ရှိရပါသည်။ မြန်မာ့ယွန်းထည်များသည် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကာ အခြားနိုင်ငံများမှ ယွန်းထည်များနှင့်မတူ ခြားနားစွာလှပသည့် အနုပညာပစ္စည်းများဖြစ်သည်။ ဥရောပဈေးကွက်တွင် တန်းဝင်သည့် တန်ဖိုးကြီးလက်မှုပစ္စည်းများအဖြစ် နာမည်ကျော်ကြားပါသည်။

မြန်မာ့ယွန်းထည်များတွင် များသောအားဖြင့် နီညိုရောင်၊ ရွှေရောင်၊ အစိမ်း၊ အဝါကဲ့သို့သော အရောင်များကို အဓိကအသုံးပြုကာ လုပ်ဆောင်ပြီး ကနုတ်ပန်းခက်များ၊ ပန်းချီပုံများဖြင့် တန်ဆာဆင်ကြလေ့ရှိပါသည်။ ယနေ့ခေတ်တွင် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဝယ်သူများအနေဖြင့်လည်း မိမိတို့၏ စိတ်ကြိုက်ပုံစံကို ရွေးချယ်ဝယ်ယူနိုင်လေရာ ထုတ်လုပ်သူများအနေဖြင့် ဝယ်ယူသူ၏ အကြိုက်ပေါ်မူတည်ကာ ထုတ်လုပ်မှုပုံစံများ ပြောင်းလဲထုတ်လုပ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်အဖြစ်ပေးခဲ့သော ယွန်းထည်များတွင် ဥရောပသားများ နှစ်သက်သည့် ဒီဇိုင်းပုံစံများအပြင် ရိုးရှင်းလှပသော ရှေးရိုးအစဉ်အလာ ယဉ်ကျေးမှုလက်ရာများကို တွေ့ရှိခဲ့ရသည်ဖြစ်ရာ မြန်မာ့ယွန်းထည်လုပ်ငန်းနှင့် ရှေးရိုးအစဉ်အလာ အနုပညာလက်ရာများ၏ အဆင့်အတန်းမြင့်မားပုံကို နိုင်ငံတကာသို့ ပြသနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနေသော မြန်မာ့ယွန်းထည်**

မြန်မာ့ယွန်းထည်လက်မှုပညာ ခေါ်



ဆယ့်နှစ်လရာသီ ရုပ်စုံယွန်းဆွမ်းအုပ်
(အချင်း ၁၈ လက်မ၊ အမြင့် ၃ ပေ)



ဂြိုလ်ကြီး ၈ ခွင် ယွန်းဆွမ်းအုပ်
(အချင်း ၁၈ လက်မ၊ အမြင့် ၃ ပေ)

ပန်းယွန်းသည် လက်မှုပညာချည်းသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံရှိ လူမျိုးများ၏ ပေါင်းစည်းခြင်းကို ဖော်ပြနေခြင်းဖြစ်သည်။ ယွန်းထည်လုပ်ငန်းအတွက် လိုအပ်သော ဝါးများကို ဧရာဝတီမြစ်ညာဒေသများမှ ထုတ်လုပ်ရပြီး ယွန်းထည်တွင် သုတ်လိမ်းရမည့် သစ်စေးသည် ရှမ်းကုန်းမြင့်ဒေသတွင်သာ အများဆုံးထွက်ရှိပါသည်။ ထို့အတူ ယွန်းထည်ဆေးခြယ်ရန်နှင့် တန်ဆာဆင်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်းများသည် ယွန်းထည်ထုတ်လုပ်ရေးလုပ်ငန်းများရှိရာ ပုဂံမြို့တွင် ထွက်ရှိခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှထွက်ရှိကာ ပုဂံသို့ပို့ဆောင်ပြီးမှ ယွန်းထည်များ ထုတ်လုပ်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ပုဂံမြို့ရှိ ယွန်းကောလိပ်သို့ ယွန်းအတတ်ပညာဖလှယ်ရန်လာသော ဂျပန်၊ တရုတ်နိုင်ငံတို့မှ ယွန်းပညာရှင်များက မြန်မာ့ယွန်းထည်တစ်ခုသည် မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်သည်ဟု မှတ်ချက်ချသွားကြောင်း သိရှိရပါသည်။

အခြားနိုင်ငံများတွင် ယွန်းထည်ပြုလုပ်ပါက ထိုဒေသမှ ကုန်ကြမ်းပစ္စည်းများကိုသာသုံးကာ အမည်မစုံလင်သော်လည်း မြန်မာ့ယွန်းထည်တွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၏အမျိုးအစားစုံလင်မှုကို နိုင်ငံတကာမှ ယွန်းပညာရှင်များ အံ့သြနေခြင်းပင်ဖြစ်ပါသည်။ တစ်နည်းဆိုရသော် မြန်မာ့ယွန်းထည်တစ်ခုသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှ ကုန်ကြမ်းပစ္စည်းများ၊ အနုပညာ ဖန်တီးမှုများဖြင့် ပေါင်းစပ်ကာ ဖန်တီးထားသည့် ပြည်ထောင်စုစိတ်ဓာတ်၏ ပြယုဂ်တစ်ခုဟုဆိုသော် မှားမည်မဟုတ်ပေ။

**မြန်မာ့ယွန်းထည်လုပ်ငန်း၏လက်ရှိအခြေအနေနှင့် ပညာရှင်များ ရှားပါးလာမှု**

မြန်မာ့ပန်းယွန်း လက်မှုအနုပညာအတတ်ကို ရှေးအခါက မြန်မာပြည်အနှံ့ ပုဂံ၊ စလေ၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ကာရှာ (မုံရွာမြို့)၊ တန့်ဆည်၊ ဝက်သံ၊ မောင်းထောင်၊ ရေဦး၊ အင်းလေး၊ လဲချား၊ ကျိုင်းတုံ စသည့်ဒေသများတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ကြသည်။ မောင်းထောင်ယွန်း၊ ကျောက်ကာယွန်း၊ လဲချားယွန်း၊ ပုဂံယွန်းဟူ၍ ဒေသအမည်နှင့် ယွန်းပစ္စည်းကို တစ်ပါတည်းခေါ်ဝေါ်သမုတ်လျက် ထင်ရှားကျော်ကြားခဲ့သည်။ ယခုအခါ ပန်းယွန်းလုပ်ငန်းများကို ပုဂံဒေသ၌သာ အဓိကလုပ်ကိုင်နေကြပြီး ကျန်ဒေသများတွင် လုပ်ကိုင်မှုနည်းပါးလာပြီဖြစ်သည်။

"ယွန်းလုပ်ငန်းတွေကတော့ ကိုဗစ်ကာလလောက်ကစပြီး ရပ်ထားတာ အခုချိန်ထိပဲ။ အလုပ်ရုံကြီးတွေလည်း ရပ်၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းလေးတွေလည်း ရပ်။ ယွန်းဈေးကွက်က ဧည့်သည်ကို မှီခိုပြီး လုပ်ရတာဆိုတော့ ဧည့်သည်မလာရင် ထိတာပဲ"

"ရှေးတုန်းကတော့ အိမ်တွေမှာ ယွန်းကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆွမ်းအုပ်၊ ရေခွက်တို့ကို အသုံးပြုကြတော့ အရောင်းအဝယ်ကောင်းတာပေါ့။ ၁၉၆၀ ပြည့်နှစ်ကျော်လောက်အထိ မြင်းကပါသားတွေ ၁၂ ပွဲလှည့်ပြီး ရောင်းတာရှိခဲ့တယ်။ အခုတော့ ထိုင်ရောင်း၊ အမှာရှိရင်ပို့ပဲ၊ ၁၂ ပွဲ မလှည့်နိုင်တော့ဘူး"

"ပုဂံယွန်းအသက်ဆက်နေတာ နိုင်ငံခြားဧည့်သည်တွေကြောင့်လည်း ပါတယ်။ ပြည်တွင်းဘုရားဖူးတွေကတော့ ပုဂံရောက်တုန်း အမှတ်တရအဖြစ်သာ ဝယ်တာများတော့ တန်ဖိုးကြီး၊ အနုစိပ်တဲ့ အထည်တွေ မရောင်းရဘူး။ ဟိုတယ်တွေ၊ ငွေကြေးတတ်နိုင်သူတွေကတော့ အလှဆင်ဖို့အတွက် ဝယ်တာတွေရှိတယ်။ ဒါကလည်း နည်းပါတယ်"ဟု ပုဂံဒေသရှိ ယွန်းလုပ်ငန်းရှင်များက ပြောကြားခဲ့ပါသည်။

"ဒီနေ့ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ ယွန်းလုပ်ငန်းတွေမှာ အမွေဆက်ခံမယ့် သားသမီး ရှားပါးလာခြင်းပါပဲ။

**❖ ယွန်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည်ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်းနည်းပညာသင်တန်း၊ သရိုးပန်းကြွယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန်ယွန်းထည်ပစ္စည်းထုတ်လုပ်မှုသင်တန်းတို့ဖြစ်ပါသည်။ ❖**

မြင်းကပါက ယွန်းလုပ်ငန်းတွေ မိရိုးဖလာပညာကို အဆင့်ဆင့်လက်ဆင့်ကမ်းခဲ့တာ။ သင်တန်းတွေ ဘာတွေနဲ့ သင်တာမဟုတ်ဘူး။ လုပ်ငန်းခွင်မှာ လုပ်ရင်းသင်ယူရတာပဲ။ မိဘက သင်ပေးတာရှိသလို ဆရာတွေဆီမှာ သင်ပေးပါ။ ခိုင်းပါဆိုပြီး အပ်တာလည်းရှိတယ်။ နွေကျောင်းပိတ်ရက်ဆိုရင် မိန်းကလေးရော၊ ယောကျ်ားလေးပါ ယွန်းပညာသင်ရတာ ထုံးစံပဲ။ အခုနောက်ပိုင်းမှာတော့ ကလေးတွေက ယွန်းသင်တာထက် ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာ လုပ်တာ၊ ခရီးသွားလုပ်ငန်းမှာဝင်လုပ်တာကို ပိုပြီးစိတ်ဝင်စားတယ်။ ဝင်ငွေလည်း ကောင်းတယ်၊ ယွန်းလုပ်ငန်းလိုလည်း ပညာသင်ရတာ လက်မဝင်ဘူး။ ဒါကြောင့် ယွန်းပညာသင်တဲ့ လူငယ်တွေ မရှိသလောက်ဖြစ်လာပြီ။ အခုဆေးသွင်း၊ ပုံဆွဲလုပ်နေတဲ့သူတွေက အသက် သုံးဆယ်တန်းတွေ၊ သူတို့နောက်မှာ အမွေဆက်ခံမယ့်သူ မရှိတော့ဘူး။ ဒီအတိုင်းဆက်သွားရင် ယွန်းပညာမျိုးဆက် ပြတ်တော့မယ်"ဟု လုပ်ငန်းရှင်တစ်ဦး၏ ညည်းတွားပြောဆိုမှုကို ကြားသိခဲ့ရပါသည်။

**မြန်မာ့ယွန်းပညာနှင့် ယွန်းပညာကောလိပ်**

ကိုလိုနီခေတ်ကတည်းကပင် မြန်မာပညာရှိကြီးများသည် မြန်မာတို့၏ လက်မှုပညာ ၁၀ ခုထဲတွင် ပန်းယွန်းဟူသော ယွန်းအတတ်ပညာသည် ပထမဆုံးပျောက်ကွယ်နိုင်မည်ကို ကြိုတင်ခန့်မှန်းမိကြသဖြင့် ထိုအချိန်တွင် အစိုးရဖြစ်နေသည့် ဗြိတိသျှတို့ကို ပုဂံမြို့တွင် ယွန်းပညာအတတ်သင်ကျောင်း တစ်ခုတည်ထောင်ပေးရန် တောင်းဆိုခဲ့ကြလေသည်။ အစိုးရက ခွင့်ပြုပေးလိုက်သဖြင့် ပုဂံဝန်ထောက်မင်း ဦးတင်သည် ပုဂံမြို့တွင် မြို့ခံများ၊ ယွန်းပညာရှင်များနှင့် ပူးပေါင်းကာ ကိုယ့်အားကိုယ်ကိုးအနေဖြင့် ယွန်းပညာအတတ်သင်ကျောင်းကို ၁၉၂၄ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့ပါသည်။ နောင်အခါတွင် ထိုကျောင်းကို အစိုးရအဆက်ဆက်က ထောက်ပံ့ပေးခဲ့ကာ ၁၉၉၄ ခုနှစ်တွင် ယွန်းပညာသင်ကျောင်းမှ ယွန်းသိပ္ပံ၊ ၂၀၀၃ ခုနှစ်တွင် ယွန်းသိပ္ပံမှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အစိုးရအဆက်ဆက်က ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော ပန်းယွန်းအတတ်ပညာ မပျောက်ပျက်ရေးအတွက် အထောက်အပံ့ပေးနေသော်လည်း ယခုအချိန်တွင် မြန်မာ့ယွန်းပညာ တတ်မြောက်သူ အရေအတွက်သည် တစ်စစနှင့် နည်းပါးနေပြီဖြစ်ပါသည်။

ယွန်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည်ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်းနည်းပညာသင်တန်း၊ သရိုးပန်းကြွယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဂျပန် ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန်ယွန်းထည်ပစ္စည်းထုတ်လုပ်မှု သင်တန်းတို့ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ စားသောက်ဖွယ်ရာများပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများကို အသီးသီး ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မကွေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိစစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရပြည့် စားသောက်ဖွယ်ရာ ပေးအပ်သည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည် အား ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ တန်ဆောင်းများမွမ်းမံပြီးစီးမှုနှင့် ကမ္ဘာအေးကုန်းမြေရှိ ကျောင်းဆောင်ကြီး လေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်းဆောင်ရွက်ရန် ပြင်ဆင်နေမှုကို ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဩဂုတ် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ တန်ဆောင်းများ မွမ်းမံပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စေတီတော်ရင်ပြင် အထက်ပစ္စယံ စေတီအရန်များ ရွှေဆိုင်းအသစ်ပြုပြင်ရန် ဆောင်ရွက်နေမှုနှင့် စေတီတော်ကြီး ဖိနပ်ခုံဆေးသုတ်ရန် စီစဉ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကရုံးအစည်းအဝေးခန်းမ၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စေတီတော်ရင်ပြင် ဆီမီးခုံများရှိ မြန်မာမှုစဉ့်ပန်းများ ထိန်းသိမ်းဆောင်ရွက်နေမှု၊ အနောက်ဘက်စောင်းတန်းရင်ပြင် မှန်စီရွှေချတိုင်လုံးများရှိ အလှူရှင်ကမ္ပည်းကြေးပြားများ ရောင်တော်ဖွင့်ဆောင်ရွက်နေမှု၊ ချမ်းသာကြီးတန်ဆောင်းနှင့် ဦးဘိုးသောင်းတန်ဆောင်းအတွင်းရှိ တိုင်လုံးများတွင် အင်္ဂတေဖောင်းကြွပန်းများဖြင့် မြန်မာမှုဆန်ဆန် ပြုပြင်ဆောင်ရွက်နေမှုနှင့် ဦးဝိဇ္ဇာ+ဒေါ်မင်းပုတန်ဆောင်းရှိ ကြမ်းခင်းများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ သန္တိသုခခန်းမ၌ ကမ္ဘာအေးကုန်းမြေရှိ ဥတ္တရကုရု၊ ပုဗ္ဗဝိဒေဟ၊ ဇမ္ဗူဒီပ၊ အပရဂေါယာန ကျောင်းဆောင်ကြီး လေးဆောင် အဆင့်မြှင့်တင်မွမ်းမံခြင်း (PHASE-II) လုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

မူးယစ်ဆေးဝါးများ တင်ဆောင်ပေးသူများဖြစ်သည့် ကလောမြို့နယ်နေ ဖိုးပိုင်အပါအဝင် ၂၂ ဦးတို့ကိုပါ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများကို ကလောမြို့နယ်မှ ရမည်းသင်းမြို့နယ်သို့ သယ်ဆောင်ခိုင်းသူမှာ ချစ်သူ(ဖမ်းဆီးရန်ကျန်တရားခံ) ဖြစ်ပြီး ၎င်း၏စေခိုင်းချက်အရ ဖိုးပိုင်ပါ ၂၂ ဦးတို့သည် ကလောမှ ရမည်းသင်းသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ မန္တလေးသို့ တာဝန်ခံသယ်ဆောင်ခိုင်းသူမှာ ကြူကြူမြင့်(ဖမ်းဆီးရန်ကျန်တရားခံ)ဖြစ်ကြောင်းသိရှိရပြီး မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **ထူးခြားသည့် နေ့အပူချိန်များ (၁၄ - ၈ - ၂၀၂၅)** | မြဝတီ | ၃၆ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| | ချောက် | ၃၆ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| | မုံရွာ | ၃၅ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| | မန္တလေး | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| | ဆင်ဖြူကျွန်း | ၃၅ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| | ညောင်ဦး | ၃၅ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့နယ်နှင့် သုံးခွမြို့နယ်ရှိ သံဃာတော်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အေးစေတီကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါး၊ ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးနှင့် ဒေသခံပြည်သူ ၁၀၇ ဦးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေပေါ်ကန်ရွာဦးကျောင်းတိုက်၌ အခြေပြု၍ အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



















**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၂၆၆၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၆၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၁၀ ဒသမ ၂၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံ တံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၈၀၂၁ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၃၇၇၈၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၆၂၅၈၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ညောင်ပင်စင်ကျေးရွာ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် လက်မ ၁၁၀ သံပိုက်လုံး ၁၀ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၃၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး၊ Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၈၉ တန်၊ အခြားသစ် ၁ ဒသမ ၆၀၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၁၆ ကိုသစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၈၁၃၃၃၁၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် - ပဲခူးလမ်းဟောင်း သာယာအေးကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၁၉၆၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Van တစ်စီး၊ Nissan Diesel Van တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀ ကိုလည်းကောင်း၊ ပဲခူးမြို့အနီး (ဝေါမြို့ အဖျားဘိုတဲကျေးရွာ)၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၃၉၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Nidi Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀ ကိုလည်းကောင်း၊ ပဲခူးမြို့အနီး (ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်)၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၁၄၄၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toe 12 Wheels Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀ ကိုလည်းကောင်း၊ အမှတ်(၂)လမ်းမကြီးအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၅၄၀၃၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက် သစ်ခွလမ်း ရပ်ကွက်-၃(ခ)ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမ (ရွှေပြည်သာ)ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၂၉၅၈၈ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Global-1 ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀ ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၁၉၆ ကိုလည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကုန်လှောင်ရုံ၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၂၇၀ ကိုလည်းကောင်း၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၃၂၉၀၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၂၄ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၄၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၄၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၄၅၆၅၁၁ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်မှ

နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**



# ထူးခြားသည့်ဝိသေသလက္ခဏာများနှင့်ကော်ဖီမျိုး "လိုက်ဘရီကာ"

သူရိန်နိုင်(ကော်ဖီ)

လိုက်ဘရီကာကော်ဖီသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်အသုံးပြုသည့် မျိုးလေးမျိုးတွင်တစ်ခုအပါအဝင်ဖြစ်ပြီး Rubiaceae မျိုးရင်းဝင် အပင်တစ်မျိုးဖြစ်သည်။ ရုက္ခဗေဒ အမည်မှာ Coffealiberica ဖြစ်သည်။ ၎င်း၏မူလ ဇာတိမှာအနောက်နှင့်အလယ်အာဖရိကဒေသဖြစ်သော်လည်း ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ ဖိလစ်ပိုင်၊ ဘော်နီယိုနှင့် ဂျားဗားကျွန်းအပါအဝင် အရှေ့တောင်အာရှဒေသများထိ ပျံ့နှံ့ကာ ရှင်သန်ပေါက်ရောက်ခဲ့သည်။ လိုက်ဘရီကာကော်ဖီမျိုးကိုဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့တွင်အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၁ ဒသမ ၅ မှ ၂ ရာခိုင်နှုန်းထိရှိသည်။

လိုက်ဘရီကာကော်ဖီမျိုးသည် ရေပန်းစားသည့်ကော်ဖီမျိုးများဖြစ်သော အာရေးဗီးကားကော်ဖီနှင့်ရိုဘတ်စတာကော်ဖီမျိုးများနှင့်မတူဘဲ ကွဲထွက်လျက် တစ်မူထူးခြားသော ကော်ဖီမျိုးတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါလိုက်ဘရီကာကော်ဖီမျိုး ကောင်းစွာရှင်သန်ဖြစ်ထွန်းနိုင်ကြောင်းကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စမ်းသပ်စိုက်ပျိုးထားရှိခဲ့သော လိုက်ဘရီကာကော်ဖီပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုကိုလေ့လာကြည့်ရှုပြီး သိရှိနိုင်မည်ဖြစ်သည်။

လိုက်ဘရီကာကော်ဖီသည် ပူပြင်းစွတ်စိုသော အပူပိုင်းဒေသ မြေပြန့်ရာသီဥတုတွင် ကောင်းမွန်စွာရှင်သန်ဖွံ့ဖြိုးသည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့် ၂၉၅၃ ပေ ထိ၊ အပူချိန် ၂၁°C မှ ၃၀°C ကြား၊ နှစ်စဉ်မိုးရေချိန် ၄၉ လက်မမှ ၁၃၇ ဒသမ ၈ လက်မကြား ရရှိသည့် ဒေသရေမြေရာသီဥတုတွင် စိုက်ပျိုးနိုင်သည်။ ၎င်း၏ရှည်လျားသောအမြစ်ကြောင့် မြေဆီလွှာအမျိုးမျိုးတွင် ရှင်သန်ကြီးထွားနိုင်ပြီး အခြားကော်ဖီမျိုးစိတ်များထက် ပိုမိုကြံ့ခိုင်ကာ မိုးခေါင်ရေရှားဒဏ်ကိုခံနိုင်ရည်ရှိသည်။ ဤမျိုးစိတ်သည် ကော်ဖီသံချေးမှိုရောဂါအပါအဝင် ပိုးမွှားအန္တရာယ်များကို အလွန်အမင်းခံနိုင်ရည်ရှိခြင်း၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် ရင်ဆိုင်ရချိန်တွင် ရောဂါပိုးကျရောက်လွယ်သည့် အာရေးဗီးကားနှင့် ရိုဘတ်စတာကော်ဖီအပင်များကို အစားထိုးရန်အတွက် ရွေးချယ်စရာတစ်ခုဖြစ်လာစေသည်။ လိုက်ဘရီကာကော်ဖီမျိုးသည် ကော်ဖီမျိုးများစွာထဲတွင် ပိုးမွှားနှင့်ရောဂါဒဏ်ကိုခံနိုင်ရည်ရှိသည့်အပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော အပင်ကြီးမျိုးဖြစ်သည်။

အခြားကော်ဖီမျိုးများသည် အပင်ပု၍ ချုံပုတ်သဏ္ဌာန်ရှိသော်လည်း လိုက်ဘရီကာကော်ဖီမျိုးသည် အလွန်မြင့်မားစွာကြီးထွားနိုင်ပြီး အမြင့်ပေ ၆၅ ထိ မြင့်မားနိုင်ခြင်းသည် ဤမျိုး၏ထူးခြားချက်ဖြစ်သည်။ ၎င်း၏ အရွက်များမှာ ကြီးမား၍ခြောက်သွေ့မာကြောပြီး ဘဲဥပုံသဏ္ဌာန်ရှိသည်။ ရွက်ပြား၏ အနားပိုင်းသည် လှိုင်းတွန့်သဏ္ဌာန်ဖြစ်နေကာ အရွက်ကြောကြားတွင် ဖောင်းကြွနေသဖြင့် တွန့်ရှုံ့နေသကဲ့သို့ဖြစ်နေသည်။ လိုက်ဘရီကာကော်ဖီသည် တစ်နှစ်ပတ်လုံးပန်းပွင့်သည့်သဘော သဘာဝရှိပြီး ပန်းရနံ့မှာလည်း အခြားကော်ဖီမျိုးများထက်ပိုမို မွှေးကြိုင်ပြီး အနံ့ပိုပြင်းသည်။ ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန်ကာလသည် ၁၂ လမှ ၁၄ လထိ ကြာမြင့်သည်။ ထို့ကြောင့် ကော်ဖီသီးမှည့်များကို ၎င်းတို့ရင့်မှည့်မှုအရ တစ်နှစ်ပတ်လုံးရွေးချယ်ခူးဆွတ်ရန်လိုအပ်သည်။ ထိုသို့ တစ်နှစ်ပတ်လုံးပန်းပွင့်သည့်သဘောသဘာဝရှိခြင်း၊ အလွန်မြင့်မားစွာကြီးထွားနိုင်ခြင်းတို့ကြောင့် လိုက်ဘရီကာကော်ဖီကို ရိုဘတ်စတာကော်ဖီမျိုးနှင့်တွဲဖက်၍ သီးရောစနစ်ဖြင့် စိုက်ပျိုးပါက ရိုဘတ်စတာကော်ဖီကိုဝတ်မှုန်ကူးခြင်း ရာခိုင်နှုန်းပိုမိုလာစေပြီးအသီးတင်မှုရာခိုင်နှုန်းပိုမိုလာနိုင်စေမည်ဖြစ်သကဲ့သို့ ၎င်း၏ပြင်းရှသောရနံ့ကြောင့် တွဲဖက်စိုက်ပျိုးသည့် ကော်ဖီမျိုး၏ အရည်အသွေးအပေါ်ကောင်းမွန်သည့် ရနံ့ဖြစ်ပေါ်မှုကိုမျှော်လင့်နိုင်သည်။ ထို့အတူ လိုက်ဘရီကာကော်ဖီကို အကူအရိပ်အဖြစ် အသုံးချနိုင်မည်ဖြစ်


လိုက်ဘရီကာကော်ဖီပင်ကို တွေ့ရစဉ်။

ပြီး ကော်ဖီအသီးလည်းရရှိပြီး တစ်ဧကကော်ဖီအထွက်ပိုရရှိနိုင်မည်ဖြစ်သည်။

လိုက်ဘရီကာကော်ဖီစေ့များသည် ကော်ဖီမျိုးစိတ်အားလုံးထဲတွင် ကော်ဖီစေ့အကြီးဆုံးမျိုးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ လိုက်ဘရီကာကော်ဖီစေ့၏ပုံသဏ္ဌာန်မှာ အချိုးမညီဘဲ တစ်ဖက်တိုပြီး တစ်ဖက်ရှည်ကာ မိုးရေစက်ပုံထူးခြားသည့်သဏ္ဌာန်ရှိသည်။ ကော်ဖီစေ့၏ထိပ်ဖျားတွင် "ချိတ်" ကဲ့သို့ ကွေးနေသောပုံစံရှိသည်။ မျိုးရိုးဗီဇအရ လိုက်ဘရီကာကော်ဖီသည် ကရိုမိုဆုမ်း ၂၂ စုံပါသည့် ဒီပလွိုက်မျိုးစိတ်တစ်ခုဖြစ်သည်။

လိုက်ဘရီကာကော်ဖီ၏ ရှားပါးသည့်အရည်အသွေးများကြောင့် အထူးတန်းဝင်ကော်ဖီလေလံတင်ရောင်းချသည့်ဈေးကွက်တွင် အာရေဗီးကားကော်ဖီထက်ဈေးနှစ်ဆပိုမိုရရှိသည်။ ကော်ဖီသီး၏ဖွဲ့စည်းတည်ဆောက်ပုံကိုကြည့်မည်ဆိုပါက အာရေဗီးကားနှင့် ရိုဘတ်စတာကော်ဖီမျိုးများတွင် အနှစ် ၄၀ ရာခိုင်နှုန်းနှင့် အဆန် ၆၀ ရာခိုင်နှုန်းရှိပြီး လိုက်ဘရီကာကော်ဖီမျိုးတွင် အနှစ် ၆၀ ရာခိုင်နှုန်းနှင့် အဆန် ၄၀ ရာခိုင်နှုန်းရှိသောကြောင့် ထူးခြားမှုရှိသည့်မျိုးတစ်မျိုးဖြစ်သည်။ ထိုသို့ ထူးခြားသည့်ကော်ဖီသီး၏ဖွဲ့စည်းတည်ဆောက်မှုကြောင့် သကြားဓာတ်ပိုမိုပါဝင်စေပြီး သဘာဝအခြောက်ခံနည်းဖြင့် ကော်ဖီပြုပြင်ထုတ်လုပ်ပါက အချိုဓာတ်ပိုကဲ၍ ပိန္နဲသီးရနံ့ကို ရရှိစေသည်။

လိုက်ဘရီကာကော်ဖီရှင်သန်ပေါက်ဖွားရာနိုင်ငံဖြစ်သော လိုက်ဘေးရီးယားနိုင်ငံကို အစွဲပြု၍ လိုက်ဘရီကာကော်ဖီဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၁၈ ရာစုနှောင်းပိုင်း ဥရောပကိုလိုနီလက်အောက်တွင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။

ကော်ဖီချစ်သူများအတွက် ကံကောင်းစေသည့်အချက်မှာ လိုက်ဘရီကာကော်ဖီသည် ဆိုးရွားပြင်းထန်သောကူးစက်ပြန့်ပွားမှုကို ခံနိုင်ရည်ရှိနေသောအချက်ဖြစ်သည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများသည် ရိုဘတ်စတာကော်ဖီအစားလိုက်ဘရီကာကော်ဖီမျိုးကိုအစားထိုးစိုက်ပျိုးထုတ်လုပ်လာခဲ့ကြသည်။ အဆိုပါအချက်ကြောင့်ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကို လိုက်ဘရီကာကော်ဖီစိုက်ပျိုးခဲ့ခြင်းကြောင့် ယခုအချိန်တွင် နိုင်ငံစာရင်းဝင်နေခြင်းဖြစ်သည်။ ယခုအခါ၌ လိုက်ဘရီကာကော်ဖီသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် အဓိကထုတ်လုပ်နေခြင်းဖြစ်သည်။ မလေးရှားနိုင်ငံသည် လိုက်ဘရီကာကော်ဖီကိုအခြေခံ၍ ကော်ဖီအမျိုးမျိုးကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိရာ အထူးတန်းဝင်ကော်ဖီအမျိုးအစားထုတ်လုပ်မှုတွင် မိုင်လိုက်ဘရီကာအမှတ်တံဆိပ် (My Librica Brand) သည် ထင်ရှားကျော်ကြားသည့် အမှတ်တံဆိပ်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံရှိ အထူးတန်းဝင်ကော်ဖီအမျိုးအစားထုတ်လုပ်မှုတွင် ဂွတ်ကပ်အမှတ်တံဆိပ် (Good Cup Brand) သည် ထင်ရှားလူသိများသည်။

လိုက်ဘရီကာကော်ဖီကို အခြားကော်ဖီမျိုးများနှင့်မတူဘဲ ထူးခြားစေသောအချက်မှာ ၎င်း၏မြင့်မားသောဖွဲ့စည်းပုံ၊ ခံနိုင်ရည်ရှိသောသဘောသဘာဝနှင့် စိန်ခေါ်မှုရှိသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအရင်းအမြစ်နည်းပါးချိန်တွင်ရေကိုရရှိစေမည့် ရှည်လျားသောအမြစ်တို့ ပါဝင်နေခြင်းဖြစ်သည်။ ထိုသို့ ခံနိုင်ရည်ရှိသော သစ်ပင်အမျိုးအစားဖြစ်သည့်အတွက် အခြားကော်ဖီမျိုးများခံနိုင်ရည်မရှိသော ပြင်းထန်သောရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာညံ့ဖျင်းသော အခြေအနေများတွင် ရှင်သန်နိုင်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ထိုသို့ ရှည်လျားသည့် အမြစ်ရှိနေခြင်းကြောင့် ရေနှင့်အစာအာဟာရများကို ပိုမိုစုပ်ယူနိုင်စေခြင်းသည် လိုက်ဘရီကာကော်ဖီကို ကိုင်းဆက်မျိုးပွားခြင်းပြုလုပ်ရာတွင် အောက်ခံပင်အဖြစ် အသုံးပြုနိုင်စေမည်ဖြစ်သည်။

ဓာတုဖွဲ့စည်းမှုအရ၊ လိုက်ဘရီကာကော်ဖီတွင် ကလိုရိုဂျီနစ်အက်စစ်ပါဝင်မှုသည် ရိုဘတ်စတာထက်နည်းသော်လည်း အာရေးဗီးကာထက်မြင့်မားသည်။ အဆိုပါဓာတ်သည် ကော်ဖီ၏ ခါးသက်မှုနှင့် ဖန်သောအရသာကို လွှမ်းမိုးပြောင်းလဲစေသည်။ ကဖိန်းပါဝင်မှုမှာ ယေဘုယျအားဖြင့် အာရေဗီးကားနှင့် ရိုဘတ်စတာကြားတွင် ရှိနေတတ်သော်လည်း ၎င်းစိုက်ပျိုးရာပတ်ဝန်းကျင်နှင့် ထုတ်လုပ်သည့်နည်းလမ်းများအပေါ်မူတည်၍ ကွာခြားမှုများရှိနိုင်သည်။ ထူးခြားသော အနံ့ထုတ်လုပ်သည့် ဒြပ်ပေါင်းများဖြစ်သည့် မီသိုင်းကီတုန်းနှင့် လက်တုန်းတို့ကဲ့သို့သော ဒြပ်ပေါင်းများသည် ၎င်း၏ ပြင်းထန်သော၊ ထင်ရှားသောရနံ့ကို ဖြစ်ပေါ်စေပြီး၊ သစ်သားဆန်သော၊ မီးခိုးနံ့ရှိသော သို့မဟုတ် ပန်းနံ့သင်းသောရနံ့အဖြစ် ဖော်ပြလေ့ရှိကြသည်။ ဤရနံ့အမျိုးအစားမှာ ကော်ဖီလှော်သော နည်းစနစ်အပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။

လိုက်ဘရီကာကော်ဖီ၏ အမှန်တကယ်ထူးခြားပြီး ချိုမြိန်သောအရသာကို ပေးစွမ်းနိုင်ခြင်းသည် အခြားကော်ဖီ အမျိုးအစားများနှင့် အတော်လေးကွာခြားစေသည့်အချက်ဖြစ်သည်။ လိုက်ဘရီကာကော်ဖီကို အများအားဖြင့်သဘာဝအတိုင်းပြုပြင်ထုတ်လုပ်လေ့ရှိသောကြောင့် ကော်ဖီသီးများထဲ၌ သစ်သီးအချိုအနှစ်ဓာတ်များ ပိုမိုပါဝင်ခြင်းသည် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကြောင့် ပိုမိုချိုမြိန်စေပြီး ထူးကဲသော ကော်ဖီရနံ့နှင့်အရသာကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ လိုက်ဘရီကာကော်ဖီသည် အာရေးဗီးကားကော်ဖီထက် ပိုမိုချိုမြိန်ပြီး ထူးကဲသော သစ်သီးအရသာနှင့် စံပယ်ပန်းနံ့၊ နှင်းဆီပန်းနံ့ကဲ့သို့သောရနံ့များ ပေါင်းစပ်ထားသကဲ့သို့ဖြစ်စေသည်။ ၎င်းကော်ဖီသည် သောက်သုံးပြီးနောက် မွှေးကြိုင်သောခံတွင်းနံ့နှင့် သာယာသောချိုမြိန်မှုအား ကြာရှည်စွဲကျန်မှုကိုပေးစွမ်းနိုင်သည်။

ထိုသို့ ထူးခြားသောဝိသေသလက္ခဏာများဖြစ်သောအလွန်မြင့်မားစွာကြီးထွားမြင့်မားနိုင်ခြင်းနှင့် ပိုမိုရှည်လျားသော အမြစ်တို့ရှိခြင်းကြောင့် အခြားကော်ဖီမျိုးများခံနိုင်စွမ်းမရှိသောပြင်းထန်သောရာသီဥတု၊ မြေနိမ့်ဒေသများနှင့် မြေဆီသြဇာညံ့ဖျင်းသော အခြေအနေများတွင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်း၊ ကော်ဖီချယ်ရီသီးတွင် အနှစ် ၆၀ ရာခိုင်နှုန်းပါဝင်ပြီး သကြားဓာတ်ပိုမိုပါဝင်ခြင်းကြောင့် အချိုဓာတ်ပိုကဲ၍ သစ်သီးရနံ့(ပိန္နဲသီးရနံ့)ကိုရရှိစေခြင်း၊ အခြားကော်ဖီမျိုးများနှင့် တွဲဖက်၍သီးရောစနစ် အသုံးပြုနိုင်ခြင်း၊ အခြားကော်ဖီမျိုးများစွာခံနိုင်ရည်မဲ့သောကော်ဖီသံချေးမှိုရောဂါကို ခံနိုင်ရည်ရှိခြင်းတို့ကြောင့် လိုက်ဘရီကာကော်ဖီမျိုးသည် မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကြား စိုက်ပျိုးရန်ရေပန်းစားလာမည့် ကော်ဖီမျိုးတစ်မျိုးဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# စေတနာလက်ဖဝါးနှင့် မိုးထားသည့်ကောင်းကင်

**မောင်ခြိမ့်**



(၁)

"ဟောသည်ရွာကလေးဟာ ဆရာမ တာဝန်ကျတဲ့ ရွာကလေးပါပဲ။ ရောက်ပါပြီဗျာ"

မြို့နယ်ပညာရေးမှူးရုံးမှ ခင်မကို လိုက်ပို့ပေးသည့်ဆရာလေးက ခပ်ရွှင်ရွှင်ကလေးပြောပြီး သမ္ဗန်ဦးမှာ မတ်တတ်ထ၍ ရပ်လိုက်သည်။ ခင်မကတော့ သူတာဝန်ကျသည့် မူလတန်းကျောင်းကလေးရှိသည့် ရွာကို လှမ်းကြည့်ပြီး စိတ်ဓာတ်တွေတော်တော်ကျသွားလေသည်။

ရန်ကုန်-ပုသိမ် အမြန်သင်္ဘောကြီးစီးကာ ဝါးခယ်မမြို့ကလေးမှာ ဆင်းရသည်။ မြို့နယ်ပညာရေးမှူးရုံးမှာ ဝင်ရောက်သတင်းပို့ပြီး ရွာကလေးရှိရာသို့ လိုင်းသင်္ဘောကလေးကို နှစ်နာရီလောက် စီးခဲ့ရသည်။ ပြီးမှ ခတ်သမ္ဗန်ကလေးငှားကာ ရွာကလေးရှိရာဆီသို့သွားရဦးမည်ဟု သိရပြန်တော့ အဆစ်အပိုင်းတွေများလှသည့် ခရီးစဉ်ကြီးကို ဖြတ်သန်းရမှာ ရင်တွေမောနေမိတော့သည်။

ကွေ့ကွေ့ကောက်ကောက် မြစ်ကမ်းတစ်လျှောက်တွင် ညိုဝါဝါသောင်ပြင်တန်းကြီးက ရေလယ်ဆီသို့ ထိုးထွက်နေသော ကျောက်ဆောင်တန်းကြီးတွေအလား နေရောင်ခြည်ဖျော့ဖျော့မှိန်မှိန်အောက်တွင် ငြိမ်သက်စွာလဲလျောင်းလျက်ရှိသည်။

ထိုသောင်ပြင်တန်းကြီးတစ်လျှောက် "ကွန်ပစ်" ဆင်းနေသူ၊ "ဒိုင်းဝန်း"ထိုးနေသူ၊ "ဖောင်ထုပ်"ခပ်နေသူတချို့ကို တရွေ့ရွေ့ဖြတ်သန်းခဲ့ရသည်။ သောင်ပြင်တန်းကြီး၏အထက်တွင် လမုပင်တွေ၊ လမဲ့ပင်တွေ၊ ကျူပင်၊ ခရာပင်တွေက ခြံစည်းရိုးခတ်ထားသည့်အလား စီစီရီရီတန်းကာရှိသည်။ ထိုလမုပင်၊ ကျူပင်တန်းကြီး၏ အတွင်းဘက်မှာတော့ မျက်စိတစ်ဆုံးကျယ်ပြောလှသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကထွက်ကုန် ဆန်စပါးတို့စိုက်ပျိုးရာ လယ်ကွင်းပြင်ကြီးတွေရှိ၏။

ကမ်းစပ် တောအုပ်တောတန်းကလေးဆီမှ ဘုတ်မြည်သံတွေ စည်းချက်မှန်စွာ ကြားနေရသည်။ လက်ဖဝါးတစ်ဖက်ကို ဖြန့်ကာထားသည့်နှယ် မြစ်မကြီးဆီမှ အသွယ်အသွယ်ခွဲထွက် စီးဝင်သွားနေသည့် ချောင်းကလေးတွေကိုလည်း တွေ့နေရသည်။

ကျောင်းသူဘဝကတည်းက နှစ်သက်စွဲလမ်းခဲ့ရသည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာတွေထဲကလို သောင်ပြင်တွေ၊ ခရာချုံတွေ၊ ကျူပင်တွေ၊ ဗေဒါအုံတွေ၊ ဒိုက်ပုံတွေ၊ အုန်းလက်ကြွေတွေကို မျက်မြင်ကိုယ်တွေ့မြင်နေရပြန်တော့ ကိုယ်ကိုယ်တိုင် ကဗျာထဲက ဗေဒါပင်ကလေးလိုလို ရင်တဖိုဖိုခံစားနေခဲ့မိသေး၏။

"အိုး သိပ်လှတဲ့ မြစ်ဝကျွန်းပေါ်ဒေသကြီးပဲ"ဟု ရင်ထဲကနေ တိုးတိတ်စွာမြည်ကြွေးမိသေး၏။ တအီအီ၊ တကျွိကျွိ၊ ခတ်တက်သံကလေးက မြစ်ဝကျွန်းပေါ်ဒေသအလှတရားတွေ၏နောက်ခံတေးဂီတအဖြစ် မြည်သံပေးလျက်ရှိသည်။

(၂)

မြစ်မကြီးမှခွဲထွက်စီးဝင်သွားသော ချောင်းရိုးကလေးတစ်လျှောက် ခတ်သမ္ဗန်ကလေးက တအိအိတိုးဝင်သွားနေသည်။ ချောင်းကလေး၏ ဝဲယာကမ်းနှစ်ဖက်က သစ်ကြီးဝါးကြီးတွေက ချောင်းကလေးအတွင်း နေပြောက်မထိုးနိုင်အောင် အုပ်မိုးထားသဖြင့် လေပြည်ကလေးအသွေးတွင် ရေငွေ့တွေနှင့်ရောကာ ချမ်းစိမ့်စိမ့်ဖြစ်သွားရသေး၏။

ဆရာလေး၏စကားကိုကြားလိုက်ရပြီး အတွေးစိတ်ကူးထဲမှ ဖျတ်ခနဲလန့်နိုးကာ ရွာကလေးကို လှမ်းမြင်လိုက်ရချိန်မှာတော့ ခင်မတစ်ယောက် စိတ်ဓာတ်တွေ အကြီးအကျယ်ကျသွားရလေတော့သည်။

ချောင်းကလေးအတွင်းမှာတော့ ရေတွေတော်တော်နည်းနေပြီ။ ရေစစ်ရေကျချိန်ဖြစ်၍ လူတစ်ယောက် ခေါင်းမမြုပ်ဘဲ ဟိုမှာဘက်ကမ်းအထိ လှမ်း၍ကူး၍ရနေပြီ။ သမ္ဗန်ဦးကော့ကော့ပြားပြားကလေး နွံစပ်မှာ ထိုးကပ်လိုက်တော့ ရွှံ့ပြင်ထဲ ရှောခနဲတိုးဝင်သွားကာ တစ်ချိန်လုံးမမောစတမ်း ရေပြင်ပေါ်ရှပ်ပြေးလာခဲ့သော သမ္ဗန်ကလေး အနားရသွားလေပြီ။

သမ္ဗန်ဦးတုံးနှင့် ခြေတစ်လှမ်းစာအကွာတွင် တုံးလုံးလှဲထားသည့် အုန်းတုံးကြီးက စင်းစင်းကြီးနွံထဲမှာ ဝပ်စင်းကျောခင်းပေးလျက်ရှိသည်။

ခင်မကိုလိုက်ပို့သည့်ဆရာလေးကတော့ သမ္ဗန်ဦးကိုနင်းကာ လှေကြိုးကိုဆွဲ၍ အုန်းတုံးတံတားပေါ် ဖျတ်ခနဲခုန်တက်သွားသည်။ ပြီးတော့ လှေကြိုးအဖျားတွင်ပါသည့် သံချိတ်နှင့် နီးရာဝါးလုံးတိုင်တစ်တိုင်မှာ ချိတ်လိုက်သည်။ လှေပေါ်ပြန်ခုန်တက်လာပြီး ခင်မ၏ အိပ်ရာလိပ်တစ်ခု၊ အဝတ်အစားအိတ်တစ်လုံးနှင့် တိုလီမိုလီပစ္စည်းပစ္စယတွေထည့်လာသည့် ခြင်းကြီးတစ်လုံးကိုကြည့်ကာ ဘယ်ဟာကို အရင်စ၍ သယ်ရပါ့မလဲဟုတွေးနေပုံနှင့် ခပ်တွေတွေ ရပ်ကြည့်နေသည်။

လှေဦးထိပ်မှဆင်းလျှင် ပြောင်ချောချောအုန်းတုံးကြီး၊ ထိုမှတစ်ဆင့် ဖြစ်ကတတ်ဆန်း ရွာကမ်းနဖူးမှ လမ်းကလေး၊ လမ်းကလေး၏ ဟိုမှာဘက်တွင် ဓနိမိုး ဓနိကာ၊ ဓနိမိုးဝါးထရံကာအိမ်ကလေးတွေ တစ်ခုစီ တစ်ခုစီ လှမ်း၍ငေးရင်း ခင်မတစ်ယောက် သက်ပြင်းချမိသည်။

"ကိုယ်ရွေးခဲ့တဲ့လမ်း၊ ဘယ်လောက်ကြမ်းကြမ်း မနွဲ့စတမ်းလျှောက်ရမယ်မဟုတ်လား ခင်မ။ နင်အခုမှ သတ္တိကြောင်မနေနဲ့၊ ဒါအစပဲ ရှိသေးတာ။ ရှေ့လျှောက် ဘယ်လောက်ကြမ်း၊ ဘယ်လောက်ပင်ပန်းမယ်ဆိုတာ နင်သိလို့လား"

ကိုယ့်ကိုယ်ကိုယ်ပြန်သတိပေးရင်း၊ အားတင်းရင်း ဘာမဆိုရင်ဆိုင်ပစ်လိုက်မည်ဆိုသည့် စိတ်နှင့် မတ်တတ်ထ၍ရပ်လိုက်သည်။ ဖျတ်ခနဲလူးသွားသည့် လှေကလေးကြောင့် ခင်မ၏ ဖြူနွဲ့နွဲ့ကိုယ်ကလေးသည် လေတိုးခံလိုက်ရသည့် မိုးမခပင်ကလေးလို ယိမ်းယိုင်သွားစဉ် ဆရာလေးက ကူပေးဟန်နှင့် လက်ကိုအမြန်လှမ်းလိုက်သည်။ ပြီးတော့မှ အပျိုစင်ဆရာမ ဖြူဖြူချောချောကလေးကို အားနာသွား၍လားမသိ၊ လက်အစုံက လေထဲမှာပင် ရပ်တန့်သွားရသည်။ ယိုင်နဲ့သွားသောကိုယ်ကလေးကို ထိန်းမတ်ရန်မှတစ်ပါး အခြားမရှိသည့်ခင်မအတွက် ထိုလက်အစုံကိုပင် ခုံမင်လက်ကမ်း၊ ကမန်းကတန်းလှမ်းဆွဲလိုက်ရတော့၏။

"တော်ပါသေးရဲ့၊ လှေအဆင်း၊ မြင်းအတက်လို့ ဆိုစကားရှိတယ်မဟုတ်လား။ မြင်းကတော့ မစီးဖူးတော့ ခက်မခက်မသိပေမဲ့ လှေကတော့ တက်ရင်လဲ ခက်တာပဲ၊ ဆင်းရင်လဲ ခက်တာပဲဗျ။ သတိထားဗျ ဆရာမ ဟား ဟား ဟား"

ဆရာမလေးရှက်မည်စိုး၍ စကားတွေဖောင်အောင်ပြောနေသော ဆရာလေးကို မျက်စောင်းတစ်ချက်လှမ်းထိုးရင်း ရှက်သွေးဖြန်းမျက်နှာကလေးကို မရယ်မိအောင် အတင်းတည်ပစ်လိုက်ရသေးသည်။

ဘယ့်နှယ် ကိုယ်က ဆရာမမဟုတ်လား။ ဣန္ဒြေ သိက္ခာဝတ်ရုံကြီးကို ဘယ်တော့မှအကျွတ်မခံနိုင်ပါ။ ဆရာလေးကတော့ ခင်မ၏ လက်ဆွဲအိတ်များ၊ ခြင်းများကို တစ်လုံးပြီးတစ်လုံးဆွဲယူကာ အုန်းတုံးတံတားပေါ်မှာ ဟန်ချက်ညီစွာလျှောက်၍ အခေါက်ခေါက်သယ်ပေးနေသည်။ နောက်ဆုံးအိတ်တစ်လုံးကို ဆွဲအယူတွင် ခင်မက အားနာစွာဖြင့်ဟန့်တားမိရသည်။ မိန်းမလုံချည်တွေ အသုံးအဆောင်တွေပါသဖြင့် ဆရာလေးကို သယ်ခိုင်းရမှာ အားနာမိသည်အမှန်။

ဒါကို ရိပ်မိသောဆရာလေးက "ဟင်း"ခနဲ တစ်ချက် ရယ်လိုက်ရင်း "ရပါတယ် ဆရာမရယ် ကိစ္စမရှိပါဘူး" ပြောပြောဆိုဆိုနှင့်ဆွဲ၍ ကမ်းပေါ်တက်သွားခဲ့သည်။ သည်တစ်ခါ ခင်မအလှည့်ပဲ ကျန်တော့သည်။

(၃)

သက်ပြင်းတစ်ချက်ရှိုက်ရင်း ခင်မ စိတ်ကို တင်းလိုက်ရသည်။ ကမ်းစပ်တွင် ဆင်ခြေလျှောနွံပြင်ထဲမှာခင်းထားသည့် အုန်းတုံးက အနည်းဆုံး ပေသုံးလေးဆယ်လောက်တော့ရှိမည်။ အောက်ခံနွံပြင်ထဲတွင် တစ်ဝက်ခန့်မြုပ်နေကာ အနှစ်နှစ်အလလကတက်နေသည့် နွံနှစ်တွေ၊ ရေညှိတွေနဲ့ ချောကျိနေသည်။ ဘယ်နှယ့်လုပ်တက်ရပ့ါဟုတွေးပြီး ချီတုံချတုံဖြစ်နေရသည်။ ထိုလုံးလုံးချောချော အုန်းတုံးတံတားပေါ်လျှောက်ရမည်မှာ ကြိုးတန်းပေါ် လျှောက်ရသကဲ့သို့ ခက်ခဲပေလိမ့်မည်။

ဘေးမှာ ကိုင်စရာတန်းကမရှိ။ တစ်လုံးနှင့်တစ်လုံး ဝေးဝေးစိုက်ထားသည့် ခရင်ဝါးတိုင်ကလေးတွေက ယိုင်ယိုင်နဲ့နဲ့နှင့် စီးထားသည့်ဖိနပ်ကလည်း ဒေါက်တစ်လက်မခန့်သာမြင့်သော ကြိုးသိုင်းဖိနပ်အဖြူကလေး ခင်မဘာလုပ်ရမည်နည်း။

ထိုစဉ်မှာပင် မိန်းမခပ်ရွယ်ရွယ်နှစ်ယောက် နွံပြင်ထဲမှာ တစွပ်စွပ်နင်းရင်း ဆင်းချလာကာ ခင်မ၏ ဘေးဘယ်ညာနှစ်ဖက်မှ တွဲ၍ခေါ်လေသည်။

"အဘရေ၊ အဘရဲ့ ရေဆင်းတံတားတော့ ပြင်မှဖြစ်မယ်ဗျို့"

ဆရာလေးက အိမ်ရှင်ဘိုးဆံအိတ်ကို လှမ်းပြောနေသံကြားရသည်။ ခင်မတို့ ဘိုးဆံအိတ်၏ အိမ်ကလေးပေါ်ရောက်၍ ရေနွေးကြမ်းဝိုင်းမှာ ထိုင်မိသည်အထိ ခင်မရင်တွေ တဖျပ်ဖျပ်ခုန်နေဆဲရှိသေးသည်။ သည်ရွာ၊ သည်လိုနေရာမျိုးမှာ ငါနေလို့ဖြစ်မှဖြစ်ပါ့မလားဟုလည်းတွေးကာ စိုးရိမ်စိတ်တွေက တဖွားဖွားပေါ်နေသေးသည်။

ခင်မ နေဖို့၊ စားဖို့ကိစ္စတွေ အစစစီစဉ်ပြီး ဆရာလေးတစ်ယောက် ခတ်သမ္ဗန်ကလေးနှင့် မြို့သို့အပြန်မှာတော့ ဝမ်းနည်းအားငယ်စိတ်တွေဝင်နေသည့် ခင်မတစ်ယောက် မိခင်နှင့်ခွဲခွာခြင်းခံရသည့် ကလေးငယ်လို အားငယ်စိုးရွံ့စွာကျန်ရစ်ခဲ့သည်။

"ဆရာမ ဘာမှအားမငယ်နဲ့နော်။ လိုတာရှိရင် လူကြုံနဲ့စာရေးပြီးမှာလိုက်။ ကျွန်တော်လဲ မကြာမကြာလာခဲ့မယ်"

ဆရာလေးက နှုတ်ဆက်အားပေးချိန်မှာတော့ ခင်မသည် အားကိုးသောမျက်ဝန်းအစုံနှင့် ဆရာလေးကိုငေးရင်း နှုတ်ဆိတ်စွာကျန်ရစ်နေတော့သည်။

(၄)

လယ်ကွင်းတွေ ပတ်လည်ဝိုင်းလျက်ရှိသည့် မူလတန်းကျောင်းကလေးသည် ရွာနှင့်အတော်လှမ်းလေသည်။ ခင်မနေသည့် အဘိုးဆံအိတ်တို့အိမ်နှင့် အနည်းဆုံး နာရီဝက်ခန့်လောက် လျှောက်ရသေးသည်။ လမ်းဟု ဘုရားစူးခေါ်ရမည့် ရွှံ့ဗွက်ကန်သင်းတွေပေါ်မှာ မလဲမပြိုအောင် ဂရုစိုက်၍လှမ်းရင်း ဘာကြောင့်များ ရွာနှင့်သည်လောက်ဝေးဝေးမှာ ဆောက်ထားရပါလိမ့်ဟု အစတုန်းကတော့ ခင်မ နားမလည်ပါ။ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာကလေးတွေသည် ရေမြေသဘာဝအနေအထားအရ မြစ်ကမ်းချောင်းကမ်းပါးများတွင်သာ မေးတင်၍တည်ထားကြစမြဲဖြစ်သည်။ အသွယ်သွယ်ယှက်ဖြာစီးဆင်းနေကြသည့် ချောင်းကလေးတွေသည် တစ်ခုနှင့်တစ်ခု အလှမ်းဝေးကြ၏။ သို့ဖြစ်ရကား တစ်ရွာနှင့် တစ်ရွာသည်လည်း တစ်ခေါ်မက နှစ်ခေါ်မက ဝေးကြတော့သည်သာ။

**ဆက်လက်ဖော်ပြပါမည်။**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၃၄၇၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၃၂၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲ ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၂၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိပြီး မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ဒေသထွက်စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဇွန်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုတွေ ထွက်ရှိနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့တာများပါတယ်။ ဇူလိုင်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ မှိုတွေကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်လက်တွေက အမှာကုန်တွေများနေပါတယ်။ ပြည်တွင်း စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဦးက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မှိုများကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ရှမ်းစု(ဂုံမင်းမြောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အုတ်ဖို ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းစု(ဂုံမင်းမြောင်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ရှမ်းစု(ဂုံမင်းမြောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရှမ်းစု(ဂုံမင်းမြောင်) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၃၇ ဒသမ ၈၅ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၂ သိန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၄၅ သန်း ထုတ်ချေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

**အေးမြတ်**

# မေတ္တာသည်သာ အေးချမ်းရာ

\- မေတ္တာသည် အေးချမ်းထူး
ဖွေးလွှမ်းကူး ချမ်းသာ
မွှေးပန်းဖူး ဆန်းသဒ္ဒါရယ်
မနွမ်းပါ ကြိုင်မွှေး၊
သောကများ ကင်းပျောက်မှန်သည်
အလင်းတောက်စံ သုခငြိမ်းဆေး။

\- လက်ကမ်းတွဲ အားငယ်သူကို
များကယ်ကူ ဖြန့်နွေး၊
တရားရယ်တူ ရန့်အေးသမို့
ပျံ့မနေး စိတ်ပျော်၊
ရောင်ပြန်နေ မေတ္တာကျိုးက
ဖြစ်လာတိုး မွန်မြတ်ခြင်းနော်။

\- လျှောက်သောလမ်း ဆူးညှောင့်ကျော်ကာ
အထူးဖြောင့်ဖော် လွယ်ခရီးမို့
တကယ်နီး လျှောက်ကြယုံ
ရောက်ရပြည့်စုံ၊
မေတ္တာဖြင့် လူ့ဇာတ်ခုံဝယ်
ပြုထပ်ကြံ ငြိမ်းအေးရဲ့လေး။

\- မေတ္တာ၏ ရောင်ပြန်ပုံသည်
အောင်ရန်လုံ ချမ်းမြေ့ရဲ့လေး။ ။

**မောင်စစ်သွေး**

# စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြောင်းဦးကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြောင်းဦးကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးအရင်းငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြောင်းဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

ခရီးသွားဆောင်းပါး

# လည်ပတ်အပြီးအိမ်ပြန်ခရီး

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ ရှာင်မြို့နယ် အတွင်း ရှာင်-အောင်ပန်းလမ်းဘေးမှာရှိနေတဲ့ မိန်းမရဲသခင်မတောင်ကို လေ့လာကြည့်ရှုရင်း လက်ဖက်ရည်သောက်၊ ရှမ်းခေါက်ဆွဲစားကြပြီး ပြန်လည်ထွက်ခွာလာခဲ့ကြပါပြီ။ ကားကို စတင်မောင်းနှင်လာတဲ့အချိန်မှာ မိန်းမရဲသခင်မတောင်နဲ့ မိုးနဲမြို့မှာတည်ရှိနေတဲ့ ဆင်တောင်တို့ရဲ့တူညီချက်တွေ၊ ကွာခြားချက်တွေကို ခရီးဖော်အချင်းချင်း ပြောဆိုဆွေးနွေးလာခဲ့ကြတယ်။ ရှာင်မြို့နယ်မှာရှိတဲ့ မိန်းမရဲသခင်မတောင်နဲ့ မိုးနဲမြို့ကဆင်တောင်ဆိုတာ ခပ်ဆင်ဆင်တူညီနေကြပါတယ်။ တောင်ရဲ့အနိမ့်အမြင့်၊ အနေအထား၊ ဆင်ခြေလျှော၊ ဘုရား၊ စေတီတွေတည်ထားမှု၊ တောင်တက်လှေကားတွေ စတဲ့သဘောသဘာဝတွေအားလုံး မတိမ်းမယိမ်းဖြစ်နေကြတယ်။ ကွဲပြားနေတာတွေက မိန်းမရဲသခင်မတောင်မှာ ဘုရားဖူးဧည့်သည်တွေ၊ ဈေးဆိုင်တန်းတွေနဲ့ စည်စည်ကားကားဖြစ်နေပြီး ဆင်တောင်မှာက ဘယ်သူမှမရှိဘဲ တိတ်ဆိတ်ခြောက်ကပ်နေတာပါ။ ဆင်တောင်ကလဲ သွားရောက်လေ့လာသင့်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။

စကားပြောရင်း၊ ကားမောင်းလာရင်းနဲ့ ရှာင်လမ်းပိုင်းရဲ့ လှလှပပရှုမျှော်ခင်းတွေကိုလဲ ခံစားကြည့်ရှုကြရတယ်။ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အဖြူရောင် တစ်မူကွဲပြား ခြားခြားနားနား စိုက်ကွင်းစိုက်ကွက်တွေက နာမည်ကျော်ကြားလှူသိများ လှပါတယ်။ စိုက်ခင်းတစ်ခုလုံး ဝါဝါထိန်ထိန်ပွင့်နေကြတဲ့ နေကြာစိုက်ခင်းကြီးတွေ၊ တစ်ခင်းလုံးစိမ်းစိုနေတဲ့ မုန်ညင်း၊ ဂေါ်ဖီစိုက်ခင်းတွေ၊ စိုက်ပျိုးခြင်းမပြုရသေးတဲ့ ထွန်ယက်နေဆဲ တောင်မြင့်မြေနီ မြေကွက်ခြံကွက်ကြီးတွေ၊ အဖြူရောင်ပန်းပွင့်တွေ လှိုင်လှိုင်ပွင့်နေပြီဖြစ်တဲ့ ပန်းမုန်လာ၊ မုန်လာဥဖြူ စတဲ့ စိုက်ခင်းကြီးတွေက မိုးကောင်းကင်ပြာပြာအောက်မှာ ပန်းချီကားတစ်ချပ်လိုပါ။ တောင်ထိပ်၊ တောင်စွန်း၊ တောင်ကမ်းမှာရှိနေကြတဲ့ ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူဖြူစေတီငယ်လေးတွေကလဲ လှပမှုကို အထောက်အကူပြုနေကြပါသေးတယ်။ ဒါကြောင့်လဲ ပန်းချီဆရာတွေ၊ ဓာတ်ပုံဆရာတွေက ရှာင်လမ်းရှုခင်းတွေ အမိအရပန်းချီဆွဲကြ၊ ဓာတ်ပုံရိုက်ကြတာတွေ လုပ်နေကြတယ်။

ရှာင်လမ်းမှာနာမည်ကြီးတဲ့ ယူကလစ်ပင်တန်းတွေကိုတော့ လမ်းဘေးဝဲယာတစ်လျှောက်မှာ မကြာမကြာတွေ့မြင်နေရတယ်။ ခရီးဖော်တွေအထဲမှာ ငယ်ရွယ်သူတွေပါဝင်လာကြမယ်ဆိုရင် ကားကို ခဏခဏရပ်ပြီး ဓာတ်ပုံတွေရိုက်ယူနေကြအုံးမှာပါ။ အခုတော့ အသက်အရွယ်ကြီးရင့်သူတွေသာ ဖြစ်နေတာကြောင့် ကားမောင်းရင်း၊ ကားပေါ်ကနေ ရှုခင်းတွေကို ကြည့်ရှုကြရင်းနဲ့ တောကျယ်ရေတံခွန်နဲ့ ရေပြာအိုင်လမ်းခွဲကို ရောက်လာခဲ့ကြတယ်။ လမ်းခွဲလေးအတိုင်း ချိုးကွေ့မောင်းနှင်လာရင်း မကြာခင်မှာ ရေပြာအိုင်ဈေးတန်းနဲ့ ယာဉ်ရပ်နားစခန်းနေရာမှာ ကားရပ်လိုက်ရတယ်။ ရေပြာအိုင်ဈေးဆိုင်တန်းက ပြောင်းလဲသွားခြင်းမရှိသလို ဒေသထွက်ကုန်တွေကို အဓိကထားရောင်းချနေပြီး ခရီးသွားဧည့်သည်တွေနဲ့ စည်စည်ကားကားဖြစ်နေတာကိုလဲ ဦးစွာတွေ့မြင်လိုက်ရတယ်။

ကားကိုရပ်ခဲ့ပြီး ဈေးဆိုင်တန်းကဆိုင်လေးတွေကို တစ်ဆိုင်ပြီးတစ်ဆိုင်ကျော်ကာ ကွန်ကရစ်လမ်းလေးအတိုင်း လျှောက်လှမ်းလာကြတဲ့အခါမှာလဲ ညာဘက်မှာရှိနေတဲ့ ရွံ့နွံ့တောအုပ်ကြီး၊ ဘယ်ဘက်မှာရှိနေတဲ့ ရေကန်ကြီးတွေက အရင်အတိုင်း ပြောင်းလဲခြင်းမရှိ ကြသေးပါဘူး။ မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးသွားတဲ့နောက်မှာ ရေပြာအိုင်မှာ ရေတွေ မရှိကြတော့ဘူး။ ရေတွေကမပြာကြတော့ဘူး။ တချို့က ဖြူကုန်ပြီ စသဖြင့် လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့မြင်ဖတ်ရှုနေရပါတယ်။ ဒါတွေကအမှန်တွေလား၊ လက်ရှိပကတိအခြေအနေတွေက ဘယ်လိုတွေလဲဆိုတာ မကြာခင်အချိန်ပိုင်းလေးအတွင်းမှာ လက်တွေ့ကျကျသိမြင်ကြရတော့မှာပါ။

ကွန်ကရစ်လမ်းလေးဆုံးသွားပြီး ရေပြာအိုင်ရှိရာကိုဆင်းတဲ့ လှေကားထိပ်ကိုရောက်တော့ ရေပြာအိုင်ကြီးကို ဦးစွာပထမ လှမ်းမျှော်ကြည့်မိလိုက်တယ်။ လှေကားထိပ်အပေါ်ကနေ ရေပြာအိုင်ကြီးကိုမြင်နေရပါပြီ။ မြင်တွေ့ရတဲ့မြင်ကွင်းအရ ရေပြာအိုင်ထဲမှာ ရေတွေအပြည့်ရှိနေသလို ရေတွေကလဲပြာနေဆဲပါ။ လှေကားထိပ်ကိုမရောက်ခင်တုန်းက လူမှုကွန်ရက်စာမျက်နှာတွေထဲကအတိုင်း ရေပြာအိုင်ထဲမှာရေတွေ



ရှာင်နှင့်မြို့ကြီးဆည်ကြား လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ရှိနေပါ့မလား၊ ပြာနေပါ့မလားဆိုပြီး စိုးရိပ်ပူပန်ခဲ့ရတာတွေက ပျောက်ကွယ်သွားခဲ့ရပါပြီ။ ရေပြာအိုင်က ပြောင်းလဲမှုမရှိဘဲ အရင်အတိုင်းရေပြာပြာတွေကို တွေ့မြင်နေရပါတယ်။ လှေကားထစ်တွေကနေတစ်ဆင့်ချင်း အောက်ကိုဆင်းလာခဲ့ပြီး ရေပြာအိုင်ကြီးကို အနီးကပ်တွေ့လိုက်ရတဲ့အခါ ရေပြာအိုင်ကအရင်ကထက် ပိုမိုလှပသန့်ရှင်းနေတာကို တွေ့မြင်လိုက်ရပြန်တယ်။ ရေပြာအိုင်အတွင်းမှာရှိနေကြတဲ့ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက် စတဲ့အမှိုက်သရိုက်တွေကို ရှင်းလင်းထားတာကြောင့် ရေပြာအိုင်က ပိုမိုကျယ်ဝန်းလာတဲ့အပြင် သန့်ရှင်းလှပလာတာဖြစ်ပါတယ်။

ရေပြာအိုင်မှာလေ့လာကြည့်ရှု မှတ်တမ်းဓာတ်ပုံတွေရိုက်ယူပြီးတာနဲ့ ဈေးဆိုင်တန်းတွေရှိရာကို ပြန်လာခဲ့ကြတယ်။ ရေပြာအိုင်ဈေးဆိုင်တန်းက ဒေသထွက်ကုန်တွေ၊ ဆေးမြစ်ဆေးဥတွေ၊ ရာသီပေါ်သီးနှံတွေနဲ့ တိုဟူးကြော်၊ တိုဟူးသုပ်အပါအဝင် အကြော်မျိုးစုံကိုရောင်းချတာပါ။ ဈေးဆိုင်တန်းမှာ တိုဟူးကြော်၊ တိုဟူးသုပ်တွေက နာမည်ကျော်ကြားလှသလို သီးသန့်ဈေးဆိုင်တန်းတစ်ခုအနေနဲ့ တည်ရှိနေပါတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေက မိန်းမရဲသခင်မတောင်မှာ လက်ဖက်ရည်သောက်၊ ရှမ်းခေါက်ဆွဲစားပြီးကြပြီဖြစ်လို့ လမ်းမှာအဆာပြေစားလို့ရအောင် တိုဟူးကြော်နဲ့ အခြားအကြော်စုံတွေကို ဝယ်ယူလာခဲ့ကြပြီး တောကျယ်ရေတံခွန်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

တောကျယ်ရေတံခွန်က ရေပြာအိုင်အနီး တောကျယ်ရွာတွင်းမှာ တည်ရှိနေတာပါ။ ရေတံခွန်ကို သွားတဲ့အခါ တောကျယ်ရွာကိုဖြတ်သန်းလာခဲ့ရတယ်။ မကြာခင်မိနစ်ပိုင်းအတွင်းမှာ ရေတံခွန်ကို ရောက်လာတဲ့အခါ ထူးခြားမှုတွေကို စတင်မြင်တွေ့ကြရတယ်။ ရေတံခွန်ရှိရာကို အရင်အခေါက်တွေလာခဲ့စဉ်တုန်းက ကားရပ်နားကွင်းအနီးမှာ ရေပြာအိုင်က ဈေးဆိုင်တန်းလို ဆိုင်တွေအမြောက်အမြားရှိနေရာကနေ အခုတစ်ခေါက်လာရောက်တဲ့အခါ ဘာဆိုင်မှမရှိ၊ ဘာဆိုင်မှမတွေ့မမြင်ရတော့တာပါ။ အရင်စည်ကားနေခဲ့တဲ့နေရာက အခုအချိန်မှာ တိတ်ဆိတ်ခြောက်ကပ်နေပါတယ်။

ဘာမှမရှိတော့တဲ့ဈေးဆိုင်တန်းကို ဖြတ်သန်းလာခဲ့ပြီး ရေတံခွန်ရှိရာကို လမ်းလျှောက်လာကြတဲ့အခါ နောက်ထပ်ထူးခြားမှုတစ်ခုကို ထပ်မံတွေ့ရပြန်တယ်။ အရင်တုန်းက ရေတံခွန်ကိုသွားတဲ့လမ်းမှာ စမ်းချောင်းငယ်လေးတွေကို တွေ့မြင်ရမြဲဖြစ်သလို စမ်းချောင်းလေးတွေမှာ ကြည်လင်သန့်ရှင်းတဲ့ရေတွေက တသွင်သွင်စီးဆင်းနေကြတယ်။ အခုစမ်းချောင်းလေးတွေမှာ ရေတွေစီးဆင်းနေတာမရှိကြတော့ပါဘူး။ ချောင်းတွေအားလုံးခန်းခြောက်နေကြပါပြီ။ ချောင်းငယ်လေးတွေကိုကျော်ဖြတ်ပြီး ရေတံခွန်ကို ရောက်လာကြတဲ့အခါမှာလဲ ရေတံခွန်မှာစီးကျနေတဲ့ ရေတွေမရှိကြတော့ဘဲ ခြောက်ကပ်နေပြီဖြစ်တဲ့ ကျောက်တုံးကြီးအဖြစ်ကိုသာ တွေ့မြင်လိုက်ကြရတယ်။ အရင်တုန်းက ဒီကျောက်ဆောင်ကျောက်တုံးကြီးပေါ်ကနေ ရေတွေတသွင်သွင်နဲ့ လှလှပပဖြာကျစီးဆင်းနေတာပါ။ တောကျယ်ရေတံခွန်က အထပ်ထပ်အဆင့်ဆင့်ဖြစ်နေတာကြောင့် ရေတွေစီးဆင်းနေတဲ့အခါ အလွန်လှပနေပါတယ်။ အခုအချိန်မှာ လှပမှုတွေ ပျောက်ကွယ်သွားကြပြီဖြစ်သလို ကျောက်ဆောင်ကျောက်တုံးကြီးသာ ကျန်ရှိနေပါတော့တယ်။ မိမိတို့ခရီးဖော်တွေက ရေမရှိတော့တဲ့ ရေတံခွန်မှာ ကျောက်တုံးကြီးကိုသာ ကြည့်ရှုလေ့လာပြီး ပြန်လာခဲ့ကြရတယ်။

ဒါပေမဲ့ ရေတံခွန်မှာ ဘာကြောင့်ရေတွေမရှိတော့တာလဲဆိုတာကို သိချင်လာကြတယ်။ ဒါကြောင့် ကားရှိရာကို လမ်းလျှောက်ပြန်လာခဲ့ကြတဲ့အချိန်မှာ အဆင်သင့်တွေ့ရှိရတဲ့ ဒေသခံရွာသူ၊ ရွာသားတွေကို မေးမြန်းစုံစမ်းကြည့်ရတယ်။ သူတို့တွေရဲ့ ပြောပြချက်အရ ရေတံခွန်ဖြစ်ပေါ်ရာ လမ်းတစ်လျှောက်မှာ စီးဆင်းလာကြတဲ့ချောင်းငယ်၊ မြောင်းငယ်အတွင်းက ရေတွေကို အနီးဝန်းကျင်စိုက်ပျိုးရေးခြံတွေ၊ စိုက်ခင်းတွေက အသီးသီးဖြတ်တောက်သွယ်ယူ အသုံးပြုနေကြတာကြောင့် ရေတံခွန်မှာရေတွေမရှိတော့ဘဲ ခန်းခြောက်သွားရခြင်းဖြစ်ကြောင်း ရှင်းပြကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရေတံခွန်မှာ ရေတွေမရှိတော့တာက အမှန်ပါ။

မိမိတို့အဖွဲ့က တောကျယ်ရေတံခွန်ကနေ ပြန်ထွက်လာခဲ့ကြပြီး ရှေ့ခရီးကိုဆက်ဖို့သာ ကျန်ပါတော့တယ်။ ရေတံခွန်နဲ့ရှာင်မြို့က အလှမ်းမဝေးတော့တာကြောင့် မကြာခင်မှာ ရှာင်မြို့ကို ရောက်လာခဲ့ကြတယ်။ အချိန်က နေ့လယ်စာထမင်းစားကြဖို့ အနည်းငယ်စောနေပါသေးတယ်။ ဒါကြောင့် ရှာင်မြို့တွင်းကို ရောက်ရှိလာကြပြီဖြစ်ပေမဲ့ နေ့လယ်စာထမင်းမစားကြသေးဘဲ ဆက်လက်ခရီးနှင်လာခဲ့ကြတယ်။ ရှာင်မြို့ကတော့ အရင်လို သွားလာမြင်တွေ့နေရတဲ့အတိုင်း အေးအေးဆေးဆေး သာသာယာယာပါ။ ရှာင်မြို့ကိုကျော်လွန်လာပြီး မကြာခင်မှာ တောင်ဆင်း၊ တောင်တက်ခရီးလမ်းလဲဖြစ်၊ အဆင်းရှည်ရှည်၊ အတက်မတ်မတ် ခရီးကြမ်းလဲဖြစ်နေတာကြောင့် ကားကိုပိုမိုဂရုစိုက်ပြီး မောင်းနှင်နေရတယ်။ ဒါပေမဲ့ ရှာင်လမ်းပိုင်းက ကောင်းမွန်ချောမွေ့နေလို့ အဆင်ပြေနေတယ်။

ကောင်းမွန်ချောမွေ့တဲ့လမ်းအတိုင်း မောင်းလာရင်းနဲ့ မြို့ကြီးဆည်ကို ကျော်လွန်လာခဲ့ကြပါပြီ။ ဒီအချိန်မှာ နေ့လယ်စာ ထမင်းစားသောက်ကြဖို့အတွက် နေရာရွေးချယ်စီစဉ်ကြရတယ်။ ခရီးဖော်တွေအားလုံးကတော့ အလာခရီးစဉ်တုန်းက ကျောက်ဆည်မြို့ကို ဖြတ်သန်းရောက်ရှိခဲ့ခြင်းမရှိတာကြောင့် အခုအပြန်ခရီးမှာ ကျောက်ဆည်မြို့ကို ဝင်ပြီး နေ့လယ်စာထမင်းစားသောက်ကြရင်း လေ့လာကြည့်ရှုကြဖို့ စဉ်းစားတိုင်ပင် ဆုံးဖြတ်ထားလိုက်ကြတယ်။ ဒီလို တိုင်ပင်ဆုံးဖြတ်လိုက်ကြပြီး ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာတဲ့အခါ သံရွာဆိုတဲ့ ရွာကြီးတစ်ရွာကို ရောက်တာနဲ့ ရေပက်တာကိုခံကြရတော့တယ်။ နေ့ရက်အချိန်က သင်္ကြန်အတက်နေ့ဖြစ်နေလို့လဲ သံရွာတစ်ရွာလုံး နေရာတိုင်းမှာ ကလေးလူကြီးတွေအားလုံး ရေပက်ဆော့ကစားနေကြတာပါ။ ဒါပေမဲ့ သူတို့တစ်တွေ ဘယ်လောက်ပက်ပက် မိမိရဲ့ကားမှန်အတင်အချတွေကို အောင်ပန်းမြို့မှာ ပြင်ဆင်ခဲ့ပြီးပြီဖြစ်လို့ မှန်တွေကိုတင်ပြီး အေးအေးဆေးဆေး မောင်းနှင်လာခဲ့တာ မကြာခင်မှာ ကျောက်ဆည်မြို့ကို ရောက်လာခဲ့ကြတယ်။

ကျောက်ဆည်မြို့ကို ဝင်ရောက်လာတာနဲ့ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားခဲ့တဲ့ နေအိမ်တိုက်တာ အဆောက်အအုံတွေကို စိတ်မကောင်းစွာမြင်တွေ့ကြရတော့တယ်။ ဒီတော့မှ ကျောက်ဆည်မြို့က ငလျင်ဒဏ်ကို တော်တော်ခံလိုက်ရတယ်ဆိုတာကို သိမြင်လိုက်ကြရတယ်။ ကျောက်ဆည်မြို့မှာ ပြိုကျပျက်စီးနေတဲ့ အဆောက်အအုံတွေက အများအပြားပါ။ သက်ဆိုင်ရာကာယကံရှင် မိသားစုဝင်တွေအတွက် ထပ်တူထပ်မျှ ဝမ်းနည်းစိတ်မကောင်းဖြစ်ရသလို နေ့လယ်စာထမင်းစားချင်စိတ်တွေတောင် ပျောက်ကွယ်သွားကြရပါတယ်။ ဒါကြောင့် ကျောက်ဆည်မြို့မှာ ထမင်းမစားကြတော့ဘဲ ရှေ့ခရီးတစ်နေရာရာကို ရောက်မှ ထမင်းစားကြဖို့ ပြင်ဆင်ဆုံးဖြတ်လိုက်ကြတယ်။ ဒီလိုနဲ့စက်ကွေ့ရွာကို ရောက်တော့မှ နာမည်ကြီး မုန့်တီဆိုင်မှာ မုန့်တီတစ်ပွဲစီမှာယူစားသောက်ခဲ့ကြပြီး ပြင်ဦးလွင်ကို ဆက်လက်ခရီးနှင်လာခဲ့ကြတာ နာရီပိုင်းလေးအတွင်း ဇာတိမြို့ရှိရာကို ပြန်လည် ရောက်ရှိလာခဲ့ကြပါတယ်။

အခုသွားရောက်ခဲ့တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်ကို ခရီးဖော်တွေအားလုံး သဘောကျနှစ်သက်ခဲ့ကြသလို ခရီးစဉ်တစ်လျှောက်လုံးမှာလဲ အေးအေးဆေးဆေးသာသာယာယာ ဖြစ်ခဲ့ကြရပါတယ်။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးစဉ်တစ်ခုကို ဆက်လက်သွားရောက်လိုက်ပါအုံးမယ်။

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၉၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၉၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၁၁ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၈၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၃၂၁၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၉၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု ပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေပါတယ်" ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် ရွှေကျုံကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၄**


ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ရေဆင်းကျေးရွာအုပ်စု ရွှေကျုံကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရွှေကျုံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေကျုံကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်း၊ အရှည် ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၂၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅၂ သန်း အသုံးပြု၍ Y2T ကုမ္ပဏီက ယခုနှစ် ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နေဒ်လူး**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# သံတောင်ကြီးမြို့နယ် အလယ်ချောင်းအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံတောင်ကြီး ဩဂုတ် ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချောင်းအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အလယ်ချောင်းအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အလယ်ချောင်းအောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ကိတ်ဗာဒီနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးရွာသွန်းကာ ရေကြီးမှုကြောင့် လူကိုးဦးထက်မနည်း သေဆုံးခဲ့



ပရဲယား ဩဂုတ် ၁၄

ကိတ်ဗာဒီနိုင်ငံတွင် ဩဂုတ် ၁၁ ရက်က အပူပိုင်းမုန်တိုင်း Erin ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဩဂုတ် ၁၂ ရက်တွင်မိုးရွာသွန်းကာ ရေကြီးမှုကြောင့် Sao Vicente နှင့် Santo Antao ကျွန်းများတွင် နေထိုင်သူ ဒေသခံ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရပ်ဘက်ကာကွယ်ရေးကောင်စီဝင်တစ်ဦးက ဩဂုတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ရေကြီးမှုကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံတွင်းသဘာဝဘေး အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း၊ လူတချို့ ပျောက်ဆုံးနေဆဲဖြစ်သောကြောင့် သေဆုံးသူဦးရေ ထပ်မံ မြင့်တက်လာနိုင်ကြောင်း ပြည်ထဲရေးအုပ်ချုပ်ရေးဝန်ကြီး ပေါ်ရိုရိုချာက ပြောကြားခဲ့သည်။

"လမ်း၊ တံတားနဲ့ အခြား အခြေခံအဆောက်အအုံတွေ ပျက်စီးမှု၊ ရာသီဥတုဆိုးရွားမှုတွေကြောင့် သွားလာရေးခက်ခဲနေပါတယ်။ ဒေသခံပြည်သူတွေကို ကူညီဆောင်ရွက်ပေးဖို့ နိုင်ငံတော်အရေးပေါ်ရန်ပုံငွေကို စတင်အသုံးပြုနိုင်စေရေး အစိုးရက အရေးပေါ်အခြေအနေ ကြေညာထားတာဖြစ်ပါတယ်"ဟု ပြည်ထဲရေးအုပ်ချုပ်ရေးဝန်ကြီး ပေါ်ရိုရိုချာက ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏အစီရင်ခံစာအရ သေဆုံးသူကိုးဦးရှိပြီး လူပေါင်း ၁၅၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်း Erin တိုက်ခတ်စဉ် အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၄၅ မိုင်ရှိကြောင်း၊ မုန်တိုင်းကြောင့် Sao Vicente နှင့် Santo Antao ကျွန်းများတွင် မိုးရေချိန် ၁၉၃ မီလီမီတာထိ ရောက်ရှိခဲ့ကာ ရေကြီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ကိတ်ဗာဒီနိုင်ငံ မိုးလေဝသဌာန၏ အမှုဆောင်အရာရှိ အီစတာဘာရီတိုက ပြောကြားခဲ့သည်။

Sao Vicente နှင့် Santo Antao ကျွန်းများတွင် ရေကြီးမှုကြောင့်သယ်ယူပို့ဆောင်ရေးအခက်အခဲများ၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး လက်ရှိတွင် ကယ်ဆယ်ရေးနှင့်ရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေသော်လည်း ကျွန်းများ၏ မူလအခြေအနေကို ပြန်လည်ရောက်ရှိရန် အချိန်ယူရမည်ဖြစ်ကြောင်း ကျွန်းအာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# လစ်သူရေးနီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိုက်ပျိုးရေးကဏ္ဍကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

ဗေးလ်နီးယပ်စ် ဩဂုတ် ၁၄

လစ်သူရေးနီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း လစ်သူရေးနီးယားအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လစ်သူရေးနီးယားနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အလေးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်ရှိကာလတွင် စိုက်ပျိုးထားသော သီးနှံများကိုရိတ်သိမ်းရမည့်ကာလတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံများကို ရိတ်သိမ်းရန်အခက်အခဲများရှိလာခဲ့ပြီး တောင်သူများကို အကူအညီပေးနိုင်ရေးအတွက် အရေးပေါ်အဆင့် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နယ်မြေဒေသပေါင်း ၁၃ နေရာကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး ဂျုံနှင့် အခြားသောကောက်ပဲသီးနှံများကို ရိတ်သိမ်းနိုင်ရေးအတွက် အစိုးရအဖွဲ့က တောင်သူများကိုကူညီပေးမည်ဖြစ်ကြောင်း လစ်သူရေးနီးယားအစိုးရက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းနေတဲ့အတွက် တောင်သူတွေ ကောက်ပဲသီးနှံရိတ်သိမ်းဖို့ တော်တော်ကို ခက်ခဲနေပါတယ်။ ဂျုံအပါအဝင် အာလူးနဲ့ အခြားသီးနှံတွေကိုရိတ်သိမ်းသွားဖို့ ပြင်ဆင်နေတဲ့ကာလမှာ အခုလိုမိုးသည်းထန်စွာရွာသွန်းလာတာဟာ တောင်သူတွေအတွက် တကယ့်ကိုအခက်တွေ့စေပါတယ်။ ဒါကြောင့် နိုင်ငံတော်အဆင့် စိုက်ပျိုးရေးကဏ္ဍအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်တာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်တဲ့အတွက်ကောက်ပဲသီးနှံတွေ ရိတ်သိမ်းသွားဖို့ အစိုးရအနေနဲ့ တောင်သူတွေကို ကူညီပေးသွားမှာလဲ ဖြစ်ပါတယ်" ဟု လစ်သူရေးနီးယားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူပါလီယန်နစ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံမြောက်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့်တောမီးမှာ အန္တရာယ်ရှိသည့် တောမီးလောင်ကျွမ်းမှုဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်

မက်ဒရစ် ဩဂုတ် ၁၄

စပိန်နိုင်ငံ မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လောင်ကျွမ်းနေသည့် တောမီးမှာ အန္တရာယ်ရှိသည့် တောမီး လောင်ကျွမ်းမှုဖြစ်ကြောင်း စပိန်မီးသတ်တပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။



တောမီးသည် UNESCO စာရင်းဝင် သစ်တောဥယျာဉ်များကိုပါ ကူးစက်လောင်ကျွမ်းနေသကဲ့သို့ အခြေခံအဆောက်အအုံနှင့် လူနေအိမ်တချို့ဆီသို့ ကူးစက်လောင်ကျွမ်းနေသည့်အတွက် အန္တရာယ်ရှိသည့် တောမီးလောင်ကျွမ်းမှုအဖြစ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ လိုအပ်လာပါက အရေးပေါ်ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း မီးသတ်တပ်ဖွဲ့က ဒေသခံဦးရေ ၈၀၀ ကျော်ကို သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့် ဒေသမှာ ကွန်ဂိုစတာမြို့ဖြစ်ကြောင်း သိရသည်။

"တောမီး လောင်ကျွမ်းမှုက သမိုင်းဝင်သစ်တောဥယျာဉ်တွေဆီကို ကူးစက်လောင်ကျွမ်းနေသလို လူနေအိမ်ခြေ တချို့ဆီကိုလဲ ကူးစက်လောင်ကျွမ်းနေပြီဖြစ်ပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်နေတဲ့တောမီးကိုထိန်းချုပ်နိုင်ဖို့ အကောင်းဆုံးကြိုးစားနေပါတယ်"ဟု စပိန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျူအန်ကားလို့စ်က ပြောကြားခဲ့သည်။

Ref : Sputnik Today
Trs : Sai Sat

# ဟန်ဂေရီနိုင်ငံ၌ အမြင့်ဆုံးအပူချိန် သတိပေးချက် မိုးလေဝသဌာနထုတ်ပြန်ထား

ဘူဒါပက် ဩဂုတ် ၁၄

ဟန်ဂေရီနိုင်ငံတစ်ဝန်းတွင် ဩဂုတ် ၁၃ ရက်က အမြင့်ဆုံးအပူချိန်သတိပေးချက် ထုတ်ပြန်ထားကြောင်း နိုင်ငံလုံးဆိုင်ရာ မိုးလေဝသဌာန HungaroMet ၏ ယနေ့ခန့်မှန်းချက်များအရ သိရသည်။

ဟန်ဂေရီနိုင်ငံ တစ်ဝန်း၏ နေရာအတော်များများတွင် နေ့စဉ်ပျမ်းမျှအပူချိန်သည် ၂၇ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သွားဖွယ်ရှိကြောင်း၊ ထို့ကြောင့် အမြင့်ဆုံးအပူချိန်သတိပေးချက် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

လာမည့်ရက်များတွင် အပူချိန်သည် ယခုထက် ပို၍မြင့်မားနိုင်သဖြင့် ကျန်းမာရေးအခြေအနေကောင်းမွန်သူများ၊ ရောဂါအခံရှိသူများ၌ အပူနှင့်ဆက်စပ်သည့်ကျန်းမာရေးပြဿနာများဖြစ်စေနိုင်ကြောင်း ကျန်းမာရေး ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့သည်။

ဟန်ဂေရီနိုင်ငံတစ်ဝန်း အပူချိန် မြင့်မားနေခြင်းကြောင့် လေအေးပေးစက်များ၊ ရေပန်းများဖွင့်ပေးကာ အပူချိန်ကိုလျှော့ချနိုင်ရေး ဆောင်ရွက်ထားကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးကို မီးဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ယခုနှစ်အတွင်း ဟန်ဂေရီနိုင်ငံတွင် အပူချိန်ပြင်းထန်သောကြောင့် မီးလောင်မှုပေါင်း ၈၀၀၆ မှုဖြစ်ပွားခဲ့ပြီး လူ ၅၅ ဦး ဒဏ်ရာရရှိခဲ့ကာ နိုင်ငံ၏ဧရိယာမြေစုစုပေါင်း စတုရန်းမီတာ ၉၃ သန်းခန့် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အပူချိန်မြင့်မားနေချိန် ရေဓာတ်ပြည့်ဝနေရန်အတွက် ရေများများ သောက်ပေးရန်လိုအပ်ပြီး၊ အရက်၊ ကဖိန်းဓာတ်၊ သကြားဓာတ်များသော အချိုရည်များကို ရှောင်ကြဉ်ရန်နှင့် နေ့၏အပူဆုံးနာရီများအတွင်း ပြင်ပလှုပ်ရှားမှုများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန် ဟန်ဂေရီနိုင်ငံ တာဝန်ရှိသူများက ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပိုဒူလ်တိုင်ဖွန်းမုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေသဖြင့် တရုတ်(တိုင်ပေ) တောင်ဘက်ပိုင်းဆိပ်ကမ်းများကို ယာယီပိတ်ထား

တိုင်ပေ ဩဂုတ် ၁၄

တရုတ်(တိုင်ပေ)တောင်ဘက်ပိုင်းတွင် လာမည့်ရက်ပိုင်းအတွင်းပိုဒူလ်ဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေသဖြင့် ဆိပ်ကမ်းများကို ယာယီပိတ်ထားကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများတွင်ဖော်ပြထားသည်။

ပိုဒူလ်တိုင်ဖွန်းမုန်တိုင်းအန္တရာယ်ကို ဘေးကင်းစွာရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ရန် လေကြောင်းခရီးစဉ်များကိုလည်း ယာယီပိတ်ထားကြောင်း၊ ပိုဒူလ်တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်လာမည့် ရှေ့ပြေးလက္ခဏာအနေဖြင့် လေပြင်း တိုက်ခတ်နေသကဲ့သို့ မိုးရွာသွန်းမှုများလည်း ဖြစ်ပေါ်နေပြီး လေတိုက်နှုန်းမှာ တစ်နာရီ ၁၉၁ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နေကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပိုဒူလ်တိုင်ဖွန်း မုန်တိုင်း ဝင်ရောက်လာနိုင်တဲ့အတွက် မုန်တိုင်းဗဟိုပြုတိုက်ခတ်မဲ့ တောင်ဘက်ပိုင်းဒေသတွေမှာ ဆိပ်ကမ်းတွေကို ယာယီပိတ်ထားသလို လေကြောင်း ခရီးစဉ်တွေကိုလဲ ယာယီဆိုင်းငံ့ထားပါတယ်။ မုန်တိုင်းဝင်ရောက်လာမဲ့ ရှေ့ပြေးလက္ခဏာတွေတော့ စတင်ဖြစ်ပေါ်နေပါပြီ။ လေတိုက်နှုန်းတွေကတော့ တစ်နာရီ ၁၉၁ ကီလိုမီတာနှုန်းဖြစ်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းမှုတွေလဲဖြစ်ပေါ်နေပါတယ်။ မုန်တိုင်း သတိပေးချက်တွေကိုလဲ Mobile Phone တွေကနေတစ်ဆင့် ပေးပို့ထားပြီးဖြစ်ပါတယ်"ဟု တရုတ်(တိုင်ပေ)မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Xinhua News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စနေနေ့ညကစားမဲ့ ဥရောပပြိုင်ပွဲအဖွင့်ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုကောင်းတဲ့ အေဗီလာအသင်း၊ မန်စီးတီးအသင်း၊ မိုနာကိုအသင်းတို့ကိုရွေးရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာတော့ ၂၀၂၅-၂၀၂၆ ဥရောပဘောလုံးရာသီ အဖွင့်ပွဲစဉ်တွေကစားမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ လာမဲ့ စနေနေ့ညမှာတော့ ဥရောပထိပ်သီးလိဂ်ငါးခုထဲက ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူး၊ လာလီဂါပွဲစဉ်တွေသာ စတင်သွားမှာဖြစ်ပြီး လာမဲ့ရက် သတ္တပတ်မှသာ လိဂ်ငါးခုစလုံးကစားသွားမှာကို တွေ့ရမှာပါ။ လက်ရှိ အပြောင်းအရွှေ့ကာလမှာတော့ ပရီးမီးယားလိဂ်ကလပ်အသင်းတွေက အခြားလိဂ်တွေထက် ကစားသမားခေါ်ယူမှု အများအပြားပြုလုပ်ထားပြီး ရာသီသစ်အတွက်ကြိုတင်ပြင်ဆင်နေတာဖြစ်ပါတယ်။ ဥရောပ ကလပ်အသင်းအများစုဟာ ရာသီသစ်မစတင်ခင်မှာ ရာသီကြိုခြေစမ်းပွဲတွေကစားပြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတာကြောင့် အဲဒီထဲက ခြေစွမ်းပြကစားသမားခေါ်ယူမှုနဲ့ ပုံစံကောင်းဆက်လက် ထိန်းသိမ်းထားနိုင်တဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

**အေဗီလာအသင်းကို ရွေးရမှာပါ**

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာ ကတော့ အေဗီလာအသင်းနဲ့နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အမှတ်ပေးဇယား အဆင့်(၆) မှာရပ်တည်နိုင်ခဲ့တာကြောင့် ယူရိုပါလိဂ် ပြိုင်ပွဲကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ လက်ရှိ အပြောင်းအရွှေ့မှာ အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်း နိုင်ခဲ့သလို ယူရိုပါလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့အတွက် နိုက်အသင်း ကွင်းလယ်တိုက်စစ်မှူး ဂတ်စ်ဆန်းကို ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲရှစ်ပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်ကစားပုံတိုးတက် လာတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့သလို ရိုးမားအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့တဲ့ ပွဲမှာ လေးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရတဲ့ထိ ခြေစွမ်းပိုင်းကောင်းခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် အေဗီလာအသင်းဟာ နယူးကာဆယ်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရတဲ့ နောက်ဆုံးပွဲမှာလဲ လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့်(၅) နေရာနဲ့ အဆုံးသတ်ခဲ့တာကြောင့် ချန်ပီယံလိဂ်ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရာသီအစနဲ့ ရာသီပိတ်ပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် ရခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိမှာတော့ တိုက်စစ်ပိုင်းက ဝယ်လ်ဆင်ကို လက်လွှတ်ခဲ့ရသလို အဓိကတိုက်စစ်မှူး အစ်ဆက်ခ်ကိုလဲ ဆက်လက် ထိန်းသိမ်းနိုင်ဖို့ ခက်ခဲနေတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ပိုင်း အားနည်းချက်ရှိလာဖို့များပါတယ်။ ဒ့ါပြင် တိုက်စစ်ပိုင်းက ဝီလော့၊ ဂေါ်ဒန်တို့လဲ ပါဝင်ကစားနိုင်ဖို့ မသေချာသေးတာကြောင့် အခုပွဲစဉ်ဟာ နယူးကာဆယ်အတွက် ဖိအားများနေတာကို တွေ့ရမှာပါ။ အခုအပြောင်း အရွှေ့မှာတော့ တောင်ပံတိုက်စစ်က အယ်လန်ဂါ၊ ဂိုးသမား ရမ်ဒေး၊ ဗဟိုခံစစ်က မာလစ်သီယာတို့ကို ခေါ်ယူအားဖြည့်ထားပေမဲ့ ရာသီကြို ခြေစမ်းပွဲခြောက်ပွဲကစားခဲ့ရာမှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို သတိပြုရ မှာပါ။ ဒါကြောင့် ဘော့မန်း၊ လက်ဆဲလ်လက်စ်တို့ ဦးဆောင်နေတဲ့ ဗဟိုခံစစ်ပိုင်းအားနည်းချက်ကို နည်းပြဟိုဝီက အချိန်မီဖြည့်ဆည်းခဲ့ တာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ သူတို့နှစ်သင်းရဲ့ ကစားကွက်ပိုင်း ကိုကြည့်ရင် အေဗီလာအသင်းက နယူးကာဆယ်ထက် ပိုကောင်းနေတာ ကို တွေ့ရမှာဖြစ်ပြီး ရာသီအစအဖွင့်ပွဲစဉ်တွေမှာ အေဗီလာအသင်းက အိမ်ကွင်းကစားပုံပိုကောင်းတဲ့ အစဉ်အလာတွေရှိတာကြောင့် အေဗီလာအသင်းကိုပဲ ရွေးရမှာပါ။

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စိန့်လူးဝစ် | ၁ | - | ၂ | အေဗီလာ |
| နက်ရှ်ဗီလီ | ၂ | - | ၂ | အေဗီလာ |
| အေဗီလာ | ၄ | - | ၀ | ရိုးမား |
| မာဆေး | ၃ | - | ၁ | အေဗီလာ |
| ဗီလာရီးရဲလ် | ၀ | - | ၂ | အေဗီလာ |

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၃ | - | ၂ | နယူးကာဆယ် |
| ကေလိဂ်အောစတား | ၁ | - | ၀ | နယူးကာဆယ် |
| စပါး | ၁ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၂ | အက်စ်ပန်ညို |
| နယူးကာဆယ် | ၀ | - | ၂ | အေတီကို |

**မန်စီးတီးအသင်း ရလဒ်ကောင်းမှာပါ**

ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့တာက တော့ ဝုဗ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်း ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အဆင့်(၁၆) နဲ့ အဆုံးသတ်ခဲ့တာကြောင့် တန်းဆင်းဇုန်က လွတ်မြောက်ခဲ့ပေမဲ့ အဲဒီအချိန်က အသင်းတိုက်စစ်မှူး ကွန်ဟာရဲ့ ခြေစွမ်းပြကစားနိုင်မှုတွေက ရလဒ်ပိုင်းကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိမှာတော့ ကွန်ဟာအနေနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့တာကြောင့် တိုက်စစ်ပိုင်းအားနည်းချက်ရှိလာမှာ သေချာပါ တယ်။ ဒ့ါပြင် ဆီမီဒို၊ ဒေါ်ဆန်၊ အိတ်နူရီတို့လို ခံစစ်ကစားသမားတွေကိုလဲ ဆုံးရှုံးခဲ့တာကြောင့် အခုပွဲစဉ်မှာ ရှန်းကန်ရဖို့များမှာပါ။ အသင်းအနေနဲ့ တိုက်စစ်ကစားသမားသုံးဦးနဲ့ ခံစစ်ကစားသမားတစ်ဦးဖြည့်တင်းခဲ့ ပေမဲ့ ပရီးမီးယားလိဂ်နဲ့အသားကျဖို့ အချိန်ပေးရအုံးမှာပါ။ ရာသီကြို ခြေစမ်းပွဲလေးပွဲမှာလဲ သုံးပွဲရှုံး၊ တစ်ပွဲသရေနဲ့နိုင်ပွဲပျောက်ဆုံးနေတာ ဖြစ်လို့မန်စီးတီးအသင်းကို ပွဲချိန်ပြည့်တားဆီးဖို့ ခက်ခဲမှာဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဖလားလက်မဲ့ရာသီနဲ့ ကြုံတွေ့ခဲ့တာကြောင့် အခုရာသီမှာ အောင်မြင်မှု ရဖို့ ကစားသမားဖြည့်တင်းမှုတွေဆက်တိုက်ပြုလုပ်နေတာကို တွေ့ရ မှာပါ။ ပြီးခဲ့တဲ့ရာသီမှာ သူတို့အသင်းက ခံစစ်ပိုင်းနဲ့ ကွင်းလယ်က ကစားသမားအများစု ဒဏ်ရာရသွားချိန်မှာ ရလဒ်ပိုင်းဆိုးရွားခဲ့ပြီး ပြိုင်ပွဲစုံမှ ရှန်းကန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ နည်းပြ ဂွါဒီယို လာဟာ ခံစစ်က အိတ်နူရီ၊ ကွင်းလယ်ခံစစ်မှာ ရိုင်းဒါးစ်၊ တိုက်စစ်မှာ ချာကီ၊ ဂိုးသမား ထရက်ဖို့ဒ်၊ ကွင်းလယ်ကစားသမား နိုင်ပန်တို့ကို ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် မန်စီးတီးဟာ ဝုဗ်အသင်းနဲ့ ယှဉ်ရင်ကစားသမားအင်အားတောင့်တင်းနေသလို ကစားကွက်ပိုင်းလဲ ထက်မြက်နေတာကို သတိပြုရမှာပါ။ ရာသီကြိုခြေစမ်းပွဲမှာလဲ ပါလာမို ကို သုံးဂိုးပြတ်နိုင်ပွဲရထားပြီး ဟာလန်းနဲ့ အသစ်ခေါ်ယူထားတဲ့ ရိုင်းဒါးစ် တို့ ခြေစွမ်းပြဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် မန်စီးတီးအသင်း ဟာ နည်းပြ ဂွါဒီယိုလာလက်ထက်မှာ ရာသီအဖွင့်ပွဲစဉ်တွေမှာ ရှုံးပွဲကြုံ တွေ့ခဲ့ဖူးခြင်းမရှိတာကြောင့် အခုပွဲစဉ်မှာ အဘက်ဘက်က အသာရနေ တဲ့ မန်စီးတီးအသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| စတုတ် | ၁ | - | ၁ | ဝုဗ် |
| ဝုဗ် | ၁ | - | ၃ | လန်းစ် |
| ဂျီရိုနာ | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၀ | - | ၁ | ဆဲလ်တာဗီဂို |

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၀ | ဝိုင်ဒက် |
| မန်စီးတီး | ၆ | - | ၀ | အယ်အိန်း |
| ဂျူဗင်တပ် | ၂ | - | ၅ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၄ | အယ်ဟိုင်လာ |
| ပါလာမို | ၀ | - | ၃ | မန်စီးတီး |

**မိုနာကိုအသင်း နိုင်ပွဲရမှာပါ**

စနေနေ့ညကစားမဲ့ ပြင်သစ်လီဂူးအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာ ကတော့ မိုနာကိုအသင်းနဲ့ လီဟာဗေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ ပြီးခဲ့တဲ့ရာသီမှာ အဆင့်(၃) နေရာနဲ့ ပြီးဆုံးခဲ့တာ ကြောင့် အခုရာသီမှာ ချန်ပီယံလိဂ်ကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အပြောင်းအရွှေ့ကာလမှာလဲ အဲရစ်ဒိုင်ယာ၊ ပေါ့ဘာ၊ အန်ဆုဖာတီတို့လို ကစားသမားကောင်းတွေ ခေါ်ယူအားဖြည့်ခဲ့တာ ကြောင့် ကစားပုံတိုးတက်လာတာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲစဉ် တွေမှာလဲ နောက်ဆုံးကစားခဲ့တဲ့ အင်တာမီလန်နဲ့ ပွဲမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကလွဲရင် ကျန်ပွဲစဉ်ခုနစ်ပွဲစလုံး ရှုံးပွဲမရှိခဲ့တာကို သတိပြုရမှာ ပါ။ လက်ရှိတိုက်စစ်ပိုင်းမှာ အမ်ဘိုလို၊ ဘာလိုဂန်၊ ဖာတီ၊ မီနာမီနို၊ ကွင်းလယ်မှာ ဂိုလိုဗင်၊ ပေါ့ဘာ၊ ကာမာရာ၊ ဇာကာရီးယားတို့လို ကစား သမားကောင်းတွေ ပိုင်ဆိုင်ထားတာကြောင့် လီဟာဗေးလို စုဖွဲ့မှု အားနည်းတဲ့အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ ပြီးခဲ့တဲ့ရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာလဲ နှစ်ကြိမ်စလုံးရှုံးပွဲမရှိခဲ့သလို ထိပ်တိုက်တွေ့ဆုံမှုခုနစ်ကြိမ်မှာလဲ မိုနာကိုက သုံးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အသာရထားတာကို တွေ့ရမှာပါ။

လီဟာဗေးအသင်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ လီဂူးပြိုင်ပွဲကို တန်းတက်ခွင့်ရခဲ့ပြီးနောက်ပိုင်း ထိပ်သီးပြိုင်ပွဲမှာ ဆက်လက်ကစားခွင့် ရနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလဲ တန်းဆင်းရဖို့ ရှန်းကန်ခဲ့ရပေမဲ့ ရာသီပိတ်သိမ်းခါနီးမှာ ရလဒ်ကောင်းရယူနိုင်ခဲ့လို့ အဆင့်(၁၅) နဲ့ လီဂူးပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲစဉ်တွေမှာတော့ လီမန်းအသင်း၊ ဘရက်စ်အသင်း၊ ပဲရစ်အသင်းတို့နဲ့ ကစားခဲ့ပေမဲ့ နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းကပွဲတိုင်း ပေးဂိုးရှိခဲ့တာကို ကြည့်ရင်သူတို့အသင်းစုဖွဲ့မှု ပိုင်းအားနည်းနေတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြ ဒီဂါ့တ်ကတော့ ပြိုင်ဘက်အသင်းရဲ့ ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲ ကစားခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီမှာပြိုင်ဘက်တွေကို ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ လက်ရှိ ရာသီကြိုပွဲစဉ်တွေမှာတော့ တိုက်စစ်ကစားပုံပါကျဆင်းသွားတာ ကြောင့် မိုနာကိုအသင်းကို ပွဲချိန်ပြည့်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ အကျောပေးမှုကလဲ မိုနာကိုက တစ်ဂိုးသွင်းနိုင်ရင်တောင် အပြည့်နီးပါး ဆုံးရှုံးရတဲ့ အခြေအနေမှာ အနည်းဆုံးတစ်ဂိုးသွင်းယူနိုင်မှာဖြစ်ပြီး အိမ်ရှင်အသင်းရဲ့ သွင်းဂိုးတွေကိုသာ ရေတွက်ရမဲ့ ပွဲစဉ်ဖြစ်နေတာ ကြောင့် မိုနာကိုအသင်းပဲ အနိုင်ရမှာပါ။

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလီဖီးလ် | ၀ | - | ၃ | မိုနာကို |
| တိုရီနို | ၁ | - | ၃ | မိုနာကို |
| တိုရီနို | ၁ | - | ၃ | မိုနာကို |
| အေဂျက် | ၂ | - | ၂ | မိုနာကို |
| မိုနာကို | ၁ | - | ၂ | အင်တာမီလန် |

**လီဟာဗေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဟာဗေး | ၁ | - | ၃ | မာဆေး |
| စထရာဘော့ | ၂ | - | ၃ | လီဟာဗေး |
| လီဟာဗေး | ၀ | - | ၂ | လီမန်း |
| ဘရက် | ၁ | - | ၀ | လီဟာဗေး |
| ပဲရစ် | ၁ | - | ၁ | လီဟာဗေး |

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၂၀၄ ကေထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌စပါးကေ ၄၉၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ်ဇွန်လပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၁၁၂၁ ကေ၊ တမူးမြို့နယ်တွင် ၉၆၃၃ ကေနှင့် ခါမ်းပါတ်မြို့နယ်တွင် ကေ၂၀၄၅၀ စုစုပေါင်း ၃၁၂၀၄ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးကေ ၄၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးသွားမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၁၂၈၀၀၊ တမူးမြို့နယ်တွင် ကေ ၁၅၅၈၀ နှင့် ခါမ်းပါတ်မြို့နယ်တွင် ကေ၂၁၀၄၀ စုစုပေါင်း ကေ ၄၉၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်ကပြောပြ၍ သိရသည်။

(၂၀၆)

# လေးမျက်နှာမြို့နယ် ထိန်ပင်လဟာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**လေးမျက်နှာ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ထိန်ပင်လဟာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လေးမျက်နှာမြို့နယ် ထိန်ပင်လဟာကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**






ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို

ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။




STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ မဂီတာ (ဘ) ဦးရက်(စ်)လားလ်(၉/မကန(နိုင်)၀၉၈၂၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-677633164

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Bravo! Private High School၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေလင်း၏သမီး မသွန်းရတီနေလင်းအား မသွန်းရတီလင်းဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ မသွန်းရတီလင်း

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(၄)ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ရဲလေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်လင်း (ခ) မောင်မောင်လင်း ဖြစ်ပါကြောင်း။

ဦးမောင်လင်း (ခ) မောင်မောင်လင်း
(၉/ကဆန(နိုင်)၀၅၁၉၀၇)

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(၄)ကျောင်း၊ Grade-12 တန်းမှ မရတနာဦးနှင့် မူလွန်-ချောင်းဆုံကျောင်း၊ Grade-7 တန်းမှ မောင်သိန်းဝင်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းရွှေဖြစ်ပါကြောင်း။

ဦးဝင်းရွှေ(၉/ကဆန(နိုင်)၁၁၄၂၅၂)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၄ လမ်း၊ ၄၂ x ၄၃ လမ်းကြားနေ ဦးအိုဟန်၏သမီး မနိုးနိုး (ခ) မနန်းထက်မြတ်နိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ မနိုးနိုး (ခ) မနန်းထက်မြတ်နိုး
(၉/မဟမ(နိုင်)၀၉၄၀၃၁)

## ပျောက်ဆုံးကြောင်း

ဟိုပန်မြို့၊ ပန်ကောက်(တရုတ်)ရွာနေ ကိုင်လင် (ဘ) ဦးလောက်စီ(၁၃/ဟမတ(နိုင်)၀၁၆၇၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-787400317

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၆၄ လမ်း၊ ၁၆ လမ်း၊ အကွက်(၉)နေ ဦးရဲလင်းထက် (ဘ) ဦးကျော်ငွေး(၉/အမဇ(နိုင်)၀၃၉၄၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-798243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-798882267

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ- - - စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်


ဆောင်းပါး စာမျက်နှာ- ၁၈

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် စာမျက်နှာ ၂၂ ကော်လံ ၁ ❑

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၄ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




## မန္တလေးသို့ သယ်ဆောင်မည့် ငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့နယ်၌ ဖမ်းဆီးရမိ




ဖြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာအုပ်စု ကင်းကျေးရွာအနီး၌ ပီနံအိတ်များတင်ဆောင်နေသည့် မော်တော်ယာဉ်နှစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဩဂုတ် ၇ ရက် နံနက် ၆ နာရီခွဲခန့်တွင် သတင်းအရ စစ်ဆေးစဉ် မန္တလေးသို့ သယ်ဆောင်ကြမည့် ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံ)ရှိ ဘိန်းဖြူပါဆပ်ပြာခွက်များကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကင်းကျေးရွာအနီး၌ တင်မိုး မောင်းနှင်သည့် BGO-11 9P-xxxxMAZDA BONGO ယာဉ်နှင့် ရာဇာထွန်း မောင်းနှင်သည့်SGG-20 8K-xxxx I ZONE ယာဉ် နှစ်စီးပေါ်သို့ ဘိန်းဖြူပါဆပ်ပြာခွက်များ ထုပ်ပိုးထားသည့် ပီနံအိတ်များတင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၁၇၁ ဒသမ ၆ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၉ ဘီလီယံ)ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ပြီး တာဝန်ခံသယ်ဆောင်လာသူ တံတားဦးမြို့နယ်နေ ကျော်လွင်ဦးနှင့် မော်တော်ယာဉ်များပေါ်သို့ စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar